# Mobile GuidE

Vol 3. Issue 70
14 September 2016
INFORMATION LIFESTYLE JOURNAL




စမတ်ဖုန်းကင်မရာ
စွမ်းရည်ကို မြှင့်တင်ပေးနိုင်မည့်
အပိုထပ်ဆောင်းနည်းပညာများ 12

Sony က
PlayStation 4 Pro နဲ့
ပါးလွှာတဲ့ PS4 အသစ်
၂လုံးကို မိတ်ဆက် 35

Facebook နှင့်
Ad blockers တို့
တိုက်ပွဲဝင် 23

INTERVIEW

**Galaxy Note 7** တွေ
ပြန်လည်သိမ်းယူတာနဲ့
ပတ်သက်၍
ဆမ်ဆောင်းမြန်မာမှ
**Head of IM Channel**
ကိုဇာနည်ဝင်းထက်နှင့်
တွေ့ဆုံခြင်း N2

**Highlight+**
APPLE WATCH 2

**MG WEEK Apple Special**

**Event This is 7**

MODEL : YOON, PHOTO & DESIGN : PYAE MINN ZAW, MAKE UP : SOE MOE AUNG (KO MAR), ACCESSORIES : STRONG SOURCE CO.,LTD


Awaken the intelligence
designer water
09 5178737 www.facebook.com/designerwatercgm
A quality product from CGM Group




www.facebook.com/OfficialGioneeMyanmar www.instagram.com/gioneemyanmar website: global.gionee.com
Hot Line: 09 31389999 Service Center: 09 792677899



မျက်စိညောင်းခြင်း
မျက်ကြောတင်းခြင်း
မျက်စိကျိန်းခြင်း
အမြင်မှုန်ဝါးခြင်း
မျက်စိခြောက်သွေ့ခြင်း
မျက်ရည်ပူကျခြင်းများအတွက်...
အိုင်းကဲ
ပြတ်သားကြည်လင်တဲ့
အမြင်
တွေကိုပိုင်ဆိုင်စေဖို့
iiCARE
Lutein & Bilberry Extract
မနက်တစ်လုံး ညတစ်လုံး (သို့)
ဆရာဝန်ညွှန်ကြားသည့်အတိုင်း
အစာစားပြီးသောက်ရန်
Bilberry သီး၊ လူတင်း၊ ဘီတာကယ်ရိုတင်းတို့ ပေါင်းစပ်ပါဝင်တဲ့ သဘာဝမျက်စိအားဆေး ဖြစ်ပါတယ်။
MEGA
We care
Human Wellness




• Motor Cycle (5pcs) • Notebook (5pcs) • Tablet (10 pcs) • Refrigerator ( 10 pcs)
• Rice Cooker (50 pcs) • Hotplate (50pcs) • 100,000/-ks(10 pcs)
Lenovo
1 YEAR BIG SALE
18 Aug ~ 30 Sept 2016
ဆိုင်ကယ် (၅)စီး
ရေခဲသေတ္တာ (၁၀)ခု
(၅)ဆု
(၁၀)ဆု
Lenovo Smartphone များဝယ်ယူရင်း အထူးလျှော့ဈေးများနှင့်
အဖိုးတန်ကံစမ်းမဲလက်ဆောင်များ ရယူလိုက်ပါ။
99,000/-ks
79,000/-ks
save : 20,000/-ks
A2010
• 4.5"
• 1.0GHz Q-Core
• 1G + 8G
159,000/-ks
139,000/-ks
save : 20,000/-ks
A6000 Plus
• 5.0"
• 1.2GHz Q-Core
• 1G + 16G
289,000/-ks
249,000/-ks
save : 40,000/-ks
Vibe P1
• 5.5"
• 1.5GHz O-Core
• 2G + 32G
299,000/-ks
259,000/-ks
save : 40,000/-ks
Vibe S1
• 5.0"
• 1.7GHz O-Core
• 3G + 32G
329,000/-ks
299,000/-ks
save : 30,000/-ks
Vibe Shot
• 5.0"
• 1.7GHz O-Core
• 3G + 32G
4G
DCD
Authorised Distributor :
373026, 385177, 381035, 381776, 385877. Ext-(141,142)
Lenovo Myanmar
www.lenovo.com/mm

# NEWS
LOCAL UPDATE

## Lenovo မှ ၇ နှစ်ပြည့် အထူးအစီအစဉ်အဖြစ် လျှော့ဈေးများဖြင့် ရောင်းချပေးသွားမည်




Lenovo မှ ၇ နှစ်ပြည့်အထူးအစီအစဉ်အနေဖြင့် စက်တင်ဘာလ ၁၅ ရက်နေ့အထိ Lenovo Notebook အရောင်းဆိုင်ကြီးများတွင် အထူးလျှော့ဈေးများဖြင့် ရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ အစီအစဉ်တွင် 14" HD GL(FLAT) Display , 5th Gen Intel Core i3-5005u Processor ,4GB DDR3L 1600 RAM ,500 GB 7MM 5400RPM HDD ,N16V-GM DDR3L 2G Graphic ,4 Cell 32WH Battery နှင့် အာမခံ(၁)နှစ်ပါသော IdeaPad 100(Core i3) $469 တန် Notebook ကို 45,000/-Ks Discount ပေး၍ရောင်းချပေးသွားမည်ဖြစ်ကာ 14" HD TN GL(SLIM) Display , Intel Pentium-N3710 Processor , 4GB DDR3L 1600 RAM ,500 GB 7MM 5400RPM HDD ,Intel HD Graphics ,3 Cell 24WH Battery နှင့် အာမခံ (၁) နှစ်ပါသော IdeaPad 110 (Pentium) $339 တန် Notebook ကို 25,000/-Ks Discount ပေး၍ ရောင်းချပေးသွားမည်ဟုသိရသည်။

အဆိုပါအစီအစဉ်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း ၀၁ -၃၇၃၀၂၆ ၊၃၈၅၁၇၇ ၊၃၈၁၀၃၅ ၊၃၈၁၇၇၆ ၊၃၈၅၈၇၇ လိုင်းခွဲ ၁၄၁ ၊ ၁၄၂ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ကောင်းမြတ်ရာ**

## LG မှ ရေခဲသေတ္တာချစ်သူများအတွက် Amazing Fridge Sale Promotion ကိုပြုလုပ်

LG မှ LG ရေခဲသေတ္တာချစ်သူများအတွက် Amazing Fridge Sale Promotion ကိုပြုလုပ်ပေးနေပါတယ်။ Promotion အစီအစဉ်မှာ စက်တင်ဘာလ ၉ ရက်နေ့ကနေပြီးတော့ အောက်တိုဘာလ ၉ ရက်နေ့ အထိသတ်မှတ်ထားပါတယ်။ အဆိုပါ အစီအစဉ်ကိုတော့ LG Brand Shop ဆိုင်တွေနဲ့ Waiyan Electronics ဆိုင်တိုင်းမှာ ပြုလုပ်ပေးသွားမှာဖြစ်ပြီးတော့ Promotion ကာလအတွင်းမှာ LG Side by Refrigerator ဝယ်ယူသူများအတွက် Free Gifts အဖြစ် 24MT48VF များ၊LG 2 Doors Refrigerator ဝယ်ယူသူများအတွက် Free Gifts အဖြစ် Kangaroo Kettle + Safe Guard များ၊ LG 1 Door Refrigerator ဝယ်ယူသူများအတွက် Free Gifts အဖြစ် Safe Guard များကိုထပ်ဆောင်းလက်ဆောင်များ ပေးသွားမှာဖြစ်ပါတယ်။ အသေးစိတ်သိရှိလိုပါက LG Brand Shop (Sule) ဖုန်း 01-379955 ,LG Brand Shop (Pansodan) ဖုန်း 01-254561 , LG Brand Shop (Myanmar Plaza) ဖုန်း 09-974005044 တို့ကို ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါတယ်။

**ကောင်းမြတ်ရာ**

## Huawei မှ LTE ထုတ်ကုန်များအတွက် ABB နှင့် ပူးပေါင်း




Huawei မှ LTE အခြေခံ onair ထုတ်ကုန်များအတွက် တစ်ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်နှင့် စက်ပစ္စည်းနည်းပညာဆိုင်ရာ ဦးဆောင်ဖြစ်သည့် ABB နှင့် ပူးပေါင်းလိုက်ကြောင်း သိရသည်။

အဆိုပါ MOU အရ Huawei နှင့် ABB တို့သည် LTE အခြေခံသည့် OneAir ထုတ်ကုန်များ၊ ABB စက်ရုပ်များနှင့် စက်မှုလုပ်ငန်းဆိုင်ရာ Solutions များနှင့်ပတ်သက်သည့် နည်းပညာများတွင် ပူးပေါင်းကြမည်ဖြစ်သည်။ ယင်းအပြင် အဝေးထိန်းကိရိယာဖြင့် ထိန်းချုပ်သည့် ကြိုးမဲ့စက်ရုပ်ဆိုင်ရာ စောင့်ကြည့်ရေး၊ စီမံခန့်ခွဲရေး၊ ပုံသဏ္ဍာန်ဖွဲ့စည်းရေး၊ စက်မှုလုပ်ငန်းဆိုင်ရာတွင် အပြည့်အဝပူးပေါင်းနိုင်ရေးအတွက် ပိုမိုကောင်းမွန်သော စိတ်ကူးများကို ပူးပေါင်းအကောင်အထည်ဖော်ရန်လည်း စီစဉ်ထားပါသည်။

ABB Robotics သည် စက်ရုပ်စက်မှုလုပ်ငန်းဆိုင်ရာတွင် ထိပ်တန်းလုပ်ငန်းဖြစ်ပြီး စက်ရုပ်နှင့်ပတ်သက်သည့် ဆော့ဝဲများ၊ ကွန်ပျူတာဆိုင်ရာအပိုပစ္စည်းများ၊ သီးခြားထုတ်ကုန်များနှင့် ဂဟေဆက်ခြင်း၊ ထိန်းချုပ်နည်းပညာဆိုင်ရာပြဿနာများ၊ ပစ္စည်းတပ်ဆင်ပေးခြင်းများ၊ စက်ပစ္စည်းစစ်ဆေးပေးခြင်း အစရှိသည်တို့ကဲ့သို့သော ဝန်ဆောင်မှုများကိုလည်း ပြုလုပ်ပေးသည်။ ABB ၏ အဓိကဈေးကွက်ထဲတွင် မော်တော်ကားနှင့်ဆိုင်သော ပစ္စည်းများ၊ ပလတ်စတစ်၊ သတ္တုအရည်ကျိုခြင်း၊ အီလက်ထရောနစ်၊ စက်ပစ္စည်းများ၊ ဆေးဝါးကုသမှုဆိုင်ရာပစ္စည်းများ၊ အစားအသောက်နှင့် အဖျော်ယမကာ စက်ရုံများလည်း ပါဝင်ပါသည်။

ABB သည် ကမ္ဘာတစ်ဝန်းလုံးတွင် စက်ရုံပေါင်း သုံးသိန်းကျော်ထုတ်လုပ်ထားပြီး နောက်ဆုံးပေါ် ABB robot နည်းပညာပေါင်းစပ်ထားသော Huawei OneAir နည်းပညာကို လည်း Huawei 2016 တွင် စတင်ပြသခဲ့ပါသည်။

''ယုံကြည်စိတ်ချရတဲ့ industrial wireless network တွေဟာ automatic, digital နဲ့ intelligent transformation တို့ ပြုလုပ်နေစဉ်မှာ အရေးပါတဲ့ အစိတ်အပိုင်းတစ်ခုပါပဲ။ ကျွန်တော်တို့ကတော့ စက်မှုကဏ္ဍတွေမှာ LTE wireless ဆက်သွယ်ရေးနည်းပညာတွေ ပေါင်းစပ်လို့ရလာမယ့် မျှော်လင့်ချက်အလားအလာတွေနဲ့ ပတ်သက်ပြီး အကောင်းဖက်ကို မျှော်လင့်ထားပါတယ်။ Huawei ဟာ သူ့ရဲ့ကောင်းမွန်တဲ့ wireless R&D နဲ့ တီထွင်ဆန်းသစ်မှုနှင့်အတူ E2E Wireless ထုတ်ကုန်တွေနဲ့ စက်မှုလုပ်ငန်းဆိုင်ရာ ပင်ကိုယ်လက္ခဏာတွေနဲ့ လိုအပ်ချက်တွေကို အံဝင်ခွင်ကျတဲ့နည်းတွေနဲ့ အဖြေရှာနိုင်ဖို့ စက်မှုလုပ်ငန်းတွေရဲ့ ဦးဆောင်ဖြစ်သော ABB နဲ့ လက်တွဲသွားမှာပါ။ အနာဂတ်မှာ Huawei နဲ့ ABB တို့ဟာ သူတို့ရဲ့သက်ဆိုင်ရာနယ်ပယ်တွေမှာ အပြည့်အဝ ကြိုးစားသွားပြီး ပူးပေါင်းမှုတွေကို တိုးမြှင့်သွားမယ်''ဟု Huawei Wireless Network Solution ၏ ဥက္ကဋ္ဌဖြစ်သူ Mr. EdwardDeng က ပြောသည်။

Huawei Connect 2016 တွင် စက်မှုလုပ်ငန်းဆိုင်ရာ ဦးဆောင်သူပေါင်း နှစ်သောင်းကျော်တက်ရောက်ခဲ့ပြီး Intel, HGST, SAP, Accenture, Infosys, Openstack နှင့် GSMA တို့လည်း ပါဝင်ပြသခဲ့ပါသည်။

**ရဲလင်းလင်းသန်း**

## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ MPT တံဆိပ်ဖြင့် တရုတ်နိုင်ငံထုတ် ဈေးနှုန်းသင့် စမတ်ဖုန်း နှစ်မျိုးထုတ်လုပ်




မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT မှ တရုတ်နိုင်ငံတွင် ထုတ်လုပ်ထားသော ဈေးနှုန်းသင့် စမတ်ဖုန်းနှစ်မျိုးကို ကိုယ်ပိုင်တံဆိပ်ဖြင့် စတင်ရောင်းချတော့မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ပါသည်။

ကျပ် ၃ သောင်း ၂ ထောင်တန် M40 စမတ်ဖုန်းနှင့် ကျပ် ၉ သောင်း ၉ ထောင်တန် M50 စမတ်ဖုန်းတို့အား စက်တင်ဘာလ ၁၂ ရက်နေ့မှစပြီး MPT အမှတ်တံဆိပ်ဆိုင်များ၊ Bestone ဖုန်းဆိုင်များနှင့် နီးစပ်ရာ မိုဘိုင်းဖုန်းအရောင်းဆိုင်တို့တွင် ရရှိမည်ဖြစ်ကြောင်း သိရသည်။

M40 ဟန်းဆက်သည် မျက်နှာပြင်၄ လက်မရှိပြီး ကင်မရာ 2MP အရှေ့ကင်မရာ 0.3 MP VGA၊ အန်းဒရွိုက်အိုအက်စ် 5.1 CPU Quad-Core 1.2 GHz ၊ RAM 512 MB ထည့်သွင်းပေးထားပြီး ဆင်းကတ်နှစ်ကတ် အသုံးပြုနိုင်မည်ဖြစ်သည်။

M50 ဟန်းဆက်တွင်မူ မျက်နှာပြင် ၅ လက်မရှိပြီး CPU အနေဖြင့် Quad-Core 1.2 GHz အသုံးပြုထားပါသည်။ ကင်မရာ 8 MP အသုံးပြုထားပြီး ရှေ့ကင်မရာအား 5MP ထည့်သွင်းပေးထားပါသည်။ အန်းဒရွိုက်အိုအက်စ် 5.1 နှင့် RAM 1 GB၊ ROM 8 GB အသုံးပြုထားပါသည်။ M 50 မှာလည်း ဆင်းကတ်နှစ်ကတ်သုံး ဟန်းဆက်ဖြစ်ပါသည်။

ကန့်သတ်ချက်တစ်ခုအနေဖြင့် M40 နှင့် M 50 ဟန်းဆက်နှစ်မျိုးလုံးတွင် SIM Slot 1 နေရာအတွက် MPT ဆင်းကတ်တစ်မျိုးတည်းသာ အသုံးပြုနိုင်ပြီး ကျန် SIM Slot 2 အတွက် 2G ကိုသာ ထောက်ပံ့ပေးမည်ဖြစ်၍ အခြားဆင်းကတ်အသုံးပြု၍ မရနိုင်ကြောင်း သိရသည်။

M40 ဟန်းဆက်အသုံးပြုမည့်သူများအနေဖြင့် MPT ဆင်းကတ်တစ်ကတ်နှင့် လစဉ်ဖုန်းဘေ ၁ ထောင်ကျပ် ထည့်သွင်းရုံဖြင့် လစဉ် သုံးဒေတာအပိုဆု 777 MB အား ၆ လဆက်တိုက် ရရှိအသုံးပြုနိုင်မည်ဖြစ်သည်။ M 50 စမတ်ဖုန်းအတွက်မူ MPT ဆင်းကတ်နံပါတ်အလှတစ်ကတ်နှင့် တစ်လလျှင် ဖုန်းဘေအနည်းဆုံး ကျပ် ၃ ထောင်ဖြည့်သွင်းရုံဖြင့် လစဉ်သုံးဒေတာအပိုဆု 2.5 GB ကို ၆ လဆက်တိုက်အသုံးပြုခွင့်ရမည် ဖြစ်သည်။

စမတ်ဖုန်း နှစ်မျိုးလုံးအတွက် အာမခံ ၁ နှစ်ပေးထားပြီး ဆားဗစ်စင်တာ ၁၈ ခုနှင့် ဆားဗစ်စင်တာများသို့ တာဝန်ယူပို့ဆောင်ပေးနိုင်သော Collection Points 104 ခုအား တစ်နိုင်ငံလုံးအနှံ့ ဖွင့်လှစ်ပေးထားပါသည်။ ထို့ပြင် စမတ်ဖုန်း နှစ်မျိုးလုံးအတွက် ဆီလီကွန်ကာဗာ၊ Screen protector earphone တို့အား အပိုထပ်ဆောင်းထည့်ပေးထားကြောင်း သိရသည်။

စမတ်ဖုန်းများအတွက် MPT မှ သီးသန့်မှာယူထားခြင်းဖြစ်ပြီး တရုတ်နိုင်ငံရှိ M ဖုန်းကုမ္ပဏီမှ ထုတ်လုပ်ပေးထားခြင်းဖြစ်သည်။

Bestone မိုဘိုင်းမှ တာဝန်ရှိသူတစ်ဦးက ''မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက အခုလိုမျိုး ပူးပေါင်းပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ လက်ရှိအချိန်ထိ ကြိုတင်မှာထားတာက ၄၀၀ ကျော်ပါပြီ။ တရုတ် Brand အနေနဲ့ MPT အတွက် သီးသန့်ထုတ်ပေးတာပါ'' ဟု ပြောသည်။

MPT Device Team မှ ကိုကျော်ထက်လင်းကလည်း "M40 ဟန်းဆက်အတွက် လောလောဆယ် အလုံး ၄ ထောင်လောက်ရှိထားတယ်။ နောက်ထပ် အလုံးရေ ၁ သိန်းအထိ ထပ်ထုတ်သွားမှာပါ။ M 50 ဟန်းဆက်အတွက်တော့ အခုလောလောဆယ် အလုံးရေ ၃ ထောင် လောက် ရှိ ထားတယ်။ နောက်ပိုင်းတော့ အလုံးရေ ၉ သောင်းလောက်ကနေ ဈေးကွက်လိုအပ်ချက်ရှိသလောက် ထပ်ထုတ်သွားမှာပါ။ ဈေးကွက်မှာ ပြတ်လပ်တယ်ဆိုတာမျိုး အဖြစ်မခံပါဘူး။ နောက်ထပ်လည်း MPT တံဆိပ်နဲ့ ဖုန်းမော်ဒယ်သစ်တွေ ထပ်ထုတ်သွားဦးမှာပါ'' ဟု ရှင်းပြပါသည်။

**ရဲလင်းလင်းသန်း**


ZXET
အတုအပ သတိပြုပါ
G 100
Screen - 2.4"
G 102
Screen - 2.4"
G 103
Screen - 2.4"
G 108
Screen - 2.4"
G 109
Screen - 2.8"
G 110
Screen - 2.4"
G 105
Screen - 2.8"
G 106
Screen - 2.4"
G 111
Screen နှစ်ဖက်သုံးလို့ရသည်။


Amazing Sales !!!
လက်မလွှတ်သင့်တဲ့အခွင့်အရေး
INFINITY L2
4G
ယခင်ဈေး 145,000
ယခုဈေး 120,000
Sapphire Z502
ယခင်ဈေး 109,000
ယခုဈေး 99,000
Sapphire Z450
ယခင်ဈေး 85,000
ယခုဈေး 72,000
P550
ယခင်ဈေး 99,000
ယခုဈေး 85,000
P501
ယခင်ဈေး 82,000
ယခုဈေး 75,000
K1
ယခင်ဈေး 19,000
ယခုဈေး 17,000
Free Gift
F3
Free Gift
500MB တန်ဖိုးရှိ
Ooredoo Sim Card
Free Gift
ထီး + 60000Ks တန်ဖိုးရှိ
Ooredoo Sim Card
သစ်လွင်တဲ့ဒီဇိုင်း ၊ မြင့်မားတဲ့နည်းပညာ ၊ ချိုသာတဲ့ဈေးနှုန်းနဲ့
SINGTECH
SMART PHONE
SINGAPORE BRAND
Call Centre
01-2399900

# LOCAL PHONE REVIEW ...

## Samsung Galaxy A9 Pro

Apple ဟာ သူ့ရဲ့နောက်ဆုံးပေါ် ဖုန်းအသစ်ကို မိတ်ဆက်လာခဲ့ပါပြီ။ မကြာမီ ဝယ်ယူသုံးစွဲနိုင်တော့မှာဖြစ်ပြီး စမတ်ဖုန်းဈေးကွက်အတွက် အပြောင်းအလဲတစ်ခုကို ဖော်ဆောင်ပေးခဲ့ပါတယ်။ Apple နဲ့ ယှဉ်ပြိုင်ဘက်ဖြစ်သော Samsung ကတော့ ဖုန်းအသစ်များနဲ့ပတ်သက်၍ အစားထိုးလဲလှယ်ပေးခြင်းများကို လုပ်ဆောင်ပေးနေပါတယ်။ iOS နဲ့ Android တို့၏ ယှဉ်ပြိုင်မှုကြားတွင် အနည်းငယ်သော ချို့ယွင်းမှုများဟာ ကြီးစွာသောဆုံးရှုံးမှုများကို ဖြစ်စေပါတယ်။ Samsung ဟာ နှစ်အလိုက် Edition ပြုလုပ်၍ ဖုန်းများကို မိတ်ဆက်ထုတ်လုပ်ရောင်းချပါတယ်။ ယခု A9 Pro ဟာ ဆင်းကတ်နှစ်ကတ် ထည့်သွင်းအသုံးပြုနိုင်မယ့် ဖုန်းအမျိုးအစားပါ။ ဖုန်းရဲ့အရွယ်အစား ပမာဏကတော့ 161.7 × 80.9 × 7.9 mm ဖြစ်ကာ အလေးချိန်မှာ 210 g ရှိပါတယ်။ ဖုန်းကိုယ်ထည်တည်ဆောက်မှုအပိုင်းတွင် အကြမ်းခံနိုင်ဖို့အတွက် Gorilla Glass 4 ကို ထည့်သွင်းပေးထားပါတယ်။ စမတ်ဖုန်းဖြင့် ငွေပေးချေနိုင်သည့်ခေတ်ကို ရောက်ရှိနေပြီဖြစ်သောကြောင့် နေရာဒေသပေါ်မူတည်၍ Samsung Pay ကို အသုံးပြုနိုင်ပါမယ်။ ဖုန်းမျက်နှာပြင်အတွက် ထည့်သွင်းပေးထားသော Touch Screen အမျိုးအစားကတော့ Super AMOLED Capacitive Touch Screen ဖြစ်ပါတယ်။ ဖုန်းမျက်နှာပြင်ဟာ 6 inches ရှိသောကြောင့် မျက်နှာပြင်အရွယ်အစား ကြီးမားသောဖုန်းကို သုံးစွဲချင်သူများအတွက် အဆင်ပြေစေပါလိမ့်မယ်။ မြင်ကွင်းစွမ်းရည် ကြည်လင်တောက်ပဖို့အတွက် ထောက်ပံ့ပေးထားသော Pixels ပမာဏမှာ 1080 × 1920 ဖြစ်ပါတယ်။ တစ်လက်မမှာရှိမယ့် Pixel ပမာဏသိပ်သည်းဆကတော့ 367 ppi ပါ။ ထည့်သွင်းပေးထားသော ကင်မရာနှစ်မျိုးနှစ်စားမှာ စွမ်းရည်များ ကောင်းမွန်ကြပါတယ်။ ထို့ကြောင့် မည်သည့်အနေအထားမှာပဲ ဓာတ်ပုံရိုက်ကူးပါစေ ပုံရိပ်ကောင်းများကို ပေးစွမ်းပါလိမ့်မယ်။ အဓိက ကင်မရာဟာ 16 MP , f/1.9 စွမ်းရည်ရှိပြီး ရှေ့ကင်မရာငယ်ကတော့ 8 MP , f/1.9 စွမ်းရည်ရှိပါတယ်။ 1080 p စွမ်းရည်ဖြင့် ဗီဒီယိုရိုက်ကူးပါက တစ်စက္ကန့်ကို 30 Frames နှုန်း ရရှိပါမယ်။ Active Noise Cancellation With Dedicated MIC စနစ်လည်း ပါရှိပါတယ်။ မှတ်ဉာဏ်ပမာဏအပိုင်းတွင် RAM ကို 4 GB ထည့်သွင်းပေးထားပြီး Internal Storage တွင် 32 GB ပါရှိအောင် ဆောင်ရွက်ပေးထားပါတယ်။ အချက်အလက်အများအပြား သိမ်းဆည်းလိုပါကလည်း မှတ်ဉာဏ်ပမာဏကို ချဲ့ထွင်သုံးစွဲနိုင်ပါမယ်။ ပါရှိသော Chipset အမျိုးအစားမှာ Qualcomm Snapdragon 652 ဖြစ်ပြီး CPU စွမ်းရည်မှာ Octa Core ဖြစ်ပါတယ်။ အားသွင်းအသုံးပြုရမယ့် ဘက်ထရီအမျိုးအစားကတော့ Li-Ion 5000 mAh ဖြစ်ကာ 3G Network တွင် စကားပြောဆိုဖို့အတွက် 33 နာရီနီးပါး ခံနိုင်ရည်ရှိအောင် စွမ်းဆောင်ပေးနိုင်ပါမယ်။

| | | |
|---|---|---|
| Network | - | GSM/HSPA/LTE |
| Processor | - | Octa Core |
| Screen | - | 6 inches |
| Camera | - | 16 MP |
| Bluetooth | - | v 4.2 |
| Storage | - | 32 GB |
| OS | - | Android OS, v6.0.1 |
| Contact | - | 09-73171214 |




## Singtech Sapphire Z502

Singtech ရဲ့ Z502 ဖုန်းဒီဇိုင်းဟာ သေသပ်လှပပြီး ပါးလွှာသည့်ကိုယ်ထည်အချိုးအစားရှိပါတယ်။ ဖုန်းရဲ့ ပါဝါခလုတ်နှင့် အသံအတိုးအကျယ်ခလုတ်တို့ကို ဘေးဘက်တွင် တပ်ဆင်ပေးထားပါတယ်။ အနောက်ဘက်မှာတော့ Singtech အမှတ်တံဆိပ်ကိုခတ်နှိပ်ပေးထားပြီး အပေါ်ထောင့်စွန်းတွင် အဓိကကင်မရာကို အဝိုင်းပုံစံဖန်တီးပေးထားပါတယ်။ ကင်မရာရဲ့ ဘေးဘက်မှာတော့ Flash မီးကိုတပ်ဆင်ပေးထားပါတယ်။ ဖုန်းရဲ့အရွယ်အစားပမာဏကတော့ 141×71.3×8.2 mm ရှိပါတယ်။ GSM, WCDMA Network များကို သုံးစွဲနိုင်မယ့်ဖုန်းဖြစ်ပါတယ်။ အခုနောက်ပိုင်းတွင် ဖုန်းအများစုဟာ SIM Card 2 Card အသုံးပြုနိုင်လာကြပါတယ်။ ဖုန်းကုမ္ပဏီများကလည်း SIM Card များ ပေါ်များစွာသုံးစွဲနိုင်မှုကို အကြောင်းပြု၍ ဟန်းဆက်များကို Dual SIM အမျိုးအစားဖြစ်အောင် ဖန်တီးထုတ်လုပ် ရောင်းချလာကြခြင်းဖြစ်ပါတယ်။ သုံးစွဲသူများကလည်း ဖုန်းဝယ်ယူသည့်အခါတွင် Dual SIM အမျိုးအစားဖုန်းများကို ပိုမိုကြိုက်နှစ်သက်ကြပါတယ်။ Singtech မှလည်း ယခုဖုန်းတွင် SIM Card 2 Card အသုံးပြုနိုင်အောင် ဖန်တီးပေးထားပါတယ်။ ထည့်သွင်းသုံးစွဲရမယ့် SIM card အမျိုးအစားကတော့ ပုံမှန်ဆင်းကတ်(သို့) Micro SIM ပါ။ ဖုန်းရဲ့မျက်နှာပြင်အကျယ်အဝန်းကတော့ 5 inches ရှိပါတယ်။ ရုပ်ပုံများကို ကြည်လင်စွာကြည့်ရှုခံစားနိုင်စေဖို့အတွက် 720× 1280 pixels ပမာဏနဲ့ ထောက်ပံ့ပေးထားပါတယ်။ စမတ်ဖုန်းများဟာ အကြောင်းအရာမျိုးစုံအတွက် အသုံးဝင်လာတာကြောင့် အချို့သောသူများဟာ ဖုန်းများဖြင့်ပင် FM အစီအစဉ်များကို ဖမ်းယူနားဆင်ကြပါတယ်။ Z502 ဟာ FM Radio များကို စဉ်ဆက်မပြတ် ဖမ်းယူနားဆင်နိုင်သလို FM အသံဖမ်းစနစ်လည်းအသုံးပြုနိုင်ပါတယ်။ အဓိကကင်မရာမှာ 8MP စွမ်းရည်ရှိပြီး ရှေ့ကင်မရာငယ်ကတော့ 5MP စွမ်းရည်ဖြစ်ပါတယ်။ USB, WiFi, Bluetooth များအထောက်အပံ့ပေးပါတယ်။

| | | |
|---|---|---|
| Network | - | GSM/HSPA |
| Processor | - | Quad Core 1.3 GHz |
| Screen | - | 5 inches |
| Camera | - | 8 MP |
| Storage | - | 16 GB |
| OS | - | Android OS, v 5.1 |
| Contact | - | 01-381035 |




## OPPO A37

4G ကွန်ရက်စနစ်မှာ အသုံးပြုနိုင်မယ့်ဖုန်းဖြစ်ပါတယ်။ 4G ကွန်ရက်ကို အဆင့်မြှင့်တင်နေသော အချိန်အခါဖြစ်ခြင်းကြောင့်လည်း သုံးစွဲသူများအတွက် အဆင်ပြေစေမှာဖြစ်ပါတယ်။ ဒီဇိုင်းပိုင်းမှာ Premium ထုတ်ကုန်တစ်ခုလိုမျိုး သတ္တုစပ်ကိုယ်ထည်မျိုးကို အသုံးပြုရမှာဖြစ်ပြီး ဒီနေ့ခေတ်နဲ့လိုက်ဖက်တဲ့ ဖက်ရှင်ဆန်မှုကို ပေးအပ်ထားပါတယ်။ ဖုန်းရဲ့အရွယ်အစားပမာဏကတော့ 143.1×71×7.7 mm ဖြစ်ကာ အလေးချိန်မှာ 136g ရှိပါတယ်။ သူ့ရဲ့ ကင်မရာပိုင်းကိုကြည့်ရင် ရှေ့ကင်မရာက 5MP, f/2.4 နဲ့ နောက်ကင်မရာက 8MP, f/2.0 ရှိပြီး ကြီးမားတဲ့ sensor အမျိုးအစားသုံးထားတဲ့ အားသာချက်ကြောင့် အလင်းဝင်မှုပိုင်းမှာ သူနဲ့အလားတူထုတ်ကုန်တွေနဲ့ယှဉ်ရင် အများကြီးသာလွန်ကောင်းမွန်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ Geo-tagging, Touch focus, Face Detection, Panorama စသော ကင်မရာဆက်စပ်ပတ်သက်စနစ်များလည်း အသုံးပြုနိုင်ပါတယ်။ ဗီဒီယိုရိုက်ကူးနိုင်မယ့်စွမ်းရည်ကတော့ 1080p ဖြစ်ကာ နှုန်းမှာ တစ်စက္ကန့်ကို 30 Frames ပါ။ ဒါက ဒီနေ့ စမတ်ဖုန်းသုံးစွဲသူတွေမှာ လိုအပ်နေတဲ့အချက်ကို အဓိကပေးစွမ်းထားတာဖြစ်ပါတယ်။ အထူးသဖြင့် Value for Price ဖုန်းအမျိုးအစားပါ။ ပေးရတာနဲ့ထိုက်တန်တဲ့ အရည်အသွေးမျိုး ရရှိစေမယ့် ဖုန်းအမျိုးအစားအဖြစ် သတ်မှတ်နိုင်ပါတယ်။ မျက်နှာပြင်အရွယ်အစားမှာ 5 inches အရွယ်အစားရှိပြီး မျက်နှာပြင် ရုပ်ကြွသဘော မျိုးခံစားရစေဖို့ 2.5D Arc Edge screen ကိုပါ အသုံးပြု ပေးထားပါတယ်။ ဖုန်းတစ်လုံးအတွက် ပြင်ပအစိတ်အပိုင်းတွေထဲမှာ အထူးအရေးပါတဲ့ မျက်နှာပြင်ကိုကာကွယ်ပေးနိုင်စေဖို့ Corning ရဲ့ နောက်ဆုံးမျိုးဆက်ဖြစ်တဲ့ Gorilla Glass 4 နဲ့ဖုံးအုပ်ပေးထားပါသေးတယ်။ SD ကတ်ကို သီးသန့်စိုက်ထည့်သုံးနိုင်စေဖို့ တတိယမြောက် slot ပေါက်ကိုလည်း ထောက်ပံ့ပေးထားလို့ အချိန်မရွေးနောက်ထပ် SD ကတ်တစ်ခုကို data များများသိုလှောင်နိုင်စေဖို့ အသုံးပြုနိုင်စေပါတယ်။

| | | |
|---|---|---|
| Network | - | GSM/HSPA/LTE |
| Memory | - | 16 GB |
| CPU | - | Quad Core 1.2 GHz |
| Camera | - | 8MP |
| Screen | - | 5 inches |
| OS | - | Android OS, v5.1 |
| Contact | - | 01-371924 |




## Lenovo A7000 Plus

Lenovo A7000 Plus ဟာ Phablet ဖုန်းအမျိုးအစားတစ်ခုဖြစ်ကာ GSM, HSPA, LTE Networks စနစ်တွေကို အသုံးပြုနိုင်ပြီး Micro SIM Card 2 Card ကို ထည့်သုံးနိုင်ပါတယ်။ အဆိုပါ နည်းပညာပစ္စည်း၏ အရွယ်အစားပမာဏက 152.6 × 76.2 × 7.99 mm ရှိပြီး အလေးချိန်က 140g ရှိပါတယ်။ ကိုင်တွယ်အသုံးပြုဖို့အတွက် အဆင်ပြေပါမယ်။ ဖုန်းရဲ့မျက်နှာပြင်သည် IPS Capacitive Touchscreen အမျိုးအစားဖြစ်ပြီး အကျယ်အဝန်းပမာဏမှာ 5.5 inches ရှိပါတယ်။ မြင်ကွင်းစွမ်းရည်အတွက် ထောက်ပံ့ပေးထားသော Pixels ပမာဏသိပ်သည်းဆမှာ 1080 × 1920 ဖြစ်ပါတယ်။ ၁ လက်မမှာရှိမယ့် Pixel ပမာဏသိပ်သည်းဆကတော့ 401 ppi ဖြစ်ပါတယ်။ သုံးစွဲနိုင်တဲ့ Multitouch စနစ်က Lenovo Vibe UI ဖြစ်ပါတယ်။ Multitouch စနစ်တွင် လက်ချောင်းငါးချောင်းအထက် အသုံးပြုနိုင်ပါမယ်။ ကင်မရာနှစ်မျိုးနှစ်စား ထည့်သွင်းပေးထားပါတယ်။ အနောက်ကင်မရာက 13 MP စွမ်းရည်ရှိပြီး f/2.0 ပါရှိကာ၊ Dual LED Flash ကို တွဲဖက်သုံးစွဲနိုင်ပါမယ်။ ဗီဒီယိုရိုက်ကူးနိုင်မယ့် စွမ်းရည်မှာ 1080P ဖြစ်ကာ နှုန်းကတော့ တစ်စက္ကန့်ကို 30 frames ပါ။ ရှေ့ကင်မရာငယ်ကတော့ 5 MP စွမ်းရည်ရှိပါတယ်။ Geo-tagging, touch focus, face detection စသော ကင်မရာဆက်စပ်ပတ်သက်စနစ်များကိုလည်း အသုံးပြုနိုင်ပါမယ်။ RAM 2GB ကို ထည့်သွင်းပေးထားပြီး Internal Storage က 16 GB ဖြစ်ပြီး အချက်အလက်အများအပြား သိမ်းဆည်းနိုင်စေဖို့အတွက်လည်း SD Card စနစ်ပါရှိပြီး။ 32 GB အထိ ထပ်မံစိုက်ထည့်သုံးနိုင်မှာပါ။ အသုံးပြုထားတဲ့ Chipset အမျိုးအစားကတော့ Media Tek MT 6752 ပဲဖြစ်ပါတယ်။ GPU မှာ Mali-T760 MP2 ပါ။ အားသွင်းအသုံးပြုရမယ့် ဘက်ထရီအမျိုးအစားက 2900 mAh ရှိခြင်းကြောင့် အချိန်ကြာမြင့်စွာ သုံးနိုင်ပါမယ်။ Active noise cancellation with dedicated mic စနစ်လည်း ပါရှိပါတယ်။

| | | |
|---|---|---|
| Network | - | GSM/HSPA/LTE |
| Screen | - | 5.5 inches |
| Memory | - | 16 GB, up to 32 GB |
| Bluetooth | - | v4.0 |
| CPU | - | Octa Core 1.7GHz |
| OS | - | Android OS, v5.0 |
| Contact | - | 01-381129 |



# NEWS
## LOCAL UPDATE

# တယ်လီနောဆင်းကတ် အွန်လိုင်းမှ မှတ်ပုံတင်နိုင်ရန် လုပ်ဆောင်ပေးမည်



တယ်လီနောမြန်မာမှ ဆင်းကတ်ဝယ်သူ အသုံးပြုထားသူများ ဆင်းကတ်မှတ်ပုံတင် အဆင်ပြေစေရေးအတွက် အွန်လိုင်းမှ မှတ်ပုံတင်နိုင်မည့် နည်းလမ်းများ ထပ်မံပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။ ဆင်းကတ်များ မှတ်ပုံတင်ရန်မှာ ဥပဒေအကြောင်းအရ ပြဋ္ဌာန်းသတ်မှတ်ချက်တစ်ခု ဖြစ်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက မိုဘိုင်းဆင်းကတ်များအားလုံးကို မတ်လ ၃၁ ရက် ၂၀၁၇ မတိုင်ခင် မှတ်ပုံတင်ထားကြရန် ညွှန်ကြားထားခြင်းဖြစ်သည်။ လက်ရှိတွင် တယ်လီနော အသုံးပြုသူများအနေနှင့် မိမိတို့၏ ဆင်းကတ်များ မှတ်ပုံတင်ထားရှိမှု အခြေအနေကို မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့ကြီးများတွင် ဖွင့်လှစ်ထားသော တယ်လီနော အမှတ်တံဆိပ် ကိုယ်ပိုင်အရောင်းဆိုင် ၉၀ ဆိုင်ခန့်သို့ သွားရောက်၍သော်လည်းကောင်း၊ တယ်လီနော ကောစင်တာသို့ ဖုန်းခေါ်ဆို၍သော်လည်းကောင်း စစ်ဆေးနိုင်ပါသည်။ မှတ်ပုံတင်နိုင်မည့် ဆိုင်များ၏ လိပ်စာများကိုလည်း https://www.telenor.com.mm/pagedetail/store-location/99 တွင် ကြည့်ရှုနိုင်ပြီး မကြာခင်အချိန်အတွင်း မြန်မာနိုင်ငံတစ်ဝန်းရှိ တယ်လီနောဆင်းကတ်ရောင်းချသော လက်လီဆိုင်များတွင်ပါ ဆင်းကတ်မှတ်ပုံတင်နိုင်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သုံးစွဲသူများအနေဖြင့် မိမိအသုံးပြုလျက်ရှိသော နံပါတ်အား မှတ်ပုံတင်ရန်အတွက် နိုင်ငံသားမှတ်ပုံတင်မိတ္တူ (နိုင်ငံခြားသားများအတွက် နိုင်ငံကူးလက်မှတ်မိတ္တူ) သို့မဟုတ် အခြားသော သက်သေခံကတ်တစ်ခုခု၏ မိတ္တူလိုအပ်ပြီး လျှောက်လွှာတွင် လိုအပ်သော အချက်များ ဖြည့်စွက်ပေးရမည်ဖြစ်သည်။ လိုအပ်သော စာရွက်စာတမ်းများ အချက်အလက်များ အသုံးပြု၍ နံပါတ်အား မှတ်ပုံတင်ရန် မိနစ်အနည်းငယ်သာ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ် Lars Erik Tellmann က ''သုံးစွဲသူတွေအနေနဲ့ အခက်အခဲမရှိ မှတ်ပုံတင်နိုင်အောင် ဆင်းကတ်မှတ်ပုံတင်မှု လုပ်ငန်းစဉ်တွေကို ရိုးရှင်းနိုင်သမျှ အရိုးရှင်းဆုံးနည်းလမ်းတွေနဲ့ ဆောင်ရွက်နိုင်ဖို့ တယ်လီနောက ဆောင်ရွက်နေပြီး အွန်လိုင်းနဲ့ ကိုယ်တိုင် အလွယ်တကူ မှတ်ပုံတင်နိုင်မယ့် နည်းလမ်းတွေကို မကြာခင် ဆက်လက် အသိပေးပြောကြားသွားမှာဖြစ်ပါတယ်'' ဟု ပြောသည်။

**ရဲလင်းလင်းသန်း**

# NFS (I) လိုင်စင်ရရှိထားသူများ International Gateway ဝန်ဆောင်မှု လျှောက်ထားနိုင်

ကွန်ရက် အထောက်အကူပြုလုပ်ငန်းလိုင်စင် အထူး NFS (I) လိုင်စင်ရရှိထားသူများအနေဖြင့် International Gateway ဝန်ဆောင်မှု လျှောက်ထားနိုင်ကြောင်း သိရသည်။ ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှု လုပ်ငန်းလိုင်စင် (အထူး) (Network Facilities Services (Individual) ရရှိထားသည့် ကုမ္ပဏီ အဖွဲ့အစည်းများအနေဖြင့် အပြည်ပြည်ဆိုင်ရာ ပင်မဝင်ပေါက်ထွက်ပေါက်လုပ်ငန်း (IGW-International Gateway Services) လုပ်ကိုင်ဆောင်ရွက်လိုပါက ထုတ်ပြန်ထားသည့် လုပ်ငန်းလမ်းညွှန်နှင့်အညီ ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနတွင် လျှောက်ထားနိုင်ပြီဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားပါသည်။ လုပ်ကိုင်လိုသည့် ကုမ္ပဏီများအနေဖြင့် ဆက်သွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လျှောက်ထားရမည်ဖြစ်ပြီး http://www.mcit.gov.mm/news/international-gatewayservices ဟူသည့် Web Link တွင် ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။

**ရဲလင်းလင်းသန်း**

# ဖိလစ်ပိုင်မြန်မာ ချစ်ကြည်ရေး ဖက်ရှင်ရှိုးပွဲမှ အကျိုးအမြတ်အား ရန်ကုန်ကလေးဆေးရုံသို့ လှူဒါန်းမည်

ဖိလစ်ပိုင်နှင့်မြန်မာ ရင်းနှီးချစ်ကြည်မှု နှစ် (၆၀) ပြည့် ရန်ပုံငွေ ညစာစားပွဲနှင့် ဖက်ရှင်ရှိုးပြုလုပ်ပြီး ရရှိသည့် အကျိုးအမြတ်အား ရန်ကုန်ကလေးဆေးရုံသို့ လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်သံရုံးမှ ဦးစီးကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံဖက်ရှင်ဒီဇိုင်နာများအဖွဲ့ (MFDG) နှင့် ဖိလစ်ပိုင်နိုင်ငံ ဖက်ရှင်နှင့်ဒီဇိုင်း အစည်းအရုံး (FDCP) တို့ ပူးပေါင်းကာ ဖိလစ်ပိုင်နှင့် မြန်မာထိပ်တန်း ဒီဇိုင်နာများ ပါဝင်ပြသမည်ဖြစ်သည်။ စက်တင်ဘာလ(၁၇)ရက်နေ့ ဆူးလေ ရှန်ဂရီလာတွင် ကျင်းပရန် စီစဉ်ထားပြီး traditional, modern/contemporary နှင့် high fashion ဟူ၍ အဓိကကဏ္ဍ သုံးမျိုးခွဲပြီး ပြသမည်ဖြစ်သည်။

ဖက်ရှင်ပွဲမှ ရရှိသည့် အကျိုးအမြတ်များအား ရန်ကုန်ကလေးဆေးရုံသို့ လှူဒါန်းရန် စီစဉ်ထားပြီး လက်မှတ်များကိုလည်း စတင်ဝယ်ယူနိုင်ပြီဖြစ်ပါသည်။ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံရုံး၏ အထွေထွေကောင်စစ်ဝန်နှင့် ဝန်ကြီးတစ်ဦးဖြစ်ပြီး "Passion for Fashion" ဟု အမည်ပေးထားသည့် အထက်ပါ ဖက်ရှင်ပွဲကို ဦးဆောင်သူတစ်ဦးလည်းဖြစ်သည့် Maria LM Salcedo မှ ''ကျွန်မအနေနဲ့ အခုလိုပွဲမျိုးကို ပြုလုပ်ဖို့ အခွင့်အရေးရခဲ့တာ အရမ်းကို ဝမ်းသာပီတိဖြစ်ရပါတယ်။ ဖိလစ်ပိုင်နှင့် မြန်မာနိုင်ငံဟာဆိုရင် မတူညီတဲ့သမိုင်း၊ ယဉ်ကျေးမှုနှင့် လုပ်ငန်းနယ်ပယ်ရှိတဲ့ အာဆီယံနိုင်ငံတွေပေမယ့် အခုလို မတူညီမှုတွေကို ဖက်ရှင်နှင့် တီထွင်ဖန်တီးမှုတွေကနေတစ်ဆင့် ဒီနိုင်ငံရဲ့ ယဉ်ကျေးမှုနဲ့ လူနေမှုပုံစံတွေကို ပိုပြီးနားလည်လာမယ်လို့ ယုံကြည်ပါတယ်'' ဟု ပြောသည်။ မြန်မာနိုင်ငံမှ မမွန်ပြည်စိုးအောင်၊ မပွဲ့၊ လတ်လတ်၊ သွင်စုထွေးနှင့် ကောင်းမြတ်တို့ ပါဝင်ကြောင်း သိရသည်။

**ရဲလင်းလင်းသန်း**




# GLOBAL PHONE

COMING PHONE

## Mobile Accessories



**Remax 2 in 1 Cable For iPhone & Android**

Price : 5000/-

ကြိုးလေးတစ်ချောင်းတည်းနဲ့ iPhone အတွက်ရော Android အတွက်ပါ အသုံးပြုလို့ရနိုင်မယ့် Remax 2 in 1 Cable လေးပါ။ TPU material ကိုအသုံးပြုထားတာကြောင့် ရေရှည်အသုံးခံပြီး ကြိုးခေါက်ခြင်းတွေမဖြစ်စေနိုင်တဲ့အပြင် အားသွင်းရာမှာလည်းအလွန်မြန်ဆန်လှပါတယ်။ အချိန်ဘယ်လောက်ကြာအောင် အသုံးပြုပါစေ ဘာအန္တရာယ်မှလည်း မဖြစ်ပေါ်စေနိုင်ပါဘူး။ ဝယ်ယူချင်တယ်ဆိုရင် ဖုန်း ၀၉–၇၉၉၇၇၆၆၉၉ ကို ဆက်သွယ်မေးမြန်းနိုင်ပါတယ်။



**ROYALE II Luxury Genuine Leather Wallet Case**

Price : 18,000/-

သင့် iPhone တွေကို လုံခြုံအောင်ကာကွယ်ပေးနိုင်သလိုကိုယ်နဲ့မကွာဆောင်ထားသင့်တဲ့အရေးကြီးကတ်တွေကိုလည်း သိမ်းဆည်းပေးထားနိုင်မယ့် ROYALE II Luxury Genuine Leather Wallet Case လေးပဲဖြစ်ပါတယ်။ ပိုက်ဆံအိတ်တစ်ခုလိုအသုံးပြုနိုင်ပြီး ဖုန်းကာဗာအနေနဲ့လည်းသုံးစွဲနိုင်ပါတယ်။ Credit Cards တွေ၊ MPU Cards တွေနဲ့ Business Cards တွေကိုထည့်သိမ်းနိုင်ပါတယ်။ ရရှိနိုင်တဲ့အရောင်တွေက အမည်းရောင်၊ အနီရောင်နဲ့အညိုရောင်တို့ဖြစ်ပြီး ဖုန်း ၀၁–၃၈၁၀၃၅ ကို ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။



**Nillkin 3D CP+Max Full coverage Anti-explosion Tempered Glass Screen Protector**

Price: 18,000/-

iPhone 6/6s/6Plus/6sPlus တွေအတွက် ထောင့်ကွေးတွေအပါအဝင်မျက်နှာပြင်တစ်ခုလုံးကို Original Glass အတိုင်းဖုံးအုပ်ကာကွယ်ပေးထားနိုင်မယ့် Nillkin အမှတ်တံဆိပ်အရည်အသွေးမြင့် Tempered glass ပါ။ ဖုန်းမျက်နှာပြင်ကိုကောင်းမွန်စွာကာကွယ်ပေးထားနိုင်ပြီး အောက်မှန်သားကွဲတာတွေ၊အစင်းရာထင်တာတွေကို လုံးဝမဖြစ်နိုင်တော့ပါဘူး။ စိတ်ဝင်စားတဲ့သူတွေအနေနဲ့ ဖုန်း ၀၁–၃၈၁၀၃၅ ကိုဆက်သွယ်စုံစမ်းနိုင်ပါတယ်။



## Sony X Compact

| | | |
|---|---|---|
| Network | - | GSM/HSPA/LTE |
| OS | - | Android OS, v6.0.1 (Marshmallow) |
| Memory | - | 32 GB (up to 256GB) |
| CPU | - | Hexa-Core |
| Bluetooth | - | v4.2, A2DP, aptX, LE |

Sony X Compact ဟာ ရိုးရှင်းတဲ့လေးထောင့်စပ်စပ်ဒီဇိုင်းပုံစံရှိပြီး ကိုင်တွယ်အသုံးပြုလို့ကောင်းတဲ့ အရွယ်အစားနဲ့ထုတ်လုပ်ပေးထားတာဖြစ်ပါတယ်။ကင်မရာစွမ်းအားအထူးမြှင့်တင်ပေးထားတာကို တွေ့ရပါတယ်။ GSM, HSPA နဲ့ LTE networks တွေကိုထောက်ပံ့ပေးထားပြီး Nano SIM Card ကိုထည့်သုံးရပါမယ်။ Display က IPS LCD capacitive touchscreen အမျိုးအစားဖြစ်ပြီး အကျယ် 4.6 inch ကျယ်ပါတယ်။ Sony ရဲ့ထုံးစံအတိုင်း ကင်မရာပိုင်းကိုအထူးအလေးပေးလေ့ရှိတာကြောင့် 23 MP resolution ရှိတဲ့အနောက်ကင်မရာပါရှိပြီး 30fps မှာ 1080pအရည်အသွေးရှိဗီဒီယိုတွေကိုရိုက်ကူးနိုင်ပါတယ်။ အရှေ့ကင်မရာကတော့ 5MP ပါရှိပါတယ်။ Internal memory 32GB ကို ပံ့ပိုးပေးထားတဲ့အပြင် micro SD Card ကို 256GB အထိ ထပ်ထည့်သုံးလို့ရပြီး RAM ကတော့ 3GB ပါရှိပါတယ်။ Qualcomm MSM8956 Snapdragon 650 Chipset နှင့် Non-removable Li-Ion 2700mAh ဘက်ထရီတို့ထည့်သွင်းပေးထားပါတယ်။



## Meizu m3 Max

| | | |
|---|---|---|
| Network | - | GSM/HSPA/LTE |
| CPU | - | OC (4x1.8 GHz Cortex-A53 & 4x1.0 GHz Cortex-A53) |
| Memory | - | 64 GB (up to 256 GB) |
| OS | - | Android OS, v5.1 (Lollipop) |
| Bluetooth | - | v4.1, A2DP, LE |

မကြာခင်မှာထွက်ရှိလာတော့မယ့် Meizu m3 Max ကို ဘက်ထရီစွမ်းအားပိုင်းမှာ အထူးမြှင့်တင်ပေးထားပြီး မျက်နှာပြင်ကျယ်ကျယ်ကိုအသုံးပြုနိုင်ပါတယ်။ GSM, HSPA နဲ့ LTE networks တွေမှာသုံးစွဲနိုင်ပြီး Nano SIM Card 2 Card ကို တစ်ပြိုင်နက်တည်း ထည့်သွင်းသုံးနိုင်ပါမယ်။ ဖုန်းအရွယ်အစားက 163.4x81.6x7.9 mm ရှိပြီး 189g အလေးချိန်ရှိပါတယ်။ ၆လက်မအကျယ်ရှိတဲ့ မျက်နှာပြင်ကို IPS LCD capacitive touchscreen နဲ့ပြုလုပ်ပေးထားပြီး 1080x1920 pixels ပမာဏရှိတဲ့မြင်ကွင်းစွမ်းအားတွေကိုပြသပေးနိုင်ပြီး ၁လက်မအတိုင်းအတာအရဆိုရင်တော့ ~367ppi pixels သိပ်သည်းဆပမာဏကို ရရှိနိုင်မှာဖြစ်ပါတယ်။ Flyme UI နဲ့ multitouch စနစ်ကိုလည်း အသုံးပြုနိုင်ပါတယ်။ ကြည်လင်ပြတ်သားတဲ့ ဓာတ်ပုံတွေကို ရိုက်နိုင်ဖို့အတွက် အနောက်ကင်မရာက 13MP resolution ရှိပြီး 30fps မှာ 1080p အရည်အသွေးရှိဗီဒီယိုတွေကို ရိုက်ကူးနိုင်ပါတယ်။ အရှေ့ကင်မရာကတော့ 5MP resolution ရှိပါတယ်။ Internal memory 64GB ကိုထောက်ပံ့ပေးထားပြီး RAM ကတော့ 3GB ပါရှိပါမယ်။ ဒါ့အပြင် အပို data တွေကိုသိမ်းဆည်းဖို့အတွက်လည်း micro SD Card ကို 256GB အထိ ထပ်မံစိုက်ထည့်နိုင်ပါတယ်။ ထည့်သွင်းအသုံးပြုပေးထားတဲ့ chipset အမျိုးအစားကတော့ Mediatek MT6755 Helio P10 ပါ။ စွမ်းရည်မြင့်မားတဲ့ Non-removable 4100mAh battery က အသုံးပြုပြီး အားပြန်သွင်းတဲ့အခါမှာ မိနစ် ၃၀အတွင်း ဘက်ထရီစွမ်းအား ၅၀ ရာခိုင်နှုန်းလောက် ပြန်လည်အားဖြည့်ပေးနိုင်ပါတယ်။ Champagn Gold, Silver, Gray နဲ့ Rose Gold ဆိုတဲ့ အရောင် ၃ ရောင်ကို ဝယ်ယူ ရရှိနိုင်မှာပဲဖြစ်ပါတယ်။

## Comparison





| | Huawei P8 Lite | Huawei P9 Lite | Huawei P9 |
|---|---|---|---|
| Display | 5.0 inches | 5.2 inches | 5.2 inches |
| OS | Android OS, v5.0.2 | Android OS, v6.0 | Android OS, v6.0 |
| Battery | Li-Ion 2200 mAh | Non-removable 3000mAh | Li-Ion 3000 mAh |
| Storage | 16 GB | 16 GB | 32 GB |
| Camera | 13 MP | 13 MP | Dual 12 MP |
| Price | 179,000 | 279,000 | 559,000 |
| Contact | 01-381035 | 01-381129 | 01-381035 |






# Vivo V1

Ph: 09-421744111

တရုတ်နိုင်ငံထုတ်ဖုန်းများထဲတွင် Vivo အမှတ်တံဆိပ်သည်လည်း ရောင်းချရမှုအခြေအနေ ကောင်းမွန်ပါတယ်။ ပြည်တွင်းရှိ ဖုန်းဆိုင်အများစုတွင်လည်း Vivo ဟန်းဆက်များကို ရွေးချယ်ဝယ်ယူနိုင်ပါတယ်။ Vivo ဟန်းဆက်တွေထဲတွင် X Shot , X 5 Pro နှင့် X5 Max တို့ဟာ ဈေးနှုန်းတန်ဖိုးမြင့်မားပြီး စွမ်းရည်ကောင်းမွန်သော ဖုန်းအမျိုးအစားများဖြစ်ပါတယ်။ အလယ်အလတ်ဟန်းဆက်များအနေဖြင့် Y51, Y31 နှင့် V1 တို့ကို ပြည်တွင်း၌ဝယ်ယူ ရရှိနိုင်ပါတယ်။ V1 ဟာ မျက်နှာပြင် အရွယ်အစားငါးလက်မရှိခြင်းကြောင့် သုံးစွဲသူများအတွက် ပုံရိပ်ကြည့်ရှု တဲ့အခါတွင်အဆင်ပြေစေပါလိမ့်မယ်။ မြင်ကွင်းစွမ်းရည်အတွက် ထောက်ပံ့ပေးထားသော pixels ပမာဏကတော့ 720 × 1280 ဖြစ်ပါတယ်။ ဆင်းကတ်နှစ်ကတ် ထည့်သွင်းသုံးစွဲလို့ရပါမယ်။ ကင်မရာနှစ်မျိုးနှစ်စား တပ်ဆင်ပေးထားပြီး ကင်မရာနှစ်ခုစလုံးဟာ အရည်အသွေးကောင်းမွန်ပါတယ်။ အနောက်ဘက်ဘေးထောင့်တွင် လေးထောင့်ပုံသဏ္ဍာန်ရှိသော အဓိကကင်မရာသည် 13 MP စွမ်းရည်ရှိပြီး ရှေ့ကင်မရာငယ်ကတော့ 5 MP စွမ်းရည်ဖြစ်ပါတယ်။ ထည့်သွင်းပေးထားသော Chipset အမျိုးအစားကတော့ Qualcomm Snapdragon 410 ပါ။ မှတ်ဉာဏ် ပမာဏအပိုင်းတွင် RAM သည် 2 GB ပါရှိမှာဖြစ်ပြီး Internal Storage တွင် 16 GB ထည့်သွင်းပေးထားပါတယ်။ အချက်အလက်အများအပြား သိမ်းဆည်းနိုင်ဖို့အတွက်လည်း မှတ်ဉာဏ်ပမာဏကို ချဲ့ထွင်အသုံးပြုနိုင်ပါမယ်။ Android OS,v5.0 တွင် FunTouch 2.1 ကို တွဲဖက်သုံးစွဲနိုင်ပါမယ်။ CPU ရဲ့ စွမ်းရည်ဟာ QuadCore 1.2 GHz ဖြစ်ခြင်းကြောင့် ဖုန်းကိုအသုံးပြုတဲ့အခါ၌ လျင်မြန်သော တုံ့ပြန်မှုကိုရရှိခံစားနိုင်ပါလိမ့်မယ်။ Wifi, GPS စနစ်များကို သုံးစွဲနိုင်မယ့် ယခုဖုန်းရဲ့ ဘက်ထရီအမျိုးအစားကတော့ 2300mAh ဖြစ်ပါတယ်။ စကားပြောဆိုဖို့အတွက် ၁၃ နာရီနီးပါးနှင့် သီချင်းနားထောင်ဖို့ ၃၂ နာရီနီးပါး ခံနိုင်စွမ်းရှိပါမယ်။

# Vivo V1 Max

Ph: 09-421744111






Vivo ရဲ့ ဟန်းဆက်များထဲတွင်လည်း နာမည်ဆင်တူသော ဟန်းဆက်များရှိပါတယ်။ V3 နှင့် V3 Max ရှိသလို ရိုးရိုး V1 နှင့် V1 Max ဆိုပြီး နှစ်မျိုးရှိပါတယ်။ V1 Max ကတော့ ၅ လက်မခွဲ မျက်နှာပြင်အကျယ်အဝန်း ရှိပါတယ်။ မြင်ကွင်းစွမ်းရည်အတွက်ထည့်သွင်းပေးထားသော Pixels ပမာဏတွင် V1 နှင့် V1Max မှာ တူညီမှုရှိပါတယ်။ CPU ပိုင်းမှာတော့ ကွဲပြားခြားနားသွားပါမယ်။ V1 က quad- core 1.2GHz စွမ်းရည်ရှိသော CPU သာ ပါရှိမှာဖြစ်ပါတယ်။ V1 Max ကတော့ Octa Core 1.4GHz စွမ်းရည်ရှိသော CPU ပါရှိပါတယ်။ ဒါကြောင့် ဖုန်းကို အသုံးပြုတဲ့အခါတွင် တုံ့ပြန်မှုများဟာ လျင်မြန်သွက်လက်ပါတယ်။ အသုံးပြုနိုင်မယ့် Network အမျိုးအစားကတော့ 2G, 3G ဖြစ်ပါတယ်။ Sim Card 2 ကတ် ထည့်သွင်းသုံးစွဲလို့ရပါမယ်။ ဒါကြောင့် အော်ပရေတာများစွာ အသုံးပြုနေသူများအတွက်အဆင်ပြေစေပါမယ်။ ကင်မရာနှစ်မျိုးနှစ်စားပါရှိပြီး အဓိကကင်မရာဟာ 13MP စွမ်းရည်ပါ။ ရှေ့ကင်မရာငယ်စွမ်းရည်ပိုင်းမှာတော့ V1 က ပိုမိုသာလွန်ပါတယ်။ V1 ရဲ့ရှေ့ကင်မရာငယ်သည် 8MP စွမ်းရည်ရှိပြီး V1 Max ရဲ့ ရှေ့ကင်မရာငယ်ကတော့ 5MP စွမ်းရည်ပဲရှိပါတယ်။ V1 Max ရဲ့ GPU အမျိုးအစားကတော့ Adreno 405 ပါ။ မှတ်ဉာဏ်ပမာဏ အပိုင်းတွင် RAM က 2GB ပါရှိမှာဖြစ်ပြီး ROM ကိုတော့ 16GB ထည့်သွင်းပေးထားပါတယ်။ အများဆုံး တိုးချဲ့အသုံးပြုနိုင်မယ့် မှတ်ဉာဏ်ပမာဏကတော့ 128GB အထိဖြစ်ပါတယ်။ သုံးစွဲလို့ရမယ့် OS အမျိုးအစားကတော့ Android ဖြစ်ပြီး ဗားရှင်းမှာ Lollipop ပါ။ အားသွင်းအသုံးပြုရမယ့် ဘက်ထရီအမျိုးအစားကတော့ Li-Po 2720 mAh ဖြစ်ပါတယ်။ ထိုဘက်ထရီဟာ စကားပြောဆိုချိန်အတွက် ၁၁ နာရီနီးပါးခံနိုင်ရည်ရှိအောင် စွမ်းဆောင်ပေးနိုင်ပါမယ်။ Sensor စနစ်များလည်း ထည့်သွင်းပေးထားပါသေးတယ်။






# Vivo V3

Ph: 01-381035

V3 ဟာ ၂၀၁၆ ခုနှစ် ၄ လပိုင်းက ထုတ်လုပ်ရောင်းချပေးထားခြင်းဖြစ်ပြီး 2G, 3G, 4G Network အထောက်အပံ့များ ပေးစွမ်းနိုင်ပါတယ်။ ဖုန်းရဲ့ အရွယ်အစားပမာဏကတော့ 143.6 × 71 × 7.5 mm ရှိပြီး အလေးချိန်မှာ 138 g ဖြစ်ပါတယ်။ ဆင်းကတ်နှစ်ကတ် ထည့်သွင်းအသုံးပြုနိုင်မယ့် ဖုန်းအမျိုးအစားပါ။ ဖုန်းမျက်နှာပြင်အတွက် IPS LCD Capacitive Touch Screen ကို အသုံးပြုပေးထားပြီး မျက်နှာပြင်အကျယ်အဝန်းကတော့ 5 inches ဖြစ်ပါတယ်။ မြင်ကွင်းစွမ်းရည်အတွက် ထောက်ပံ့ပေးထားသော Pixels ပမာဏမှာ 720 × 1280 ဖြစ်ပြီး တစ်လက်မမှာရှိမယ့် Pixel ပမာဏ သိပ်သည်းဆကတော့ 294 ppi ပါ။ Vivo မှ အထူးသီးသန့် ပြုလုပ်ထားတဲ့ AK 4375 Hi-Fi Chip မှာ စမ်းသပ်စစ်ဆေးပြီးသော 105 dB နှုန်းရှိတဲ့ SNR စနစ်နှင့် မူလအသံများကို ပျက်စီးစေနိုင်သော -97dB နှုန်းရှိ အသံများကို ဖယ်ရှားပေးနိုင်သော စနစ်များကြောင့် သီချင်းနားထောင်ရာတွင် ဂီတသံစဉ်များကို နူးညံ့သိမ်မွေ့စွာနှင့် စိတ်ကျေနပ်စရာ Hi-Fi အသံစနစ်ကို ခံစားနိုင်မှာဖြစ်ပါတယ်။ Multitouch စနစ်တွင် Funtouch OS 2.5 ကို သုံးစွဲနိုင်ပါမယ်။ အဓိကကင်မရာစွမ်းရည်မှာ 13 MP, f/2.1 ဖြစ်ပြီး ကင်မရာဆက်စပ်ပတ်သက် စနစ်များစွာ ပါရှိပါတယ်။ အရှေ့ကင်မရာငယ်ရဲ့ စွမ်းရည်မှာ 8 MP, f/2.3 ဖြစ်ပါ တယ်။ Chipset ကိုတော့ Qualcomm Snapdragon 616 အမျိုးအစားကို ထည့်သွင်းပေးထားပါတယ်။ CPU မှာ Octa Core စွမ်းရည်ရှိသောကြောင့် ဖုန်းကို အသုံးပြုတဲ့အခါတွင် လျင်မြန်သော တုန့်ပြန်မှုများကို ပေးစွမ်းပါလိမ့်မယ်။ GPU အမျိုးအစားမှာ Adreno 405 ပါ။ မှတ်ဉာဏ်ပမာဏအပိုင်းတွင် RAM ကို 3 GB ထည့်သွင်းပေးထားပြီး Internal Storage တွင် 32 GB ပါရှိပါတယ်။ အချက်အလက် အများအပြား သိမ်းဆည်းနိုင်စေဖို့အတွက်လည်း Cardslot စနစ် ထည့်သွင်းပေးထားပါသေးတယ်။ အားသွင်းအသုံးပြုရမယ့် ဘက်ထရီအမျိုးအစားမှာ Li-Ion 2550 mAh ဖြစ်ပါတယ်။

# Vivo V3 Max

Ph: 09-73211112






အထူးသီးသန့် ဖန်တီးထားသည့် Smart Amp နည်းပညာနှင့် အသံချဲ့ပေးသော အိမ်သုံးရုပ်ရှင်ရုံအသံပိုင်းဆိုင်ရာ chip ပါဝင်တာကြောင့် Vivo ရဲ့ V3Max ဟာ အသံအားကောင်းပြီး အလွန်ကြည်လင်ပြတ်သားသော အသံနှင့် ထူးခြားဆန်းကြယ်လှတဲ့ အသံပိုင်းဆိုင်ရာ ပေးစွမ်းမှုများကို အပြည့်အဝ ခံစားနိုင်မှာပါ။ 2.5D အချိုးကျတဲ့ ဖန်သားအရှေ့ကာဗာနဲ့ သေသပ်ပြီးလှပတဲ့ ဘေးဘောင်အကွေးပုံစံများကြောင့် V3Max ဟာ အံ့သြဖွယ်ကောင်းတဲ့ ဖုန်းပုံစံများကို ပိုင်ဆိုင်ထားပါတယ်။ အလူမီနီ ယံသတ္တုစပ် အနောက်ကာဗာကို ဂေါ်မိတ်ကျောက်တစ်မျိုးနဲ့ ဖုံးအုပ်ထားပြီး အရောင်မကျစေရန်နှင့် ပိုမိုခိုင်မာစေရန် Anodized သတ္တုရောစပ်နည်းပညာအသုံးပြု၍ ပြုလုပ်ထားပါတယ်။ V3Max မှာ စွမ်းရည်မြင့် Battery အမြန် အားသွင်းနိုင်သော အားသွင်းနှုန်းနှစ်ဆမြှင့်စနစ် ပါဝင်တာကြောင့် အားသွင်းမှု ပိုမိုမြန်ဆန်ပါတယ်။ (၅) မိနစ်အားသွင်း လိုက်ရုံဖြင့် (၂) နာရီကြာမြင့်စွာ ဂီတသံစဉ်များကို နားဆင်နိုင်ပါတယ်။ အသစ်ထပ်မံစီစဉ်ပေးထားသော စွမ်းအားချွေတာရေးစနစ် များကြောင့် သင့်ဖုန်းကို ဘာမှစိုးရိမ်စရာမလိုဘဲ စိတ်ချစွာဖြင့် ပိုမိုကြာရှည်သော Battery သက်တမ်းကို အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ 8 MP ရှိတဲ့ အရှေ့ကင်မရာမှာ အသံဖြင့်ဓာတ်ပုံရိုက်စနစ်၊ လက်ဝါးဖြင့်ဓာတ်ပုံရိုက်စနစ်နှင့် လက်ဗွေရာဖြင့် ဓာတ်ပုံရိုက်စနစ် စတဲ့ စိတ်ကျေနပ် စရာစနစ်များလည်း ပါရှိပါတယ်။ YouTube မှ ဗီဒီယိုများကို ကြည့်နေစဉ်မှာ ဝင်လာသော message များကို တစ်ချိန်တည်း အသုံးပြုနိုင်ပါတယ်။ V3 Max ရဲ့ Smart Split နည်းပညာဟာ ပြည့်စုံမှုရှိပါတယ်။ အချက်ပြပုံစံလေးကို တစ်ချက်နှိပ်လိုက်ရုံဖြင့် ဖုန်းမျက်နှာပြင်တွင် နှစ်ခုစလုံးကို ပိုင်းခြားပြီးဖော်ပြပေးမှာဖြစ်လို့ နည်းပညာခေတ်ကြီးထဲမှာ သင့်အား တစ်ချိန်တည်းမှာ တစ်ခုထက်ပိုပြီး အသုံးပြုနိုင်အောင် ထောက်ပံ့ပေးပါလိမ့်မယ်။

# MG's CHOICE

## first CLASS

### Motorola Moto X Style

| | |
|---|---|
| Network | - GSM/HSPA/LTE |
| Weight | - 179g |
| Display size | - 5.7 inches |
| Display Type | - IPS LCD capacitive |
| Camera | - 21 MP |
| Memory | - 16/32 GB |
| OS | - Android OS, v5.1.1 |
| CPU | - Hexa-core |
| Phone | - 01-381129 |

**719,000 Ks**



## first CLASS

### HTC One ME

| | |
|---|---|
| Network | - GSM/HSPA/LTE |
| Weight | - 155g |
| Display Size | - 5.2 inches |
| Display Type | - Capacitive Touch |
| Camera | - 20 MP |
| Memory | - 32 GB |
| OS | - Android OS, v5.0.2 |
| CPU | - Octa-Core 2.2GHz |
| Phone | - 01-381035 |

**399,000 Ks**




## first CLASS

### LG Stylus 2

| | |
|---|---|
| Network | - GSM/HSPA/LTE |
| Display Size | - 5.7 inches |
| Display Type | - IPS LCD capacitive |
| Weight | - 145g |
| Camera | - 13 MP |
| Memory | - 16 GB |
| OS | - Android OS, v6.0 |
| CPU | - Quad-Core 1.2GHz |
| Phone | - 09-73171214 |

**295,000 Ks**




## second CLASS

### KENBO Hero K3

| | |
|---|---|
| Network | - GSM/WCDMA |
| SIM | - Dual Sim |
| Display Size | - 5.0 inches |
| Dimensions | - 146.5x71x8.2mm |
| CPU | - Quad-core 1.2 GHz |
| Memory | - 16GB |
| Camera | - 13 MP |
| OS | - Android OS, v4.4 |
| Phone | - 09-258451418 |

**219,000 Ks**



## second CLASS

### Meizu m3 note

| | |
|---|---|
| Network | - GSM/HSPA/LTE |
| Display Size | - 5.5 inches |
| Display Type | - LTPS IPS LCD |
| Weight | - 163 g |
| CPU | - Octa-core |
| Memory | - 16 GB |
| Camera | - 13 MP |
| OS | - Android OS, v5.1 |
| Phone | - 01-224502 |

**175,000 Ks**




## second CLASS

### Xiaomi Mi 4c

| | |
|---|---|
| Network | - GSM/HSPA/LTE |
| Display Type | - IPS LCD capacitive |
| Display Size | - 5.0 inches |
| Weight | - 132g |
| CPU | - Hexa-Core |
| OS | - Android OS, v5.1.1 |
| Camera | - 13 MP |
| Memory | - 16 GB |
| Phone | - 01-224502 |

**125,000 Ks**



## third CLASS

### Lenovo A5600

| | |
|---|---|
| Network | - 3G |
| Weight | - 100g |
| Display Size | - 5.5 inches |
| Display Type | - IPS Capacitive |
| CPU | - Quad-Core 1 GHz |
| Memory | - 8 GB |
| Camera | - 8 MP |
| OS | - Android OS, v5.1 |
| Phone | - 01-382868 |

**93,000 Ks**



## third CLASS

### Asus Zenfone 4

| | |
|---|---|
| Network | - GSM/HSPA |
| Weight | - 115g |
| Display Type | - TFT capacitive |
| Display Size | - 4.0 inches |
| Camera | - 5 MP |
| Memory | - up to 64GB |
| OS | - Android OS, v4.3 |
| CPU | - Dual-Core 1.2 GHz |
| Phone | - 01-252988 |

**89,000 Ks**




## third CLASS

### Coolpad 7298D

| | |
|---|---|
| Network | - 2G, 3G |
| Weight | - 104.6 g |
| Display Size | - 5.5 inches |
| Memory | - 4GB |
| Camera | - 5 MP |
| Bluetooth | - Yes |
| CPU | - Quad-core 1.2GHz |
| OS | - Android OS, v4.2 |
| Phone | - 01-371923 |

**75,000 Ks**



## Used Phone

### Apple iPad 3 Wi-Fi

| | |
|---|---|
| Network | - WiFi |
| Weight | - 652 g |
| Type | - LED-backlit |
| Camera | - 5 MP |
| Memory | - 64 GB |
| OS | - iOS 5.1 |
| Display Size | - 9.7 inches |
| Phone | - 09-450039844 |

**265,000 Ks**



## Used Phone

### Samsung Galaxy S4

| | |
|---|---|
| Network | - GSM/HSPA |
| Display Type | - Super AMOLED |
| Weight | - 130 g |
| Size | - 5.0 inches |
| Camera | - 13 MP |
| Memory | - up to 64GB |
| CPU | - Octa-core |
| Phone | - 09-450039844 |

**185,000 Ks**




## Used Phone

### Sony Xperia C4 Dual

| | |
|---|---|
| Network | - GSM/HSPA/LTE |
| Weight | - 147g |
| Size | - 5.5 inches |
| Type | - IPS LCD capacitive |
| Camera | - 13 MP |
| Memory | - 16 GB |
| OS | - Android OS, v5.0 |
| Phone | - 09-254004420 |

**155,000 Ks**










# အိုးမဲ့အိမ်မဲ့များအသုံးများသည့် LinkNYC စက်ငယ်

ငြိမ်း ချမ်း တိုး




မည်သို့ပင်တိုးတက်သောနိုင်ငံဖြစ်ပါစေ အိုးမဲ့အိမ်မဲ့များ ရှိပါသည်။ လူသွားလူလာများသည့်လမ်းများတွင် ငွေအကြွေ တောင်းသောသူများလည်း ရှိပါသည်။ သို့သော်နိုင်ငံအလိုက် သတ်မှတ်ထားသော စည်းကမ်းများအရ အချို့မှာတတ်ထား သောပညာများကိုသုံး၍ ငွေအကြွေတောင်းခံကြပါသည်။ ဗီကာ အသေးများဖြင့်သီချင်းဆို၍ ငွေအကြွေအလှူခံသည့်သူများရှိ သလို၊ တူရိယာတစ်မျိုးမျိုးကိုတီးခတ်၍ အလှူခံသူများလည်း ရှိပါသည်။ အချို့သော အခြေခံလူတန်းစားများမှာ နေစရာရှိ သော်လည်း စားဝတ်နေရေးအတွက် ရုပ်ထုပုံသဏ္ဍာန်ဝတ်ဆင် ခြယ်သ၍ငွေကြေးရှာဖွေကြပါသည်။ အိုးမဲ့အိမ်မဲ့များ၊ ဆင်းရဲနွမ်း ပါးသူများ၊ အခြေခံလူတန်းစားများကို အသုံးချအမြတ်ထုတ်ကာ ငွေကြေးရှာဖွေခြင်းများလည်းရှိပါသည်။ သက်ကြီးရွယ်အိုများ၊ ကလေးများကို ဗန်းပြငွေကြေးတောင်းခိုင်းသော ဂိုဏ်းများရှိပါသည်။ အချို့သောအိုးမဲ့အိမ်မဲ့များ၊ ငွေကြေးတောင်းခံသည့် သူများသည်ဝင် ငွေကောင်းကြပြီး၊ ချမ်းသာကြပါသည်။ နေ့စဉ်တောင်းခံရရှိသောငွေကြေး မှာများပြားသောကြောင့် အိမ်နှင့်ကားများ ပင်ဝယ်ထားနိုင်ကြပါသည်။ သို့သော် ငွေကြေးတောင်းခံသည့်အလုပ်ကိုတော့ စွန့်လွှတ်ခြင်းမပြုကြ ပါဘူး။ သက်ဆိုင်ရာရဲတပ်ဖွဲ့များ စစ်ဆေးဖမ်းဆီးသည့်အခါ အဖြစ်အပျက် အမှန်များပေါ်ပေါက်ခြင်းရှိသလို၊ အချို့ကိစ္စများမှာ ငွေကြေးတောင်းခံ သောသူများသေဆုံးသည့်အခါမှသာ အဖြစ်မှန်ပေါ်ပေါက်ကြပါသည်။ငွေ ကြေးတောင်းခံသည့်သူများ၏ ဝင်ငွေကိုအားကျသောကြောင့် အချို့မှာလေ ယာဉ်စီးစီး၍ နိုင်ငံခြားတွင်ငွေကြေးတောင်းရန်ပင် ကြံစည်ကြပါသည်။

တိုးတက်လာသောနည်းပညာကို လူတန်းစားမရွေးအသုံးပြုနိုင်ပါ သည်။ ထိုသို့အသုံးပြုနိုင်ရန်လည်း သက်ဆိုင်သူများမှကြိုးစားဆောင်ရွက် ပေးထားခြင်းဖြစ်ပါသည်။ ငွေကြေးနည်းပါးသောနည်းပညာပစ္စည်းများ ကိုထုတ်လုပ်ပေးထားခြင်းကြောင့် မဖွံ့ဖြိုးသေးသည့်ဒေသများရှိ နွမ်းပါး သူများပင် တန်ဖိုးနည်းသောနည်းပညာထုတ်ကုန်များကို ဝယ်ယူသုံးစွဲနိုင် ကြပါသည်။ နည်းပညာစနစ်များကို အခမဲ့အသုံးပြုနိုင်ရန်လည်း WiFi စနစ်များကထောက်ပံ့ပေးထားပါသည်။ ငွေကြေးမကုန်ကျဘဲသုံးနိုင်ခြင်း ကြောင့် WiFi လွှင့်သောနေရာများတွင် သွားရောက်သုံးစွဲသူအများအပြား လည်းရှိပါသည်။ အချို့သောစီးပွားရေးလုပ်ငန်းများ၊ စားသောက်ဆိုင်များ သည် စားသုံးသူများပိုမိုလာရောက်စေရန် WiFi လွှင့်ထုတ်ပေးကြပါသည်။ တိုးတက်သောနိုင်ငံများ၏ မြို့ကြီးများတွင် WiFi လွှင့်ထုတ်ပေးသည့်နေရာ အများအပြားရှိပါသည်။ နိုင်ငံဝင်ပေါက်ဖြစ်သော လေဆိပ်ကတည်းကပင် ခရီးသည်များအနေဖြင့် WiFi ကိုရယူသုံးစွဲနိုင်ပါသည်။ New York မြို့ရှိ လမ်းများတွင် နည်းပညာစနစ်များကို လွယ်ကူအဆင်ပြေစွာ သုံးစွဲနိုင်စေ ရန်အတွက် WiFi ထုတ်လွှင့်ပေးသည့်တယ်လီဖုန်းရုံပုံစံ၊ ကြော်ငြာဘုတ်ပုံစံ LinkNYC စက်များ တပ်ဆင်ပေးထားပါသည်။ အဆိုပါလုပ်ငန်းစဉ်ကို 2014 ခုနှစ်၊ 11လပိုင်းတွင်မြို့တော်ဝန်ရုံးမှအသိပေးကြေညာခဲ့ပါသည်။ ဖုန်းရုံအဟောင်းများ၏နေရာတွင် အစားထိုးအသုံးပြုနိုင်စေရန်ဆောင်ရွက် ခြင်းလည်းဖြစ်ပါသည်။ 2016ခုနှစ်၊ ဇန်နဝါရီလတွင်LinkNYCစက်များ ကို လမ်းထက်တွင်မြင်တွေ့နိုင်ခဲ့ကြပါသည်။ New York မြို့၏ မြို့ပြဒေသ တွင် အဆိုပါစက်ငယ် 7,500ခန့်ကျင်ခန့်ဖြင့် ကွန်ရက်ဖြန့်ကြက်ရန် မျှော်မှန်းထားပါသည်။ စမတ်မြို့တော်များ တည်ဆောက်ရန်ကြိုးစားနေ ခြင်းကြောင့် ခေတ်မီအသုံးအဆောင်များ၊ စက်ကိရိယာများ၏ပံ့ပိုးမှုလိုအပ် ပါသည်။ LinkNYC ရဲ့စက်များကိုစမတ်မြို့တော်၏ အင်္ဂါရပ်တစ်ခုအဖြစ် လည်းယူဆနိုင်ပါသည်။

အဆိုပါ LinkNYC စက်ငယ်သည် 9.5 ပေအမြင့်ရှိပြီး၊ gigabit နှုန်းကိုပေးနိုင်ပါသည်။ USB အားသွင်းပေါက်လည်းပါရှိကာ၊ အခမဲ့ဖုန်း ခေါ်ဆိုမှုများလည်း ပေးထားပါသည်။ အရေးပေါ်ခေါ်ဆိုနိုင်ရန်အတွက် လည်း 911 နံပါတ်ကိုထည့်သွင်းပေးထားပါသည်။ နားကြပ်ပေါက်လည်း ပါရှိသောကြောင့် အသံပိုင်းသီးသန့်နားဆင်လိုပါက ကိုယ်ပိုင်နားကြပ်များ တပ်ဆင်နားဆင်နိုင်ပါသည်။ မြို့တော်၏ဝန်ဆောင်မှုများ၊ မြေပုံနှင့် သတင်းအချက်အလက်များကို တို့ထိမျက်နှာပြင်တွင် ကြည့်ရှုနိုင်ပါသေး သည်။ အများပြည်သူဝန်ဆောင်မှုဆိုင်ရာအသိပေး သတင်းအချက် အလက်များ၊ စီးပွားရေးကြော်ငြာများကို စက်၏ဘေးနှစ်ဖက်ရှိ 55 လက်မ HD မျက်နှာပြင်တွင် ဖော်ပြပေးပါသည်။ အဆိုပါစက်များကို အသုံးများသော သူများမှာ အိုးမဲ့၊ အိမ်မဲ့များဖြစ်လာပါသည်။ မြို့တော် အနေဖြင့်ဘယ်သူတွေအသုံးပြုသည် ဆိုတာကို ခြေရာကောက်ခြင်း မရှိ ပေမယ့် အကြမ်းဖျင်းအားဖြင့် လေ့ လာသည့်အခါတွင် အိုးအိမ်မဲ့သူများ အသုံးများသည်ကို တွေ့ရှိရခြင်းဖြစ် ပါသည်။ ပလတ်စတစ်အိတ်များလွယ် ၍ လျှောက်သွားနေသူအချို့နှင့် တွန်း လိမ်နေသော ဈေးဝယ်လက်တွန်း လှည်းများကိုတွန်း၍ သွားလာနေသူ များကို Manhattan တွင်တွေ့မြင်နေရပါသည်။ "ဒါဟာအခမဲ့ဖြစ်ပြီးဒီလိုအသုံးပြုနိုင်ခြင်းကပင် အကောင်းဆုံးသော အစိတ် အပိုင်းဖြစ်ပါတယ်"ဟု စက္ကူအိတ်ကို ကိုင်ဆွဲထားကာဘီယာသောက် ရင်းဖြင့် Manhattan ရှိ LinkNYC စက်ငယ်တွင် R.Kelly video ကိုကြည့်ရှုနေသည့်အရပ်မြင့်မြင့် ယောကျ်ားတစ်ယောက်က ပြောခြင်း ဖြစ်ပါသည်။ ထိုလူသည် သူ၏နာမည်ကိုလမ်းပေါ်တွင်နေသည့် နာမည် ဖြစ်သော Beef Stew လို့သာပြောပါသည်။ Beef Stew သည် အဆိုပါစက်ငယ်တွင် သီချင်းနားထောင်ခြင်း၊ သူ့ဖုန်းကိုအားသွင်း ခြင်းတို့ကိုဆောင်ရွက်ပါသည်။ အမှတ်ရှစ်ရိပ်သာလမ်းရှိ Link-NYC စက်ငယ်၏အရှေ့တွင်ထိုင်နေသော 46 နှစ်အရွယ် Matthew Kane သည်လည်းပြီးခဲ့သည့် တစ်ပတ်ကသူ၏ဖုန်းကို အဆိုပါ စက်ငယ်တွင် အားသွင်းခဲ့ပါသေးသည်။

Kaneသည်လည်း LinkNYC စက်ကိုကောင်းသောမှတ် ချက်သာပေးပါသည်။ Kane ကိုလူတစ်ယောက်က ဘေဒေါ်လာ 20 ဖိုးပေးခဲ့ပါသည်။ နောက်တစ်ယောက်ကတော့ စကားစမြည် ပြောနေသည့် 5 မိနစ်အချိန်မှာပီဇာအပိုင်းတစ်ပိုင်းကိုပေးခဲ့ပါသည်။ လမ်းဘေးတွင်နေသည့် Kane သည်ဟိုမှ၊ သည်မှသူများနဲ့ စကား စမြည်ပြောခြင်းဖြင့်ရင်းနှီးကာ၊ LinkNYC စက်သုံးသူများကိုလည်း အမှတ်တမဲ့သတိပြုမိပါသည်။ စက်အသုံးပြုသူများ၏တစ်ဝက်ခန့် မှာအိုးမဲ့အိမ်မဲ့များဖြစ်သည်ဟု သူအနေဖြင့်ခန့်မှန်းပါသည်။ "တခြား သူများနဲ့ဆက်သွယ် ခွင့်ရတာဟာကောင်းပါတယ်"ဟု သူကဆိုပါ သည်။ လမ်းဘေးတွင်နေထိုင်ကြသည့် အချို့သောအိုးမဲ့အိမ်မဲ့များ သည်မိသားစုဝင်များရှိပြီး၊ အခြေအနေအကြောင်းကြောင်းကြောင့် မိသားစုနဲ့ခွဲခွာကာလမ်းပေါ်တွင် နေထိုင်ကြခြင်းဖြစ်ပါသည်။ ထိုသူ များအနေဖြင့် မိသားစုနဲ့ဆက်သွယ်လိုပါကအဆိုပါစက်ကို အသုံးပြုနိုင်ပါ သည်။ အသက် 16 နှစ်အရွယ် Aniya Lee သည်လည်း 183 လမ်းနှင့် Creston ရိပ်သာလမ်းရှိ LinkNYC စက်ကိုရုံဖုန်းရုံခါ အသုံးပြုပါသည်။ YouTube မှသီချင်းများကို ကြည့်ရှုနားဆင်ရန်သုံးခြင်းဖြစ်ပြီး၊ သူမက တော့သက်သောင့်သက်သာ မရှိကြောင်းမှတ်ချက်ပြုပါသည်။ email လိပ်စာဖြင့်စာရင်းသွင်းပြီးအခမဲ့ WiFi ကို သုံးစွဲနိုင်သောကြောင့် စမတ်ဖုန်း (သို့) laptop များနဲ့နည်းပညာစနစ်များကို သုံးစွဲနိုင်ပါမည်။ WiFi အတွက် ထောက်ပံ့ပေးသည့်အထဲတွင် အကျိုးတူပူးပေါင်းလုပ်ကိုင်သည့် CityBridge နည်းပညာကုမ္ပဏီလည်း ပါဝင်ပါသည်။

အချို့သောသူများကတော့ အဆိုပါစက်ငယ်ရှိရာအရပ်တွင် အေးအေး ဆေးဆေးဖြင့် နည်းပညာစနစ်များကို အသုံးပြုကြပါသည်။ "လူအချို့ အချိန်အများစု သုံးစွဲနေတာကိုမြင်တွေ့နိုင်ပါတယ်"ဟု 34လမ်းရှိလက်လီ အရောင်းဆိုင်မှ Dan Pisark ကပြောပါသည်။ အိုးမဲ့အိမ်မဲ့များအတွက် သာမကအခြားသူအားလုံး (အင်တာနက်ကွန်ရက်ရရန်ခက်ခဲသူများ)ကွန် ရက်ရရှိရန် မျှော်လင့်ကြောင်း မြို့တော်တာဝန်ရှိသူများကဆိုပါသည်။ အလုပ်အကိုင်ရှာဖွေရေးအတွက်လည်း အဆိုပါစက်များကိုအသုံးပြုနိုင်ပါ သေးသည်။ အလုပ်အကိုင်မရှိခြင်း၊ ဝင်ငွေမရှိခြင်းကြောင့် အိမ်ရာမဲ့ကြ ရသူများရှိရာ ပြန်လည်ကြိုးစားရပ်တည်ပါက အဆင်ပြေသောအနေ အထားကိုပိုင်ဆိုင်နိုင်ကြပါသည်။ ထို့ကြောင့် အချို့သောအိမ်ရာမဲ့များ သည် ထိုစက်ငယ်ကိုသုံး၍ အလုပ်နေရာများရှာဖွေစုံစမ်းကြပါသည်။ သာမန်သူများအတွက်လည်း ငွေကုန်မှုမရှိဘဲအလုပ်နေရာများကို စုံစမ်း နိုင်ကြပါသည်။ အသက်39နှစ်အရွယ် Michael Klein သည် သူ့အဖေ အိမ်မှနှင် ချလိုက်သည့်အချိန်မှစ၍ လူအမျိုးမျိုးဖြင့်စုပြီးနေထိုင်ခဲ့ပါသည်။ Klein သည် LinkNYC စက်ကိုသုံး၍ သတင်းအချက်အလက်များရှာ ဖွေသလို၊ ဖုန်းခေါ်ခြင်းလည်းလုပ်ဆောင်ပါသည်။ အလုပ်အကိုင်ရှာဖွေ ရေးဆိုင်ရာ website များ၊ စာမျက်နှာများတွင်လည်း အလုပ်ကိစ္စစုံစမ်း ပါသေးသည်။ ပေပေတေတေထိုင်စားနေထိုင်ပုံမျိုးဖြင့် အလုပ်အင်တာဗျူး ဖြေဆိုမသွားခြင်းသည် အကောင်းဆုံးဖြစ်ကြောင်းကိုလည်း သူကပြောဆိုပါ သေးသည်။ Egypt မှလာခဲ့သည့်အသက် 19 နှစ်အရွယ် Rene Angelique သည် New York ကိုရောက်ရှိသည်မှာ နှစ်ပတ်ခန့်သာရှိပါသေး သည်။ သူဟာပန်းခြံရှိခုံတန်းများမှာအိပ်သကဲ့သို့ Manhattan မှာရှိသော LinkNYC စက်အနီးမှာလည်းနေတတ်ပါသည်။ "ဒီစက်တွေဟာ ကျွန်တော့် အတွက်များစွာအကူအညီရစေပါတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော့် ဖုန်းနဲ့ passport ပျောက်သွားလို့ပါ။ ကျွန်တော့်ရဲ့သတင်းရင်းမြစ်အချက် အလက်တချို့ဆုံးရှုံးသွားပါတယ်။ ဒါကြောင့်လမ်းပေါ်မှာအခမဲ့သုံးနိုင်မယ့် နည်းပညာပစ္စည်းတစ်မျိုးလိုအပ်ပါတယ်" ဟု သူကဆိုပါသည်။

ညပိုင်းအချိန်တွင် အကြောင်းအမျိုးမျိုးဖြင့် လမ်းမထက်သွားလာ နေရသူများအတွက် အရေးပေါ်ဆက်သွယ်နိုင်သည့် စက်ကိရိယာများရှိ ခြင်းသည် အန္တရာယ်များမဖြစ်ခင် အထိုက်အလျောက် ကာကွယ်ပေးနိုင် သည့်အနေအထားပင်ဖြစ်ပါသည်။ အများပြည်သူအတွက် တပ်ဆင် ပေးထားသည့်အရာများသည် အဖျက်ဆီးမခံရဖို့လည်း လိုပါသေးသည်။ အချို့သောဆိုးသွမ်းသူများ၏ဖျက်ဆီးလိုသည့်အမူအကျင့်ကြောင့် အများ အတွက်အကျိုးရှိသောပြည်သူ့ပိုင်ပစ္စည်း များမှာမကြာခဏပျက်စီးကြရပြီး၊ ထိန်းသိမ်းပြုပြင်သူများဘက်မှလည်း ကြိမ်ဖန်များစွာပြန်လည် မပြုပြင်နိုင် သောကြောင့်ပျက်စီးသည့်အရာများ များပြားလာသည့်အခါရေရှည်တွင် မြို့ပြအင်္ဂါရပ်ပင်ထိခိုက်နိုင်ပါသည်။



ARTICLE
KNOWLEDGE

# အွန်လိုင်းမှာ ဥပဒေချိုးဖောက်မိနေသလား

**ဒေသက်(ဖြိုးမနေဒစ်ဂျစ်တယ်မဂ္ဂဇင်း)**








ယခုခေတ် အင်တာနက်သုံးစွဲသူအများစု အဘယ်ကြောင့် အွန်လိုင်းကို အလွန်အမင်း စွဲလန်းကြပါသနည်း။ အွန်လိုင်းတွင် မိမိအတွက် ရစရာများရှိသောကြောင့်ဖြစ်သည်။ Multimedia content များကို အွန်လိုင်းမှ တစ်ဆင့် ဖြန့်ဖြူးရောင်းချလာသည့်အခါ ထို content များကို မျှဝေအသုံးပြုမှုများလည်း ရှိလာပါသည်၊ ထိုသို့ အသုံးပြုမှုများသည် ဥပဒေကို ချိုးဖောက်ရာကျကြောင်း မသိသဖြင့် ချိုးဖောက်မိသူများပါသည်။ မူပိုင်ခွင့် ဥပဒေအတိအကျ အကျိုးသက်ရောက်လာသည့်အခါ ဥပဒေကို မသိသဖြင့် ချိုးဖောက်မိပါသည်ဟု ဆင်ခြေပေး၍မရပါ။ လတ်တလောမှာပင် အွန်လိုင်းအသုံးပြုပုံမှားသဖြင့် ဥပဒေချိုးဖောက်သည်ဟု တရားစီရင်ခံရပြီး ထောင်နန်းစံရသူများလည်း ရှိနေပါပြီ။ မည်သည့်အရာများသည် အွန်လိုင်း၌ ဥပဒေချိုး ဖောက်ရာကျပါသနည်း။

## အွန်လိုင်း၌ identity အတုဖန်တီးခြင်း

အွန်လိုင်း website တစ်ခုခု (လူမှုကွန်ရက်တစ်ခုခုဖြစ်ကောင်း လည်းဖြစ်နိုင်သည်) ကို သုံးရာတွင် မိမိဘာသာ ဖန်တီးထားသော နာမည် တစ်ခုခုကို အီးမေးလိပ်စာ အသုံးပြု၍ sign-up လုပ်ခြင်းသည် မည်သူ့ကိုမှ မထိခိုက်စေပါ။ ဖန်တီးထားသောအမည်ကိုသုံး၍ account ဖန်တီးခြင်းသည် အရောင်းမြှင့်တင်ရေးကြော်ငြာများကို ရှောင်လွှဲနိုင်စေမည့် အကောင်းဆုံးနည်းလမ်းတစ်ခု ဖြစ်ပါသည်။

သို့ရာတွင် ထိုမှတစ်ဆင့်တက်ပြီး အွန်လိုင်းတွင် အမည်လိမ်ဖြင့် account တစ်ခုဖွင့်ကာ website များတွင် လိမ်လည်လှည့်ဖျားရန် သို့တည်းမဟုတ် အခြားသူများကို လိမ်လည်လှည့်ဖျားရန် ကြံမည်ဟုဆိုလျှင် ဒုစရိုက်အမှောင်နယ်ထဲသို့ ရောက်သွားပါပြီ။ လိမ်လည်လှည့်ဖျားမှု ကျူးလွန်ရာရောက်သဖြင့် ဥပဒေကြောင်းအရ အရေးယူခံရပါလိမ့်မည်။

Facebook ကလည်း ဥပဒေကြောင်းဆိုင်ရာနှင့် ပတ်သက်သည့် သဘောထားကို ရှင်းရှင်းလင်းလင်း ထုတ်ဖော်ပြောထားပြီးဖြစ်ရာ ယင်းထဲတွင် ကိုယ်ရေးအချက်အလက် အမှားများမပေးရန်နှင့် account ကို ကိုယ်တိုင်ဖွင့်လှစ်ရန် စသောအချက်များ ပါဝင်သည်။ ထို့ပြင် အခြားသူတစ်ဦးဦး သို့မဟုတ် အခြားကုမ္ပဏီတစ်ခုခု ဟန်ဆောင်ထားသော Profile အား တွေ့ရှိပါက သတင်းပို့ကြရန် user များအား တိုက်တွန်းထားပါသည်။

ထိုသို့ပြုလုပ်ခြင်းသည် ပြစ်မှုကျူးလွန်ခြင်းထက်စာလျှင် Facebook ၏ စည်းကမ်းသတ်မှတ်ချက်များအား ချိုးဖောက်ရာ ပို၍ကျပါသည်။ သို့သော် လူမှုကွန်ရက် account ကို အသုံးပြုပြီး အခြားသူတစ်ဦးဦး၏ သတင်းအချက်အလက်များကို နှိုက်ယူကာ ထိုသူအား စိတ်ဆိုးဒေါသထွက်အောင်ပြုလုပ်ခြင်း သို့မဟုတ် စိတ်အနှောင့်အယှက် ပြုလုပ်ခြင်းသည် ဥပဒေချိုးဖောက်ပြီး ပြစ်မှုကျူးလွန်ရာ ရောက်ပါသည်။

ယခုနှစ်အစောပိုင်းတွင် အင်္ဂလန်နှင့် ဝေလနိုင်ငံရှိ ရှေ့နေများသည် အွန်လိုင်း account အတုဖန်တီး၍ အခြားသူများအား ကြိုးကိုင်ချယ်လှယ်ခြင်းပြုသူအား ဥပဒေကြောင်းအရ အရေးယူတရားစွဲရန် ရှေ့နေများကောင်စီမှတစ်ဆင့် တောက်လျှောက် အကြံပေးခြင်းခံနေရသည်ဟု ဘီဘီစီက သတင်းထုတ်လွှင့်သွားခဲ့ပါသည်။ တရားစွဲမည့်ကိစ္စများထဲတွင် အွန်လိုင်း account အတုဖန်တီးခြင်း website များကို ချုပ်ကိုင်ခြင်း၊ website သုံးစွဲသော အခြားသူများအား ထိခိုက်စေခြင်းတို့ ပါဝင်ပြီး ယင်းတို့သည် ဆက်သွယ်ရေးဆိုင်ရာ ကျူးကျော်စော်ကားမှု သို့မဟုတ် ဆက်သွယ်ရေးဆိုင်ရာကြိုးကိုင်မှုထဲတွင် အကြုံးဝင်သည်ဟု ရှေ့နေများကောင်စီက ဆိုသွားခဲ့ပါသည်။

ထိုသို့သောကိစ္စများအတွက် ဖမ်းဆီးအရေးယူခံရနိုင်ပါသလား။ ဖမ်းဆီးအရေးယူခံရမည်ဟု မျှော်လင့်ထားရပါမည်။ ရောင်းကုန်တစ်ခုခု သို့မဟုတ် ဝန်ဆောင်မှုတစ်ခုခုနှင့် ပတ်သက်ပြီး သတင်းအချက်အလက် အတုများပေးပါက ထိုသူအား ဥပဒေအရ ဖမ်းဆီးအရေးယူနိုင်ပါသည်။ Website တစ်ခုတွင် အမည်တုဖြင့် ဝင်ရောက်အသုံးပြုရုံသက်သက်ဖြင့်ရဲက အရေးယူခြင်းမှာ ဖြစ်နိုင်ခြေမရှိသလောက် ဖြစ်သော်လည်း အမည်တုဖြင့် သတင်းမှားများ ဖြန့်ဝေခြင်း၊ အခြားသူတစ်ဦးတစ်ယောက်အား ဂုဏ်သိက္ခာကျဆင်းစေခြင်းတို့သည် ဥပဒေကို ဖောက်ဖျက်ကျူးလွန်ရာကျပြီး ရာဇဝတ်မှုမြောက်ပါသည်။

## မူပိုင်ခွင့်ရှိပြီး အရာများအား Upload တင်ခြင်း

မူပိုင်ခွင့်ရှိပြီးသား အနုပညာပစ္စည်းတစ်ရပ်ရပ်အား တရားမဝင် ရယူသုံးစွဲပြီး အွန်လိုင်းသို့ တင်ခြင်းသည် ဥပဒေကြောင်းအရ ရာဇဝတ်မှုမြောက်ပါသည်။ ပမာဆိုရသော် မိမိ၏အိမ်တွင်းလက်ဖြစ် ဗီဒီယိုတစ်ခုတွင် အခြားသူများရေးဖွဲ့ထားသော သီချင်းတစ်ပုဒ်ကို တရားမဝင်ရယူသုံးစွဲ ခြင်းမျိုးဖြစ်ပါသည်။ မူပိုင်ခွင့်ရှိပြီးအရာ တစ်ခုအား မိမိ website ၌ ထည့်သွင်းအသုံး ပြုလိုပါက ခွင့်ပြုချက်ယူရပါသည်၊ ခြွင်းချက်အနေဖြင့် အနုပညာပစ္စည်း တစ်ရပ်ရပ် သို့မဟုတ် အနုပညာဖျော်ဖြေမှုတစ်ရပ်ရပ်အား ဝေဖန်ရေးသားခြင်း၌ မူရင်းအနုပညာအား ထည့်သွင်းကိုးကား ခြင်းကို ခွင့်ပြုချက်ကင်း လွတ်ခွင့်ပေးထားပါသည်။

Ad-blocker တွေက facebook ကြော်ငြာတွေကို ဖယ်ချင်တယ်။ Facebook က ခွင့်မပြုနိုင်ဘူး။ ဒါကြောင့် မင်းတစ်ချက် ငါတစ်ချက် တိုက်ပွဲကို facebook ပုံမှန်သုံးသူတွေ နေ့စဉ်နဲ့အမျှ တွေ့ရပါလိမ့်မယ်။ blocker တွေဖက်က အရေးသာတဲ့အခါမှာ ကြော်ငြာတွေကို အချိန်အများစုမှာ မမြင်ရဘဲ တစ်ခါတလေမှ မြင်ရပါမယ်။ ပုံမှန်မြင်နေကျ post တွေ တက်မလာတာကိုလည်း သတိထားမိပါလိမ့်မယ်။ နှစ်ဖက်လုံးကတော့ ဓားကုန်ယမ်းကုန် တိုက်ကြမယ့် အခြေအနေရှိပါတယ်။ ကြော်ငြာတွေ ပိတ်ဆို့သုံးနိုင်တဲ့နည်းလမ်းတွေ အများကြီးရှိသလို facebook ဖက်ကလည်း သူ့ code တွေကို အနည်းအပါး အလှည့်အပြောင်း လုပ်ရုံနဲ့ ad-blocker တွေရဲ့ ထိရောက်မှုကို လျှော့ချနိုင်မယ့် အခြေအနေရှိပါတယ်။ အနာဂတ်ကာလမှာ Facebook ပေါ်က ကြော်ငြာတွေကို Ad-blocker တွေက ပိတ်နိုင်မယ်မထင်ဘူးဆိုတဲ့ မှန်းဆချက်တွေလည်း ရှိပါတယ်။ ဒီအခြေအနေ ရောက်ရင်ဖြင့် Facebook ကို ဖြတ်ရင်ဖြတ် မဖြတ်နိုင်ရင် www.facebook.com/ads/preference ကိုဝင်ပြီး ကြော်ငြာ အနည်းဆုံးဖြစ်အောင် ညှိယူဖို့ပဲရှိပါလိမ့်မယ်။





# TUTORIAL ANDROID

# Opera Free VPN-Unlimited VPN

ထက်အောင်

နာမည်ကြီး Browser Opera က Android App အသစ်တစ်ခုကို မိတ်ဆက်လိုက်ပါတယ်။ Opera Free VPN-Unlimited VPN လို့ အမည်ပေးထားပြီး နိုင်ငံကန့်သတ်ချက်ရှိတဲ့ Website များ၊ ဝန်ဆောင်မှုများကိုအသုံးပြုနိုင်မှာဖြစ်ပါတယ်။ သင့်ရဲ့ ကိုယ်ရေးကိုယ်တာဒေတာများလုံခြုံစိတ်ချရတယ်လို့ Opera က အာမခံထားပါတယ်။ အင်တာနက်လိုင်းကိုမကျစေဘူးလို့လည်း အာမခံထားပါတယ်။ အမြန်ဆုံး VPNs ဝန်ဆောင်မှုတွေထဲက တစ်ခုဖြစ်တယ်လို့ Opera က ပြောပါတယ်။ လက်ရှိမှာ နိုင်ငံ ၅ ခုကိုရွေးချယ်နိုင်ပြီးနောက်ပိုင်းမှာ နိုင်ငံအသစ်များ ထပ်ထည့်ပေးမယ်လို့သိရပါတယ်။ Ad Tracker Blocker ပါတဲ့အတွက် Advertisers များ၊ သင်ကြည့်ရှုတဲ့ Website များကို နောက်ယောင်ခံလို့ မရပါဘူး။ Virtual Private Network (VPN) များဟာ သင့်ရဲ့တည်နေရာအမှန်ကို ဖျောက်ပေးထားပြီး သင်ဟာအခြားနိုင်ငံတစ်ခုကနေ အင်တာနက်အသုံးပြုနေတယ်လို့ထင်ရအောင် လှည့်စားပေးထားတာဖြစ်ပါတယ်။ ဥပမာအားဖြင့် အမေရိကန်နိုင်ငံကသာ အသုံးပြုနိုင်တဲ့ အင်တာနက် အခြေပြုရုပ်ရှင်၊ တီဗီစီးရီးဝန်ဆောင်မှုများဖြစ်တဲ့ Netflix, Hulu တို့ကို အမေရိကန်နိုင်ငံပြင်ပကနေ အသုံးပြုနိုင်မှာဖြစ်ပါတယ်။

Opera VPN ကို Phone ရဲ့ Storage တစ်ခုခုထဲကိုထည့်ပြီး တစ်ချက်နှိပ်လိုက်ပါမယ်။ ပြီးရင် Install ကို ဆက်နှိပ်ပါ။




အနည်းငယ်ကြာလာတာနဲ့ Application Install လုပ်ပြီးကြောင်း Box ပေါ်လာပါမယ်။ Done ကိုနှိပ်ပါ။ ပြီးရင် All Application ထဲက Opera VPN ကို ဖွင့်ပါ။




Opera VPN ကို ပထမဆုံးအကြိမ်ဖွင့်ရင် သူ့ရဲ့ဝန်ဆောင်ချက်များကို ပြသပေးမှာဖြစ်ပါတယ်။ Get Started ကို နှိပ်ပြီး ကြည့်နိုင်ပါတယ်။ နောက်ဆုံးစကရင်မှာ အောက်ခြေမှ Got It ကို နှိပ်ပါ။




နောက်အဆင့်မှာ Permission ပေးဖို့အတွက် OK ကို နှိပ်ပါ။




Opera VPN ရဲ့ Home Screen ကိုရောက်ရင် Connect ကိုနှိပ်ပါ။




အနီးစပ်ဆုံးနိုင်ငံဖြစ်တဲ့ စင်္ကာပူကိုသင့်ရဲ့တည်နေရာအဖြစ် သတ်မှတ်ပေးမှာဖြစ်ပါတယ်။ နိုင်ငံပြောင်းလဲချင်ရင် Change Region ကို နှိပ်ပါ။




ဥပမာအားဖြင့် သင်ကအမေရိကန်ကနေသာ ကြည့်ရှုနိုင်တဲ့ Website များ၊ ဝန်ဆောင်မှုများကိုအသုံးပြုချင်ရင် အမေရိကန်နိုင်ငံကိုရွေးပေးပါ။ အမေရိကန်ကိုရွေးပေးပြီးရင် American Only Websites များဖြစ်တဲ့ Hulu, Netflix တို့ကိုအသုံးပြုနိုင်မှာဖြစ်ပါတယ်။




Home Screen ရဲ့ ဒုတိယ Tab မှာအများသုံးဝိုင်ဖိုင်လိုင်းများရဲ့လုံခြုံရေးကိုစစ်ဆေးနိုင်ပါတယ်။ သင်ချိတ်ဆက်နေတဲ့ ဝိုင်ဖိုင်လိုင်းကနေ သင့်ရဲ့ကိုယ်ရေးကိုယ်တာဒေတာများကိုအခြားလူများကခိုးယူနိုင်ပါတယ်။ ဝိုင်ဖိုင်လိုင်းတစ်ခုကိုချိတ်ဆက်ပြီးတာနဲ့ Opera VPN ကနေ အရင်ဆုံးစစ်ဆေးသင့်ပါတယ်။




Home Screen ရဲ့ တတိယ Tab မှာ Guardian ကို Activate လုပ်နိုင်ပါတယ်။ Guardian က အွန်လိုင်းမှာသင်ကြည့်ရှုတဲ့ Website များကို နောက်ယောင်ခံနေတဲ့ Advertisers များကို ကာကွယ်ပေးတာဖြစ်ပါတယ်။ လုံခြုံစိတ်ချစွာအင်တာနက်အသုံးပြုချင်သူများအတွက် အသုံးဝင်ပါတယ်။ Activate Guardian ခလုတ်ကိုနှိပ်ပြီး Activate လုပ်ပေးရမှာဖြစ်ပါတယ်။




စမ်းသပ်အသုံးပြုချင်ရင်တော့ File Size 46MB ရှိပြီး Android Version 4.0.3 နဲ့ သူ့အထက်မှာ အသုံးပြုနိုင်ပါတယ်။ http://goo.gl/IpVQFi မှာ ရယူနိုင်ပါတယ်။

# TECH NEWS

Update

## *News* ***Headline ...***

### Lenovo က စွမ်းဆောင်ရည်သင့် 5.5" P2 ကို မိတ်ဆက်

Lenovo က စွမ်းဆောင်ရည်သင့် စမတ်ဖုန်းအသစ်တစ်လုံးကို မိတ်ဆက်လိုက်ပါတယ်။ Lenovo P2 လို့ အမည်ပေးထားပါတယ်။ ၅.၅ လက်မ Full HD AMOLED Display တပ်ဆင်ထားတဲ့အတွက် အလွန်ကြည်လင်ပြတ်သားတဲ့ ရုပ်ထွက်များကို ခံစားရမှာပါ။ စွမ်းဆောင်ရည်သင့် Qualcomm Snapdragon 625 Chipset မောင်းနှင်မှာဖြစ်ပါတယ်။ 3GB RAM နဲ့ 4GB RAM Model များ ရွေးချယ်နိုင်ပါတယ်။ 32GB Internal Storage ထည့်သွင်းထားပါတယ်။ အနောက်ဘက်မှာ 13MP Sony Camera ကို LED Flash 2 လုံးနဲ့ တွဲဖက်ထားပါတယ်။ အရှေ့ဘက်မှာ 5MP Camera တပ်ဆင်ထားပါတယ်။ လက်ဗွေရာ စစ်ဆေးတဲ့ ကိရိယာလည်း ပါပါတယ်။ 5100mAh Battery တပ်ဆင်ထားတဲ့အတွက် ဘက်ထရီ သက်တမ်းကောင်းမွန်ပါတယ်။ P2 ဟာ အခြားဖုန်းများကို အားသွင်းပေးနိုင်ပါတယ်။ P2 ကို နိုဝင်ဘာလမှာ ဥရောပတွင် မော်ဒယ်အလိုက် ယူရို ၂၄၉၊ ယူရို ၂၉၉ ဖြင့် ရောင်းချမှာပါ။

### Lenovo က တန်ဖိုးနည်း A Plus ကို မိတ်ဆက်

Lenovo A Plus ဟာ တန်ဖိုးနည်း စမတ်ဖုန်းဖြစ်ပါတယ်။ Lenovo A Plus မှာ ၄.၅ လက်မ 854x480 Pixels Display တပ်ဆင်ထားပါတယ်။ 1.3GHz Quad-Core MediaTek MT6580 Chipset မောင်းနှင်မှာဖြစ်ပါတယ်။ 1GB RAM သာပါရှိပါတယ်။ 8GB Internal Storage သာတပ်ဆင်ထားပေမယ့် microSD Card ကို အသုံးပြုနိုင်ပါတယ်။ အနောက်ဘက်မှာ 5MP Camera နဲ့ LED Flash တစ်လုံးကို ပူးတွဲတပ်ဆင်ထားပါတယ်။ အရှေ့ဘက်မှာ 2MP Camera ပါရှိပါတယ်။ 2000mAh Battery ထည့်သွင်းပေးထားပါတယ်။ SIM Card ၂ ခု ထည့်သွင်းအသုံးပြုနိုင်တဲ့ Dual-SIM Version ကိုလည်း ထုတ်လုပ်ပေးထားပါတယ်။ Lenovo A Plus ကို ယူရို ၆၉ နဲ့ ယူရို ၇၉ ဖြင့် မော်ဒယ်အလိုက်ရောင်းချပေးနေပါပြီ။

### Galaxy Note 7 ပေါက်ကွဲမှုရဲ့ အကြောင်းအရင်းကို ရှင်းပြ

Samsung က Galaxy Note 7 ပေါက်ကွဲမှုရဲ့ အကြောင်းအရင်း အကျဉ်းချုပ်ကို ရှင်းပြလိုက်ပါတယ်။ Samsung ရဲ့ ကုမ္ပဏီခွဲ SDI ရဲ့ ဘက်ထရီကြောင့် ယခုလို ပေါက်ကွဲမှုများဖြစ်ပေါ်နေရခြင်းဖြစ်တယ်လို့ အားလုံးက ယူဆထားကြပါတယ်။ အခုတော့ Samsung က သူ့ရဲ့ ဗြိတိန်ဝက်ဆိုက်မှာ အပူလွန်ကဲတဲ့ ဘက်ထရီဖြစ်ပေါ်လာရတဲ့အကြောင်းကို အကျဉ်းချုပ်ရှင်းပြလိုက်ပါတယ်။ Samsung ရဲ့ ပြောကြားချက်အရ Anode က Cathode နဲ့ ထိတွေ့လို့ဖြစ်တယ်လို့ သိရပါတယ်။ Samsung က ဒါဟာ အလွန်ရှားပါးတဲ့ ထုတ်လုပ်မှုဖြစ်စဉ်အမှားလို့ ပြောပါတယ်။ Samsung က သူ့ရဲ့ Customer Service Centers များကို သတင်းပို့တဲ့ ပေါက်ကွဲမှုပေါင်း ၃၅ ခုရှိတယ်လို့ ပြောပါတယ်။ ၁၇ ခုဟာ တောင်ကိုရီးယားမှာ ဖြစ်ပြီး ၁၇ ခုဟာ အမေရိကန်မှာဖြစ်ပါတယ်။ ၁ ခုကတော့ ထိုင်ဝမ်မှာဖြစ်ပါတယ်။ ကမ္ဘာအဝန်းမှာ လူထိခိုက်ဒဏ်ရာရမှု မရှိဘူးလို့ Samsung က ပြောပါတယ်။ Samsung ကတော့ SDI ကြောင့် ဘက်ထရီ ပြဿနာဖြစ်တယ်ဆိုတာ အတည်ပြုခြင်းမရှိဘဲ Suppliers များစွာနဲ့ အလုပ်လုပ်နေတဲ့အတွက် ဘယ်သူ့ကြောင့်ဆိုတာ အတည်ပြုလို့မရဘူးလို့ ပြောပါတယ်။

### Alcatel ရဲ့ Idol 4 Pro လာမည်



Alcatel က Windows 10 Mobile OS ထည့်သွင်းထားတဲ့ Idol 4 Pro ကို တီထွင်နေတယ်လို့ သတင်းများ ထွက်ပေါ်နေပါတယ်။ အခုလည်း Alcatel Idol 4 Pro ရဲ့ ဓာတ်ပုံများ ပေါက်ကြားထွက်ပေါ်လာပါတယ်။ ထွက်ပေါ်နေတဲ့ သတင်းများအရ Idol 4 Pro မှာ ၅.၅ လက်မ Full HD Display တပ်ဆင်ထားပါတယ်။ Qualcomm Snapdragon 820 SoC မောင်းနှင်မှာ ဖြစ်ပါတယ်။ 4GB RAM , 64GB Internal Storage ထည့်သွင်းထားပါတယ်။ microSD Card ကို အသုံးပြုနိုင်ပါတယ်။ အနောက်ဘက်မှာ 21MP Camera တပ်ဆင်ထားပါတယ်။ ကင်မရာမှာ Phase Detection Autofocus နည်းပညာပါပါတယ်။ အရှေ့ဘက်မှာ 8MP Camera တပ်ဆင်ထားပါတယ်။ 3000mAh Battery ပါရှိပါတယ်။ Alcatel က Idol 4 Pro ကို ရောင်းချမယ့် နေ့ရက်ကို မသိရသေးပါဘူး။

## Apple က အနောက်ကင်မရာနှစ်လုံးပါတဲ့ iPhone 7 Plus ကို မိတ်ဆက်




Apple က iPhone 7 Plus ကို မိတ်ဆက်လိုက်ပါတယ်။ အနောက်ဘက်မှာ ကင်မရာနှစ်လုံး တပ်ဆင်ထားပြီး 2x Optical Zoom ကို ပံ့ပိုးပေးထားပါတယ်။ ဒီလိုကင်မရာမျိုးကို LG G5 နဲ့ V20 တို့မှာလည်း အသုံးပြုထားပါတယ်။ Wide Angle Lens နဲ့ Telephoto Lens များဖြစ်ကြပြီး 12 MP Sensors များဖြစ်ပါတယ်။ Nokia, HTC, Google နဲ့ အခြားဖုန်းထုတ်လုပ်သူများက ဒီနည်းပညာကို အသုံးပြုနေကြပြီဖြစ်ပါတယ်။ 12MP Sensor အသစ်များဟာ ၆၀ ရာခိုင်နှုန်း ပိုမိုမြန်ပြီး ၃၀ ရာခိုင်နှုန်း ပိုမိုစွမ်းရည်မြင့်ပါတယ်။ ယခင်မျိုးဆက်မှာလိုပဲ ကင်မရာမှာ Optical Image Stabilization ပါပါတယ်။ အရှေ့ကင်မရာက 7 MP Photo နဲ့ 4K Video များကို ရိုက်နိုင်ပါတယ်။

မှန်လိုတောက်ပြောင်တဲ့ Jet Black အနက်ရောင် မော်ဒယ် အသစ်တစ်ခုကို မိတ်ဆက်လိုက်ပြီး ရွှေ၊ ငွေ၊ နှင်းဆီရွှေရောင်များကိုလည်း ထုတ်လုပ်ပေးထားပါတယ်။ Home Button ကို 3D Touch Button အဖြစ် ပြုလုပ်ပေးထားပြီး ယခင်လို ဖိနှိပ်စရာမလိုဘဲ ဖိအားကို အာရုံခံအလုပ်လုပ်မှာပါ။

3.5mm Headphone Jack ကို ဖယ်ရှားလိုက်တဲ့အတွက် သာမန် Headphone များနဲ့ ချိတ်ဆက်လို့မရတော့ပါဘူး။ Lightning EarPods နဲ့ Lightning Adapter တို့ဖြင့် Headphone များကို ချိတ်ဆက်ရမှာဖြစ်ပြီး iPhone 7 Plus နဲ့ အတူ ထည့်သွင်းပေးထားပါတယ်။ Bluetooth AirPods နားကြပ်ကို ထုတ်လုပ်ပေးထားပြီး ဒေါ်လာ ၁၆၀ ဖြင့် သီးခြားဝယ်ရမှာပါ။ IP67 စံနှုန်းရှိပြီး ရေအနက် ၁ မီတာအထိ ယူဆောင် သုံးနိုင်ပါတယ်။ Quad-Core A10 Fusion Chipset အသစ်ထည့်သွင်းထားပါတယ်။

စက်တင်ဘာလ ၉ ရက်နေ့မှာ ကြိုတင်မှာယူနိုင်ပြီး တန်ဖိုးအနည်းဆုံး 32GB Model ကို ဒေါ်လာ ၇၆၉ သတ်မှတ်ထားပါတယ်။ 128GB, 256GB Model များကိုလည်း ထုတ်လုပ်ပေးထားပြီး စက်တင်ဘာလ ၁၆ ရက်နေ့မှာ စတင်ရောင်းချမှာပါ။

## အနောက်ကင်မရာနှစ်လုံးပါတဲ့ LG V20 ကို မိတ်ဆက်

LG က စွမ်းရည်မြင့် V20 ကို မိတ်ဆက်လိုက်ပါတယ်။ ပေါ့ပါးတဲ့ အလူမီနီယမ် ကိုယ်ထည်တပ်ဆင်ထားပေမယ့် မာကျောပါတယ်။ လေယာဉ်နဲ့ သင်္ဘောများကို တည်ဆောက်ရာမှာ သုံးတဲ့ အလူမီနီယမ်ကို သုံးထားတယ်လို့ LG က ပြောပါတယ်။ အနောက်ကင်မရာရဲ့ အောက်မှာ လက်ဗွေရာစစ်ဆေးတဲ့ ကိရိယာပါပါတယ်။ V20 မှာ ၅.၇ လက်မ IPS Quad HD Display တပ်ဆင်ထားပါတယ်။ စွမ်းရည်မြင့် Snapdragon 820 Chip, 4GB RAM, 64GB Storage ထည့်သွင်းထားပါတယ်။ LG G5 မှာလိုပဲ V20 ရဲ့ အနောက်ဘက်မှာ Laser & Phase Detection Autofocus ပါတဲ့ 16MP OIS Camera နဲ့ Wide-Angle 8MP Camera 2 လုံး ပူးတွဲတပ်ဆင်ထားပါတယ်။ V20 ဟာ Qualcomm ရဲ့ ဗီဒီယိုရိုက်တဲ့ အချိန်မှာ တည်ငြိမ်အောင် လုပ်ပေးတဲ့ နည်းပညာပါတဲ့ ပထမဆုံးဖုန်းဖြစ်ပါတယ်။ လှုပ်ရှားနေတဲ့ အရာဝတ္ထုများကိုလည်း တည်ငြိမ်စွာရိုက်ကူးပေးနိုင်ပါတယ်။ 5MP Selfie Camera, 3200mAh Battery, Android 7.0 Nougat တို့ထည့်သွင်းထားပါတယ်။ အနက်၊ ငွေ၊ ပန်းရောင်များ ထုတ်လုပ်ပေးထားပါတယ်။ ယခုလကုန်မှာ ရောင်းချမှာဖြစ်ပြီး ဈေးနှုန်းကို မသိရသေးပါဘူး။

## 6 လက်မ Meizu M3 Max ကို မိတ်ဆက်

Meizu က ၆ လက်မ Full HD Display တပ်ဆင်ထားတဲ့ Meizu M3 Max ကို မိတ်ဆက်လိုက်ပါတယ်။ Octa-Core MediaTek Helio P10 Chipset ထည့်သွင်းထားပါတယ်။ 3GB RAM, 64GB Internal Storage, 4100mAh Battery တပ်ဆင်ထားပါတယ်။ လျှင်မြန်စွာ အားသွင်းနိုင်တဲ့ နည်းပညာပါပါတယ်။ 13MP Rear Camera, 5MP Front Camera များ တပ်ဆင်ထားပါတယ်။ လက်ဗွေရာ စစ်ဆေးတဲ့ ကိရိယာကို Home Button မှာ မြှုပ်နှံထားပါတယ်။ Android 6.0 Marshmallow အခြေပြု Flyme OS 5.2 မောင်းနှင်မှာဖြစ်ပါတယ်။ Dual SIM ဖြစ်ပေမယ့် SIM Slot တစ်ခုကို microSD Card နဲ့ မျှဝေသုံးရမှာပါ။ 4G VoLTE ဆက်သွယ်မှုကို ထောက်ပံ့ပါတယ်။ ရွှံ့ပိန်ရွှေ၊ ငွေ၊ အညိုနဲ့ နှင်းဆီရွှေရောင်များ ထုတ်လုပ်ပေးထားပါတယ်။ တရုတ်မှာ မိတ်ဆက်လိုက်တာဖြစ်ပြီး ယွမ် ၁၆၉၉ (ဒေါ်လာ ၂၅၅) တန်ကြေးရှိပါတယ်။ စက်တင်ဘာလ ၁၂ ရက်နေ့မှာ တရုတ်မှာ ကြိုတင်မှာယူခွင့်ပြုထားပြီး ၁၅ ရက်နေ့မှာ ရောင်းချမှာပါ။

## Apple က iPhone 7 ကို မိတ်ဆက်




Apple က iPhone 7 ကို မိတ်ဆက်လိုက်ပါတယ်။ ယခင်မျိုးဆက်များမှာ မပါတဲ့ ရေစိုခံခြင်း၊ ဖုန်မှုန့်များ မဝင်အောင် ကာကွယ်ခြင်း စတဲ့ စွမ်းရည်များ ပါလာပါတယ်။ ရေအနက် ၁ မီတာမှာ မိနစ် ၃၀ ကြာ သုံးနိုင်ပါတယ်။ သာမန်အနက်ရောင်အပြင် Jet Black အနက်ရောင်အသစ်ကို မိတ်ဆက်ထားပါတယ်။ ရွှေ ငွေနဲ့ နှင်းဆီရွှေရောင်များကိုလည်း ထုတ်လုပ်ထားပါတယ်။

Headphone Jack ကို ဖယ်ရှားထားပြီး Lightning Port ကနေ ချိတ်ဆက်ရမှာပါ။ Bluetooth AirPods နဲ့လည်း ချိတ်ဆက်နိုင်ပါတယ်။ 3D Touch Home Button အသစ်ကို ထည့်ပေးထားပါတယ်။ အနောက်ဘက်မှာ 12MP Camera တပ်ဆင်ထားပြီး Optical Image Stabilization နည်းပညာပါပါတယ်။ ယခင်မျိုးဆက် ကင်မရာထက် ၆၀ ရာခိုင်နှုန်း ပိုမိုမြန်လာပြီး ၃၀ ရာခိုင်နှုန်း ပိုမိုစွမ်းရည်မြင့်လာပါတယ်။ အရှေ့ကင်မရာက 7MP Photo နဲ့ Full HD Video များကို ရိုက်နိုင်ပါတယ်။ Quad-Core A10 Fusion Chip ထည့်ပေးထားပါတယ်။

ယခင် A9 Chip ထက် ၄၀ ရာခိုင်နှုန်း ပိုမိုမြန်ဆန်လာပြီး A8 ထက် ၂ ဆ မြန်လာပါတယ်။ ဘက်ထရီသက်တမ်းမှာ ယခင် iPhone 6s ထက် ၂ နာရီ ပို အသုံးခံပါတယ်။ ၄.၇ လက်မ Retina Display တပ်ဆင်ထားပါတယ်။ တန်ဖိုးအနည်းဆုံး 32GB Model ကို ဒေါ်လာ ၆၄၉ သတ်မှတ်ထားပါတယ်။ 128GB, 256 GB Model များကိုလည်း ထုတ်လုပ်ပေးထားပါတယ်။ စက်တင်ဘာလ ၉ ရက်နေ့မှာ ကြိုတင်မှာယူနိုင်ပြီး ၁၆ ရက်နေ့မှာ ရောင်းချမှာပါ။

# BUDGET Phones

Type here | Search



## Samsung Galaxy Trend
65,000/-

Ph: 09-73144466

| | |
|---|---|
| Network | 3G |
| Screen | 4.0 inches |
| CPU | 1 GHz |
| RAM | 512MB |
| Camera | 3 MP |
| Storage | 4 GB |
| OS | Android 4.0.4 |
| SIM Card | Dual Sim |



## Samsung Galaxy Next
60,000/-

Ph: 09-73144466

| | |
|---|---|
| Network | 3G |
| Screen | 3.14 inches |
| CPU | 600 MHz |
| RAM | 384 MB |
| Camera | 3.15 MP |
| Storage | 2 GB |
| OS | Android 2.2 |
| SIM Card | Dual Sim |



## Samsung Galaxy Ace
85,000/-

Ph: 09-420098886

| | |
|---|---|
| Network | 2G |
| Screen | 3.7 inches |
| CPU | DC 1.2 GHz |
| RAM | 512 MB |
| Camera | 5 MP |
| Storage | 4 GB |
| OS | Android 2.3 |
| SIM Card | Dual Sim |



## Samsung J1 Mini
99,000/-

Ph: 01-386898

| | |
|---|---|
| Network | 2G |
| Screen | 4.0 inches |
| CPU | QC 1.2 GHz |
| RAM | 768 MB |
| Camera | 5 MP |
| Storage | 8 GB |
| OS | Android 5.1 |
| SIM Card | Dual Sim |



## Huawei Y3 II
77,000/-

Ph: 01-386898

| | |
|---|---|
| Network | 3G/4G |
| Screen | 4.5 inches |
| CPU | QC 1.3 GHz |
| RAM | 1 GB |
| Camera | 5 MP |
| Storage | 8 GB |
| OS | Android 5.1 |
| SIM Card | Dual Sim |



## Asus Zenfone GO
99,000/-

Ph: 01-398436

| | |
|---|---|
| Network | 3G |
| Screen | 4.5 inches |
| CPU | QC 1.2 GHz |
| RAM | 1 GB |
| Camera | 8 MP |
| Storage | 4 GB |
| OS | Android 5.1 |
| SIM Card | Dual Sim |



## Huawei Y336
70,000/-

Ph: 01-245281

| | |
|---|---|
| Network | 3G |
| Screen | 4.0 inches |
| CPU | QC 1.4 GHz |
| RAM | 512MB |
| Camera | 5 MP |
| Storage | 4 GB |
| OS | Android 5.1 |
| SIM Card | Dual Sim |



## Ooredoo Smart 10
34,000/-

Ph: 09-420098886

| | |
|---|---|
| Network | 3G |
| Screen | 4.0 inches |
| CPU | QC 1.2 GHz |
| RAM | 512 MB |
| Camera | 2 MP |
| Storage | 4 GB |
| OS | Android 5.1 |
| SIM Card | Dual Sim |



## Cherry Mobile Topaz
29,000/-

Ph: 09-790150751

| | |
|---|---|
| Network | 3G |
| Screen | 4.0 inches |
| CPU | QC 1.2 GHz |
| RAM | 512 MB |
| Camera | 3.5 MP |
| Storage | 2 GB |
| OS | Android 4.2.2 |
| SIM Card | Dual Sim |

# KEYPAD Phones

Type here | Search



## Super True
18,000/-

Ph: 09-420098886

| | |
|---|---|
| Network | 3G |
| Screen | 2.5 inches |
| Camera | 2.0 MP |
| Storage | Cardslot |
| Bluetooth | Yes |
| OS | Java |
| SIM Card | Single Sim |



## Ooredoo G9
20,000/-

Ph: 09-420098886

| | |
|---|---|
| Network | 3G |
| Screen | 2.5 inches |
| Camera | 1.3 MP |
| Storage | Cardslot |
| Bluetooth | Yes |
| OS | Java |
| SIM Card | Dual Sim |



## ZTX G830G
38,000/-

Ph: 09-420098886

| | |
|---|---|
| Network | GSM |
| Screen | 2.0 inches |
| Camera | 3.2MP |
| Storage | Cardslot |
| Bluetooth | Yes |
| OS | Java |
| SIM Card | Dual Sim |



## Gionee L800
30,000/-

Ph: 09-255803351

| | |
|---|---|
| Network | GSM |
| Screen | 2.2 inches |
| Camera | 1.3MP |
| Storage | Cardslot |
| Bluetooth | Yes |
| OS | Java |
| SIM Card | Dual Sim |



## Cherry Mobile C6
16,000/-

Ph: 09-790150751

| | |
|---|---|
| Network | 3G |
| Screen | 1.77 inches |
| Camera | 1.3MP |
| Storage | Cardslot |
| Bluetooth | Yes |
| OS | Java |
| SIM Card | Dual Sim |



## Cherry Mobile M1
13,000/-

Ph: 09-790150751

| | |
|---|---|
| Network | 3G |
| Screen | 2.4 inches |
| Camera | VGA |
| Storage | Cardslot |
| Bluetooth | Yes |
| OS | Java |
| SIM Card | Dual Sim |



## Cherry Mobile D5
15,000/-

Ph: 09-790150751

| | |
|---|---|
| Network | 3G |
| Screen | 2.4 inches |
| Camera | 1.3MP |
| Storage | Cardslot |
| Bluetooth | Yes |
| OS | Java |
| SIM Card | Dual Sim |



## Cherry Mobile D18tv
15,000/-

Ph: 09-790150751

| | |
|---|---|
| Network | 3G |
| Screen | 2.4 inches |
| Camera | 1.3MP |
| Storage | Cardslot |
| Bluetooth | Yes |
| OS | Java |
| SIM Card | Dual Sim |

ဖုန်းဈေးနှုန်းများကို Jay Mart Mobile, D-Mobile နှင့် Lulay Mobile ဆိုင်များမှကောက်ယူထားပါသည်။ 12-9-2016 နေ့အထိ ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်။

# SHOP VIEW

## Tha Paye Pwint Computer & Mobile



### တည်နေရာ

အမှတ် (၂၁၄)၊
ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း- ၀၁-၃၇၅၅၀၁၊
၀၉-၇၃၀၄၇၉၇၄၊

### Tha Paye Pwint ဆိုင်အကြောင်း

Tha Paye Pwint ဆိုင်ကိုတော့ ၂၀၁၀ခုနှစ် ၄လပိုင်းမှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ဆိုင်ခွဲတွေကတော့ ဖွင့်လှစ်ထားခြင်း မရှိသေးပါဘူး။ ဒီဆိုင်မှာဆိုရင် မိုဘိုင်းဖုန်းအပြင် ဖုန်းဆက်စပ်ပစ္စည်းတွေ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းတွေကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူနိုင်ပါတယ်။

### Tha Paye Pwint မှပေးချင်သော Message

ဒီဆိုင်မှာဆိုရင်တော့ မိုဘိုင်းဟန်းဆက်အမျိုးအစား မျိုးစုံကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေပါတယ်။ ဖုန်းဆက်စပ်ပစ္စည်းတွေနဲ့ CCTV တွေအပြင် ကွန်ပျူတာပစ္စည်းများကို ဝယ်ယူရရှိနိုင်ပါတယ်။ အသေးစိတ်သိရှိလိုတာတွေရှိရင်လည်း ဝင်ရောက်မေးမြန်းနိုင်ပါတယ်။

### Tha Paye Pwint ဆိုင်မှ ဝန်ဆောင်မှု

ဝန်ဆောင်မှုအပိုင်းအနေနဲ့ကတော့ warranty ပေးထားတဲ့ ဖုန်းတွေကို Software ပိုင်းအခမဲ့ပြင်ဆင်ပေးမည်ဖြစ်ပြီး Hardware ချို့ယွင်းမှုဖြစ်ခဲ့မယ်ဆိုရင် ပစ္စည်းတန်ဖိုးကိုသာ ပေးချေရမှာဖြစ်ပြီးတော့ လက်ခတော့ အခမဲ့ပါ။ ဆိုင်မှာ Service Centre ဖွင့်လှစ်ထားခြင်းတော့ မရှိပါဘူး။ ဒီဆိုင်မှာ ဝယ်ယူခဲ့တဲ့ဖုန်းတွေကို ပြန်လည်ပြုပြင်လိုပါကလည်း ညီမတို့ဆိုင်မှာလာပြနိုင်ပါတယ်။ ညီမတို့အနေနဲ့ ကုမ္ပဏီကိုပြန်ပို့ပေးပြီး ပြန်လည်ပြင်ဆင်ပေးသွားမှာပါ။ ဖုန်းဝယ်ယူသူတိုင်းကို ဖုန်းတစ်လုံးအတွက် လိုအပ်တဲ့ Application တွေကို ထည့်ပေးမှာဖြစ်ပြီးတော့ သီချင်းတွေနဲ့ ဂိမ်းတွေကို အခမဲ့ ထည့်သွင်းပေးသွားမှာပါ။ ဖုန်းဝယ်ယူသူတိုင်းကို Sim card တွေနဲ့ ဖုန်းကာဗာ၊ မှန်မကွဲတွေကို လက်ဆောင်ပေးသွားမှာပါ။



မအိအိခိုင်
အရောင်းမန်နေဂျာ

### ဆိုင်ရဲ့တစ်ပတ်အတွင်း အရောင်းရဆုံးဖုန်းများ




**Xiaomi Note LTE**

| | |
|---|---|
| Network | - GSM/HSPA/LTE |
| Display | - 5.5inches |
| Storage | - 8GB |
| OS | - Android OS V4.2 |
| Camera | - 13MP |
| CPU | - Quard-core 1.6GHz |




**Huawei Y6 II**

| | |
|---|---|
| Network | - GSM/HSPA/LTE |
| Display | - 5.5inches |
| Storage | - 16GB |
| Camera | - 13MP |
| CPU | - Octa-core 1.5GHz |
| OS | - Android OS V6.0 |




**Meizu M3 Note**

| | |
|---|---|
| Network | - GSM/HSPA/LTE |
| Display | - 5.5inches |
| Storage | - 16GB |
| Camera | - 13MP |
| CPU | - Octa-core 1.8GHz |
| OS | -Android OS V5.1 |




**Huawei G7**

| | |
|---|---|
| Network | - GSM/HSPA/LTE |
| Display | - 5.5inches |
| Storage | - 16GB |
| Camera | - 13MP |
| CPU | - Quad-core 1.2GHz |
| OS | - Android OS V4.4.2 |

### Tha Paye Pwint ဆိုင်မှ ရောင်းအားအကောင်းဆုံးဖုန်း

ဖုန်းတွေကတော့ သူ့အမျိုးအစားတွေအလိုက် ရောင်းအားကောင်းနေပါတယ်။ အခုတလော အဓိက အရောင်းသွက်နေတာကတော့ Xiaomi ထဲမှာဆိုရင် Xiaomi Note LTE, Meizu ထဲမှာဆိုရင် Meizu M3 Note, Huawei ထဲမှာဆိုရင် Huawei Y6II နဲ့ Huawei G7 တို့ကတော့ ရောင်းအားကောင်းနေပါတယ်။

### Tha Paye Pwint မှာ ဝယ်ယူရင်စိတ်ချရမယ့်အချက်

Tha Paye Pwint ဖုန်းဆိုင်မှာ ဝယ်ယူမယ်ဆိုရင်တော့ ဈေးနှုန်းပိုင်းကို ချိုသာစွာဖြင့် ဝယ်ယူရရှိနိုင်ပါတယ်။ ဝယ်ယူပြီးနောက်ပိုင်း ဝန်ဆောင်မှုကိုလည်း အပြည့်အဝပေးထားတာကြောင့် ယုံကြည်စိတ်ချစွာဖြင့် ဝယ်ယူနိုင်ပါတယ်။ ပစ္စည်းအရည်အသွေးပိုင်းကိုလည်း စိတ်ချပါနိုင်တယ်။

### Tha Paye Pwint ဆိုင်တွင် ဝယ်ယူရရှိနိုင်သည့် ဖုန်းအမျိုးအစား

ဒီဆိုင်မှာဆိုရင်တော့ Xiaomi, Huawei, Open, Nipda, Xbo, Meizu နဲ့ Attila အစရှိတဲ့ ဖုန်း Model အမျိုးအစားအလိုက် မိမိကြိုက်နှစ်သက်ရာဖုန်းများကို ရွေးချယ်ဝယ်ယူနိုင်ပါတယ်။ Keypad ဖုန်းများကိုလည်း ဈေးနှုန်းချိုသာစွာဖြင့်ရောင်းချပေးနေပါတယ်။ မိုဘိုင်းဖုန်းတွေအပြင် CCTV များ၊ မိုဘိုင်းဆက်စပ်ပစ္စည်းများ၊ ကွန်ပျူတာနှင့် ကွန်ပျူတာအသုံးအဆောင်ပစ္စည်းများကိုလည်းဝယ်ယူရရှိနိုင်ပါတယ်။



Mi Max ၏ ရှေ့ဘက်မျက်နှာပြင် ညာဘက်ခြမ်းတွင် အသံအတိုး/ အကျယ်ပြုလုပ်နိုင်သော ခလုတ်နှင့် Power အဖွင့်/ အပိတ်ပြုလုပ်နိုင်သော ခလုတ်တို့ကို တွေ့ရမှာပဲဖြစ်ပါတယ်။ ရှေ့ဘယ်ဘက်ခြမ်းတွင်တော့ ဆင်းကတ်ထည့်သွင်းစရာလေးကို တွေ့ရမည်ဖြစ်ပြီး ဆင်းကတ် ၂ ကတ်အသုံးပြုနိုင်ပါတယ်။ ဆင်းကတ် ၁ သည် Micro Sim ဖြစ်ပြီး ဆင်းကတ် ၂ ကို SD Card သော်လည်းကောင်း Nano Sim သော်လည်းကောင်း တပ်ဆင်အသုံးပြုနိုင်ပါတယ်။ ရှေ့ဘက်အောင်ရဲ့ အောက်ဘက်တွင်တော့ Micro USB ပေါက်ကိုတွေ့ရမည်ဖြစ်ပါတယ်။Mi Max မှာ Mi5 ကဲ့သို့ပင် Full HD Display နှင့် ၆. ၄၄ လက်မရှိ IPS Display တို့ကို တပ်ဆင်ထားသည်ကိုတွေ့ရမည်ဖြစ်ပြီး အနောက်ဘက်ခြမ်းကိုတော့ 2.5D ကွေးညွတ်ထားသော မှန်ပြားနှင့် Aluminium unibody တို့ကို တပ်ဆင်ထားသည်ကိုတွေ့ရမည် ဖြစ်ပါတယ်။ Mi Max မှာတော့ Mi Note Pro မှာပါဝင်ခဲ့တဲ့ QHD (2K) Display ကို တပ်ဆင်ထားခြင်းမရှိပါဘူး။ နောက်ထပ်အချက်တစ်ခုကတော့ display ကောင်းဖို့ထက် ဘက်ထရီကြာရှည်ခံစေဖို့ကို ရည်ရွယ်တယ်လို့လည်း ယူဆရပါတယ်။ Mi Note Pro ကို Mi 5 နှင့်တူတူယှဉ်ပြီး ရုပ်ရှင်ကြည့်ခြင်းနှင့် ဂိမ်းကစားခြင်းတို့ ပြုလုပ်ကြည့်သည့်အခါတွင် သတိပြုမိသည့်အချက်ကတော့ ပိုမိုကြီးမားတဲ့ Display ဟာ မြင်ကွင်းကျယ်ခံစားမှုရသကို ပိုရတာပါ။ Body Dimensions အရဆိုလျှင် 173.1 ×88.3× 7.5mm (6.81×3.48×0.30in) ရှိတဲ့အတွက် ဖုန်းတစ်ခုလုံးရဲ့ အထူဆုံးနေရာမှာတောင် တစ်လက်မ ရဲ့ ၁၀ပုံ/ ၃ပုံသာ အထူရှိပါတယ်။အလေးချိန် 203 g (7.16 0z) သာရှိသည့်အတွက် ပေါ့ပေါ့ပါးပါး လွယ်ကူစေမှာပါ။ ကင်မရာအပိုင်းကို ပြောရမယ်ဆိုရင် Mi Max မှာတော့ Redmi Note 3 Pro မှာပါဝင်တဲ့ 16MP Camera ကို အသုံးပြုထားပြီး ပုံထွက်ကောင်းမွန်စွာ ရိုက်ကူးနိုင်မှာပဲ ဖြစ်ပါတယ်။ အလင်းရောင်ကောင်းတဲ့ အချိန်တွေမှာ ကြည်လင်တောက်ပတဲ့ ပုံထွက်နေသကဲ့သို့ အလင်းရောင် အားနည်းနေတဲ့ ညနေခင်းလို အချိန်မျိုးမှာတောင်မှ ကောင်းမွန်တဲ့ ပုံရိပ်တွေ ဖမ်းယူနိုင်မှာဖြစ်ပါတယ်။ 16MP ကင်မရာမှာတော့ အရည်အသွေးမြင့် high definition sensor ကို တပ်ဆင်ထားပြီး၊ DSLR Camera တွေမှာပါဝင်တဲ့ PDAF(Phase Detection AutoFocus) လည်း ပါဝင်ပါတယ်။ နောက်ထပ် စိတ်ဝင်စားစရာကောင်းတဲ့ အချက်တစ်ခုကတော့ Fingerprint Scanner ကို အသုံးပြု၍လည်း ရိုက်ကူးနိုင်စေမှာပါ။ Battery Life (ဘက်ထရီသက်တမ်း)ကတော့ Mi Max ရဲ့ စိတ်ဝင်စားစရာ အကောင်းဆုံး အချက်တွေထဲမှ တစ်ခုဖြစ်တဲ့ 4850 mAh Lithium-Ion Battery ပါဝင်လာမှုကတော့ အတော်လေးထူးခြားကောင်းမွန်ပါတယ်။ Screen မျက်နှာပြင်ကြီးမားလို့ ဘက်ထရီကြာရှည်မခံမှာ စိတ်ပူစရာမလိုပါဘူး။ နောက်ပြီးတော့ Qualcomm ရဲ့ Quick Charging 3.0 နည်းပညာလည်း ပါဝင်လာတဲ့အတွက် အချိန် 36 မိနစ်အတွင်း 80% ခန့်ပြန်လည် အားသွင်းယူနိုင်မှာပဲဖြစ်ပါတယ်။ Mi Max မှာအသုံးပြုထားတဲ့ Chipset ဖြစ်တဲ့ Snapdragon 650 ဆိုတာကတော့ လက်ရှိလူကြိုက်များရေပန်းစားနေတဲ့ Redmi Note 3 မှာ အသုံးပြုထားတဲ့ Chipset ပါ။

ဒီလို Processor ကို Graphic processor ဖြစ်တဲ့ Adreno 510, LPDDR3 RAM 3GB နှင့်ပေါင်းစပ်လိုက်တဲ့အခါ မှာတော့ ကောင်းမွန်တဲ့ Graphic နှင့် Multitasking မှာပါ အဆင်ပြေချောမွေ့စွာဖြင့် လုပ်ဆောင်နိုင်တာကို တွေ့ရပါတယ်။ သိုလှောင်မှုပိုင်းနဲ့ ပတ်သက်ရင်တော့ Mi Max မှာတော့ 32GB ဖြစ်ပါတယ်။ ကွန်ရက်ချိတ်ဆက်မှုအနေဖြင့် 4G ကွန်ရက် အသုံးပြုနိုင်မှုပါဝင်ပြီး Dual, LTE, Dual Standby ဖြစ်တဲ့အတွက် Sim Slot မှ 4G Data အသုံးပြုမှုကိုလွတ်လပ်စွာ ရွေးချယ်နိုင်ပါတယ်။ Sim 1 တွင် 4G အသုံးပြုနေစဉ်အတွင်း Sim 2 အား GSM ကွန်ရက်သာ အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ကြိုးမဲ့ကွန်ရက် WiFi ချိတ်ဆက်မှုအနေဖြင့် Wi-Fi a/b/g/n/ac စတဲ့ Standard Wifi များကို လွယ်ကူလျင်မြန်စွာ အသုံးပြုနိုင်မှာဖြစ်ပြီး Wi-Fi Direct ချိတ်ဆက်မှုလည်း ပြုလုပ်နိုင်မှာဖြစ်တယ်လို့ သိရပါတယ်။ Mi Max မှာ ပါဝင်လာတဲ့ Speaker ဟာ ဆိုရင်ဖြင့် အတော်လေးကို ထူးခြားကောင်းမွန်ပါတယ်။ Mi5 နှင့် နှိုင်းယှဉ်လျှင်တောင်မှ အနည်းငယ် အသာစီးရနိုင်တယ်လို့ဆိုပါတယ်။ Mi Max မှာတော့ Video Format တွေဖြစ်တဲ့ MKV, MP4, MP4V, AVI, XVID နှင့် အခြား Format တော်တော်များများကို Support လုပ်ပေးထားတာကို တွေ့ရမှာဖြစ်ပါတယ်။ ဈေးနှုန်းတန်ဖိုးမှာ 235,000/- ကျပ်ဝန်းကျင်ရှိပါတယ်။

# Xiaomi Mi Max




# Behind Scene

MODEL : YOON
PHOTO & DESIGN : PYAE MINN ZAW
MAKE UP : SOE MOE AUNG (KO MAR)
ACCESSORIES : STRONG SOURCE CO.,LTD

Android & iOS

# Games






## Leap of Fate

By Clever-Play Studio

iOS, Size: 604 MB

Leap of Fate ရဲ့ အဓိက ဂိမ်းဇာတ်လမ်းဟာ Shooter action အမျိုးအစားဖြစ်ပြီး ဇာတ်ကောင်လေးယောက်ပါဝင်ပါတယ်။ သင်ဟာ အနိုင်ရလိုက်တဲ့ ရန်သူတွေဆီကနေ သင့်ဇာတ်ကောင်ကိုအဆင့်မြှင့်တင်ဖို့ ပစ္စည်းတွေရမှာဖြစ်ပြီး အထူးလှုပ်ရှားမှုပုံစံတွေကိုလည်း ဒါနဲ့ပဲ unlock လုပ်ယူရမှာဖြစ်ပါတယ်။ ဇာတ်ကောင်တစ်ယောက်ချင်းဆီမှာ ကိုယ်ပိုင်ဇာတ်လမ်းတွေရှိနေပြီး ကစားရင်းနဲ့တဖြည်းဖြည်းသိလာမှာဖြစ်ပါတယ်။ ဒါဟာ ပုံမှန်ပစ်ခတ်နေတဲ့ဂိမ်းတွေနဲ့မတူတဲ့ ခြားနားချက်ဖြစ်ပြီး ဒီဂိမ်းရဲ့ထူးခြားချက်က သေရင်ပြန်ရှင်လာဖို့မဖြစ်နိုင်တာပါပဲ။ Level နဲ့ ရင်ဆိုင်ရမယ့် Boss ဟာ သတ်သတ်မှတ်မှတ်မဟုတ်ဘဲ ကြုံသလိုတွေ့ရမှာဖြစ်ပြီး သင့်ဆီမှာ ဘယ်လို upgrade တွေရှိမယ်ဆိုတာလည်းမသိနိုင်ပါဘူး။ အခန်းအားလုံးကျော်ဖြတ်နိုင်ဖို့ အဓိက ဆိုပေမယ့် ဂိမ်းဟာ mission လေးတွေပေါ်မှာ အဓိကအာရုံစိုက်ပါတယ်။ ဒါဟာသင့်ကို upgrade တွေရစေပြီးဇာတ်ကောင်အသစ်တွေလည်းရစေပါတယ်။ Mission တွေဟာ များသောအားဖြင့် တစ်ခါနဲ့တစ်ခါ မတူညီတဲ့ပုံစံတွေနဲ့ ကစားရတာများပါတယ်။ ဇာတ်ကောင်တွေတစ်ယောက်မကပါဝင်တာကြောင့်လည်း ဒီဂိမ်းဟာ ပိုပြီးလန်းဆန်းစေပါတယ်။ ဇာတ်ကောင်လေးယောက်ပဲရှိပေမယ့် ကျန်သုံးယောက်ကို unlock လုပ်ယူရမှာဖြစ်ပြီး ကစားပုံကအစလုံးဝကွဲပြားတာမို့ သင်ဟာရန်သူကို ပုံစံအသစ်နဲ့ ပြန်ပြောင်းရင်ဆိုင်ရမှာဖြစ်ပါတယ်။ စချင်းသုံးနိုင်မယ့် ဇာတ်ကောင် Aeon ဟာ ပျမ်းမျှပုံစံသာရှိပြီး သူ့ရဲ့ အထူးတိုက်ခိုက်မှုဟာ တိုက်ရိုက်ပုံစံတွေပဲများပါတယ်။ နောက်တစ်ယောက်ဖြစ်တဲ့ Big Mo ကတော့ ခံစစ်ကောင်းသလို တိုက်စစ်လည်းဆိုကောင်းလာပါတယ်။ ဒါပေမယ့် သူ့သေနတ်က ဝေးဝေးသိပ်မပစ်ရဘဲ အပူလည်း လွန်ကဲတတ်တာမို့ ဆက်တိုက်သုံးမရပါဘူး။ Mukai ကတော့ မြန်ပေမယ့် သွေး (health) နည်းပြီး ပိုဆိုးတာက ဂျပန်ဓါးရှည် (Katana) ကိုသုံးတာပါပဲ။ ဓါးရှည်ဟာ အနီးကပ်တိုက်ရတာဖြစ်ပေမယ့် နံရံတွေကိုဖောက်တိုက်ခိုက်နိုင်သလို နောက်ပိုင်းမှာ ရန်သူများလို အရာတွေကို ရိုက်ထုတ်နိုင်လာပါလိမ့်မယ်။ သူမရဲ့ အထူးလှုပ်ရှားမှုက ရန်သူကို မူးဝေစေတာမို့ စိတ်ကြိုက်ခုတ်ထစ်ခွင့်ပေးပါတယ်။ နောက်ဆုံးတစ်ယောက်ကတော့ Rasimov ဖြစ်ပြီး စိတ်ဝင်စားစရာအကောင်းဆုံး ဇာတ်ကောင်လည်းဖြစ်ပါတယ်။ သူက ကျန်ဇာတ်ကောင်သုံးယောက်နဲ့ လုံးဝမတူဘဲ သူ့ကိုပါဝါတင်ရင် Health ကိုကုန်စေပါတယ်။ Rasimov ဟာ သွေးနဲ့ ပက်တိုက်ခိုက်တာဖြစ်ပြီး အထူးပါဝါအနေနဲ့ ရန်သူတွေကိုမလှုပ်နိုင်အောင် ထိန်းချုပ်နိုင်ပါတယ်။ Stage တစ်ခုပြီးတာနဲ့ ကတ်တွေကိုတွေ့ရမှာဖြစ်ပြီးတစ်ခုကိုရွေးနိုင်ရင် အောက်က ကတ်တွေကို ဆက်တွေ့လာရမှာဖြစ်ပါတယ်။ Guardian Card ကိုရှာပြီး Boss ကိုနိုင်ပါက နောက် Stage တစ်ခုကိုတက်နိုင်ပါတယ်။ Clever-Plays Studio Inc ရဲ့ လက်ရာ Leap of Fate ကို 3.99 ဒေါ်လာနဲ့ ဝယ်ယူနိုင်ပြီး 604MB ပမာဏရှိပါတယ်။



**Submerged : Miku and the Sunken City**

Size : 461 MB




Submerged ဟာပြောရရင် တိုက်ပွဲလုံးဝမပါတဲ့ Third-person အမြင်နဲ့ကစားနိုင်တဲ့ ဂိမ်းတစ်ခုဖြစ်ပြီး သင်ဟာ ထူးဆန်းလှသည့်ရေမြုပ်နေတဲ့ မြို့တော်ထဲမှာ လှည့်လည်သွားလာရင်း သဘာဝပတ်ဝန်းကျင် အလှအပတွေကိုပါခံစားနိုင်မှာဖြစ်ပါတယ်။ သင်ဟာ Miku ရဲ့နေရာကနေပါဝင်ကစားရမှာဖြစ်ပြီး မိန်းကလေးငယ်တစ်ယောက်ဖြစ်ကာ ဒဏ်ရာရနေတဲ့ မောင်ဖြစ်သူနဲ့အတူ ငါးဖမ်းလှေငယ်တစ်စီးနဲ့ ဒီမြို့ထဲကိုရောက်လာခဲ့တာဖြစ်ပါတယ်။ ရေမြုပ်နေတဲ့ မြို့ရဲ့လမ်းတွေပေါ်မှာလှေနဲ့ သွားလာရမှာဖြစ်ပြီး မြို့ထဲမှာပါလာတဲ့ မှန်ပြောင်းအကူအညီနဲ့ Miku ရဲ့ မောင်လေးကိုကယ်တင်ဖို့ စားနပ်ရိက္ခာသေတ္တာတွေကို လည်းရှာဖွေရပါလိမ့်မယ်။ မြို့ထဲမှာ အေးအေးဆေးဆေး လှည့်ပတ်သွားလာနိုင်ပြီးလှပတဲ့နေရာတွေ ဖုံးကွယ်ထားတဲ့အရာတွေကို ရှာဖွေတွေ့ရှိမှာဖြစ်ပြီး သဲလွန်စတွေကိုဆက်စပ်ပြီး မြို့ပျက်ကြီးနဲ့ မိသားစုဝင်တွေရဲ့ဇာတ်လမ်းကိုသိခွင့်ရလာပါလိမ့်မယ်။ ဒီဂိမ်းဟာ ခမ်းနားကြီးကျယ်တဲ့ မြင်ကွင်းတွေကိုမြင်ရမှာဖြစ်ပြီး နေ့ ညမရွေးလှပတဲ့ ရှုခင်းတွေကိုခံစားနိုင်မှာဖြစ်ပါတယ်။ စိတ်အေးလက်အေးကစားနိုင်မယ့် ဂိမ်းတစ်ခုဖြစ်ပြီး ကိုယ့်စိတ်ကြိုက်အနေး အမြန်လိုသလို ကစားနိုင်ပါတယ်။ ဖုံးကွယ်ထားတဲ့ပစ္စည်းတွေကိုရှာဖွေရင်းနောက်ကွယ်က ထူးခြားတဲ့ဇာတ်လမ်းနဲ့ မြို့ရဲ့ သမိုင်းကြောင်းကိုသိလာပါလိမ့်မယ်။ အဝေးကသွားလိုတဲ့နေရာအတွက် အကောင်းဆုံးလမ်းကိုရွေးချယ်ပေးရမှာဖြစ်ပြီး မြင့်မားတဲ့ အဆောက်အဦတွေ ဘေးမှလှေကပ်ကာ တွယ်တက်ရတာတွေကအစ ခက်ခဲတဲ့လမ်းရှာရတဲ့ ပဟေဠိတစ်ခုဖြစ်စေပါတယ်။ ညွှန်ကြားရေးမှူးကို ဂိမ်းစတူဒီယိုတစ်ခုရဲ့ လက်ရာဖြစ်ပြီး BioShock Series တွေမှာပါဝင်ခဲ့ဖူးတဲ့ ပညာရှင်တွေပါဝင်ကာ ဂီတကိုတော့ BAFTA ဆုရခဲ့တဲ့ Jeff Van Dyck ကဖန်တီးခဲ့တယ်လို့ဆိုပါတယ်။

## GameConsoles Price

| | | |
|---|---|---|
| **PlayStation** | | |
| PS3 Slim ODE + 250GB | - | 480,000 |
| PS4 - 1200 500GB | - | 480,000 |
| PSP-3000 (Japan) | - | 180,000 |
| PS Vita (3G-WiFi) | - | 280,000 |
| PS3 Original Controller | - | 35,000 |
| PS3 System Version upgrade | - | 10,000 |
| PS3 Game Install | - | 2,500 |
| **XBOX** | | |
| Xbox 360 Slim E250GB (RGH) | | 590,000 |
| Xbox 360 Kinect Sensor | - | 120,000 |
| Xbox 360 LT 3.0 upgrade | - | 25,000 |
| Xbox 360 RGH Jailbreak Service | - | 120,000 |
| Xbox 360 Original Controller | - | 60,000 |
| Xbox 360 Original Wired Controller | - | 30,000 |
| Xbox 360 game Discs/Install | - | 2,500 |
| **Nintendo** | | |
| Nintendo Wii U (US) | - | 400,000 |
| Nintendo Wii (US) | - | 200,000 |
| Nintendo 3DS XL(Original) | - | 280,000 |
| Nintendo 3DS XL (Jailbreak) | - | 280,000 |
| Nintendo 3DS Gateway Card | - | 95,000 |
| Wii modify | - | 30,000 |
| Wii U Modify | - | 40,000 |
| Wii Game Discs | - | 2,000 |
| **PCGaming** | | |
| PC Game Discs | - | 1,000 |

Source : Game Hive ( 09 73118550, 09541 7272 )

## Local Update




ယခုအပတ်အတွင်း PC အတွက် ထွက်ရှိလာတဲ့ One Piece- Burning Blood ကတော့ 2015 တုန်းက ရောင်းကောင်းခဲ့တဲ့ One Piece : Pirate Warriors 3 နောက်ပိုင်းအသစ်ထွက်လာတဲ့ Versus Fighting ဂိမ်းဖြစ်ပြီး Action Brawler နှင့် Versus ဂိမ်းတစ်ခု ဖြစ်ပါတယ်။ ယခုဂိမ်းသစ်ဟာ One Piece ဇာတ်လမ်းရဲ့ New World arc ကာလနှစ်နှစ်ကျော် အချိန်မှာ နေရာယူထားလို့ Luffy ရဲ့ Straw Hat Pirate Crew ဟာ အရင်ထက်ပိုပြီး အစွမ်းထက်နေမှာဖြစ်သလို Combo အသစ်တွေ Character အသစ်တွေ ပါဝင်လာပါတယ်။ Harvest Moon လိုမျိုး Farming Simulation ဂိမ်းတွေနှစ်သက်သူတွေအတွက်လည်း Stardew Valley Version 1.3 ထွက်ရှိလာပြီး Strategy RPG ဂိမ်း Disgaea ရဲ့ Official PC Version တွေလည်း ဆက်လက်ထွက်ရှိလာပါတယ်။

Intendo 3DS XL နှင့် PlayStation Vita ဂိမ်းစက်များတွင် တပ်ဆင်အသုံးပြုနိုင်ပြီး ဂိမ်းစက်မညစ်ပတ်ရန်၊ အပွန်းအပဲ့မရှိရန် ကာကွယ်ပေးသည့် Crystal Case, Silicon နှင့် Aluminium Metallic Case အဖုံးသစ်များ။ 3DS XL ဂိမ်းစက်အတွက် အိတ်များဈေးကွက်အတွင်း ဝင်ရောက်လာပါတယ်။ Silicon နှင့် Metallic Case သစ်များအနေနှင့် ဂိမ်းစက်အခွံအရောင်ပြောင်းလဲ တပ်ဆင်လိုသူများအတွက် အဆင်ပြေမှာဖြစ်ပြီး 3DS ဂိမ်းစက်အတွက်လည်း Case အကြည်များဝင်ရောက်လာပါတယ်။ GAME HIVE ဖုန်းနံပါတ် 09 7311 8550 နှင့် 09 4500 41500 သို့ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။

## Gamers' Headline

### Samsung မှ Quantum Dot Curved မော်နီတာအား ဂိမ်းအတွက် ရည်ရွယ်ပြသခဲ့

Samsung သည်ဂိမ်းဈေးကွက်အတွက် ရည်ရွယ်ကာ CFG70 (24 နှင့် 27 လက်မ) နှင့် CF 791 (34 လက်မ) Display တို့ကို ပြသသွားခဲ့ပြီး Curved မော်နီတာများဖြစ်ကြသည်။ ပထမဆုံး Curved gaming မော်နီတာများဖြစ်ကြပြီး 125% SRGB Spectrum ကိုထောက်ပံ့ပေးထားကာ သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီမည့် Cadmium-Free ဒီဇိုင်းဖြင့်ပြုလုပ်ထားခဲ့သည်။ အကောင်းဆုံးဂိမ်းရုပ်ပုံများကိုပေးနိုင်မည်ဖြစ်ပြီး တောက်ပမှုအတွက် Black gamma level, white Balance တို့ကို သေချာစွာချိန်ညှိထားသဖြင့် ဂိမ်းကစားသူများ အကောင်းဆုံးမြင်ကွင်းကိုရစေမည်ဟုဆိုသည်။ Samsung ၏ Quantun dot နည်းပညာအားကုမ္ပဏီ၏ UHD television များတွင် တွေ့ရပြီးဖြစ်ကာ "Super Arena" ဒီဇိုင်းသည် 1800R ကွေးစိုက်ထားမှုနှင့် LED မီးများ လိုက်ဖက်ညီအောင် ဖန်တီးထားသည်။ Response time 1mls ရှိပြီးထို function ပါဝင်သည့် ပထမဆုံး curved မော်နီတာဖြစ်လာခဲ့ကာ refresh rate မှာ 144Hz ရှိခဲ့သည်။ ဂိမ်းအတွက် ပိုမိုအဆင်ပြေစေရန် Samsung ၏ သုံးစွဲသူများလွယ်ကူစေသည့် Gaming UX OSD interface အားထည့်သွင်းပေးထားသည်။ Gameplay setting များအား မော်နီတာ၏ ရှေ့နှင့်နောက်ရှိ hotkey များမှချိန်ညှိနိုင်မည်ဖြစ်သည်။ Samsung သည် IFA 2016 တွင်ထိုမော်နီတာအသစ်များကို စမ်းသပ်သုံးစွဲရန် စီစဉ်ပေးခဲ့ကြောင်းသိရသည်။ CF 791 သည် ကျန်နှစ်ခုနှင့် အနည်းငယ်ကွဲပြားပြီး 1500R Curvature, 100Hz refresh rate တို့ရှိကာ AMD ၏ Free Sync နည်းပညာပါဝင်ခဲ့ပြီး Ultra-wide 21:9 aspect ratio ကိုထောက်ပံ့ပေးထားသည်။

# MOBILE USER GUIDE

သူရနေဝင်

အင်တာနက် အသုံးပြုသူများအတွက် ဝက်ဆိုက်များ၊ ဝန်ဆောင်မှုများစွာမှ အကောင့်များ ပြုလုပ်အသုံးပြုကြပါတယ်။ ဝက်ဆိုက်ပေါင်းများစွာမှာ အကောင့်များ ပြုလုပ်ထားသူများအတွက် Username Password များကို မှတ်သားထားဖို့ဆိုတာ မလွယ်ကူပါဘူး။ စာရွက်များမှာ မှတ်သားနိုင်ပေမယ့်လည်း ဒါဟာခေတ်မီတဲ့ နည်းလမ်းမဟုတ်တော့ပါဘူး။ ဒီတစ်ပတ် mobile UserGuide ကဏ္ဍမှာ Username, Password များကို မှတ်သားပေးနိုင်တဲ့ Dashlane, ပေါ့ပါးလျင်မြန်တဲ့ VC Browser ၊ ဖုန်းတစ်လုံးတည်းမှာအကောင့် ၂ ခုအသုံးပြုနိုင်တဲ့ 2 Accounts : multi User Switch ၊ Podcast များကိုနားဆင်နိုင်တဲ့ Podcast Addict နဲ့ Project Management Tool တစ်ခုဖြစ်တဲ့ Wrike တို့ကို ဖော်ပြပေးလိုက်ပါတယ်။

## Podcast Addict

Podcast Addict ဟာ podcasts များကို နားဆင်နိုင်မယ့် အခမဲ့ Android App ဖြစ်ပါတယ်။ App မှာ Audio Player ပါရှိပြီး သင်နားဆင်ချင်တဲ့ ရှိုးများအတွက် Playlists များကိုလည်း ပြုလုပ်နိုင်ပါသည်။ ဒါ့အပြင် Podcast နယ်ပယ်မှာလက်ရှိနာမည်ကြီးနေတဲ့ အရာများကိုရှာဖွေနိုင်တဲ့ Search စွမ်းဆောင်ချက်လည်းပါရှိပါတယ်။ Audio အပြင် Video Podcast များကိုလည်း ကြည့်ရှုနိုင်ပါတယ်။ ဒါ့အပြင် Audio Books, Live Steam Radio, YouTube Channels, RSS News Feed တို့ကိုလည်းနားဆင်ကြည့်ရှုနိုင်ပါတယ်။ 5by5, ABC, AfterBuzz TV, BBC, CNN, Carolla Digital, ESPN, FrogPants, LibriVox, Nerdist, NPR, Revision3, Smodcast, Ted Talks, Twit, NPO တို့ အပါအဝင် သင်နှစ်သက်ရာ ဝက်ဆိုက်များ၊ ရေဒီယိုစတေရှင်များ၊ ဝန်ဆောင်မှုများမှ Podcast များကိုနားဆင်ကြည့်ရှုနိုင်ပါတယ်။ iTunes မှ Podcasts Subscription များကို လည်း App မှာထည့်သွင်းနိုင်ပါတယ်။ Podcasts ပေါင်း နှစ်သိန်းကျော် ကို App မှာရှာဖွေနိုင်ပါတယ်။ Podcasts RSS Feeds များကိုလည်း App မှာကော်ပီကူးပြီးထည့်သွင်းနိုင်ပါတယ်။ Podcast Addict ကို အခမဲ့အသုံးပြုနိုင်ပေမယ့် အောက်ခြေမှာကြော်ငြာများကို ပြသပေးထားမှာဖြစ်ပြီး Podcast Addict Donate ဗားရှင်းကို ဝယ်ယူအသုံးပြုရင်တော့ ကြော်ငြာများကိုတွေ့မြင်ရမှာမဟုတ်ပါဘူး။




## Wrike

Wrike ကို Android, iOS အတွက် Project Management Tool အဖြစ်ဖန်တီးပေးထားပါတယ်။ Users များက အဖွဲ့ဝင်များအတွက် Tasks များကိုဖန်တီးပြီး သတ်မှတ်ခိုင်းစေနိုင်ပါတယ်။ အဖွဲ့ဝင်များကြားမှာ အလုပ်များအတူတကွပူးပေါင်းလုပ်ဆောင်နိုင်ပါတယ်။ အဖွဲ့အစည်းအလိုက် အလုပ်လုပ်နိုင်ဖို့ အထူးဖန်တီးပေးထားတာဖြစ်ပါတယ်။ ကုမ္ပဏီသို့မဟုတ် အသင်းအဖွဲ့ရဲ့ ပြင်ပမှ လူများကိုလည်း အလုပ်များ မျှဝေနိုင်ပါသေးတယ်။ Wrike မှာ Nvigation ပြုလုပ်ရတာလည်းအလွန်လျင်မြန်ပါတယ်။ အစောပိုင်းမှာတော့ တက်ဘလက်များမှာအသုံးပြုဖို့ ဒီဇိုင်းထုတ်ထားတာဖြစ်ပါတယ်။ Google Drive, Evernote, Dropbox တို့လို Cloud Storage များစွာနဲ့တွဲဖက်အလုပ်လုပ်နိုင်ပါတယ်။ android အပြင် iPhone, iPad တို့အတွက်လည်း Wrike ကိုထုတ်လုပ်ပေးထားပါတယ်။ Chrome Browser အသုံးပြုသူများအတွက် ဝက်စာမျက်နှာတိုင်းကနေ အလုပ်များဖန်တီးနိုင်ဖို့ Browser Extension ကိုဖန်တီးပေးထားပါတယ်။ App ကို အခမဲ့ အသုံးပြုနိုင်ပေမယ့် စွမ်းဆောင်ချက်များစွာကိုအသုံးချချင်ရင် Premium Plan ကိုဝယ်ယူရမှာဖြစ်ပါတယ်။ အခမဲ့ဗားရှင်းမှာ ငါးယောက်အထိသာအလုပ်များအတူတကွ ပြုလုပ်နိုင်ဖို့ အခြေခံစွမ်းဆောင်ချက်များသာပါရှိပါတယ်။







## 2Accounts : Multi User Switch

ဒီနေ့ခေတ်မှာအလုပ်အတွက်၊ ကိုယ်ရေးကိုယ်တာအတွက် လူမှုကွန်ရက်အကောင့်များကို ခွဲခြားအသုံးပြုနေကြပါတယ်။ ဖုန်းတစ်လုံးမှာ အကောင့် ၂ ခုကိုတစ်လှည့်စီအသုံးပြုဖို့အတွက် Log In, Log Out ပြုလုပ်ရတာအလုပ်ရှုပ်ပါတယ်။ အဲဒီအခက်အခဲကိုဖြေရှင်းပေးနိုင်တာက 2Accounts : Multi User Switch ဖြစ်ပါတယ်။ Excelliance Technology က ဖန်တီးထားတာဖြစ်ပြီး လူမှုကွန်ရက်အကောင့်များသာမက ဂိမ်းများ၊ သင့်ဖုန်းမှ အခြား App များကိုလည်း အကောင့် ၂ ခုစီဖြင့် အသုံးပြုနိုင်ပါတယ်။ Google Play Store အကောင့်ကိုတောင် ၂ ခုအသုံးပြုနိုင်ပါတယ်။ 2 Accounts ကို အသုံးပြုရတာလည်းလွယ်ကူပါတယ်။ ပွားသုံးတဲ့ အကောင့်များရဲ့ ဒေတာများဟာလည်းလုံခြုံစိတ်ချရပါတယ်။ Apps များကို Lock လုပ်ခြင်း၊ ဖွက်ခြင်းများကိုတောင်ပြုလုပ်နိုင်ပါတယ်။




## Dashlane

အင်တာနက် ဝက်ဆိုက်များ၊ ဝန်ဆောင်မှုများနဲ့ လူမှုကွန်ရက်များစွာမှာ အကောင့်များစွာ ပြုလုပ်ထားသူများအတွက်တော့ Username, Password များအားလုံးကိုမှတ်သားထားဖို့ မလွယ်ကူပါဘူး။ ဝက်ဆိုက်များစွာမှာ Password တစ်ခုတည်းကိုသာအသုံးပြုတဲ့အခါမှာသင့် အကောင့်တစ်ခုရဲ့ Password ကိုအခြားလူတစ်ယောက် သိရှိသွားရင် သင့်ရဲ့ အခြားအကောင့်များစွာကိုလည်း ထိုလူက ဖောက်ထွင်းဝင်ရောက်နိုင်ပါပြီ။ အဲဒီ အကောင့်တစ်ခုစီအတွက် မတူညီတဲ့ Password များကို သတ်မှတ်ထားသင့်ပါတယ်။ ဒီလိုမတူညီတဲ့ Password များစွာကို မှတ်သားနိုင်ဖို့အတွက် Password Manager များကို အားကိုးနိုင်ပါတယ်။ Android အတွက် Password Manager များစွာရှိတဲ့အထဲက နာမည်ကြီးတဲ့ တစ်ခုက Dashlane ဖြစ်ပါတယ်။ Dashlane ကို Android Device မှာအခမဲ့ အသုံးပြုနိုင်ပေမယ့် Desktop, Laptop, Tablet များမှာ Password များကို Sync လုပ်ပြီးအသုံးပြုချင်ရင်တော့ တစ်နှစ်လျှင် ၃၉.၉၉ ဒေါ်လာပေးသွင်းရမှာပါ။ Dashlane ကိုပထမဆုံးအကြိမ်ဖွင့်ရင် သင့်ဖုန်းမှ Apps များအားလုံးအတွက် Password များကိုထည့်သွင်းဖို့ ပြောမှာပါ။ Facebook, Twitter, Google တို့လိုနာမည်ကြီး ဝန်ဆောင်မှုအတွက် အသင့်ပြုလုပ်ထားတဲ့ Entries များကို ပံ့ပိုးပေးထားတာက အလွန်အဆင်ပြေပြီးသင့်ရဲ့ Username, Passwords တို့ကိုအဆင်သင့်ထည့်သွင်းနိုင်ပါတယ်။ Usernames, Passwords များအပြင် Notes, IDs, Credit Cards နဲ့ အခြားဒေတာများကိုသိမ်းဆည်းနိုင်ပါတယ်။ ရှည်လျားရှုပ်ထွေးပြီးဟက်ကာများဖောက်ထွင်းရခက်တဲ့ Password များကို ဖန်တီးပေးနိုင်တဲ့ Password Generator ပါရှိပါတယ်။ Dashlane က Apps များမှာ Login ဝင်တဲ့အခါမှာ Username, Passwords များကို အလိုအလျောက် ဖြည့်ပေးနိုင်ပါတယ်။ Dashlane မှာကိုယ်ပိုင်ဘရောက်စာပါရှိပြီး ဝက်ဆိုက်များမှာ Login ဝင်တဲ့အခါမှာလည်း Username, Password များကိုအလိုအလျောက်ဖြည့်ပေးနိုင်ပါတယ်။ ဒါ့အပြင် ဝက်ဆိုက်များက သင့်ရဲ့သတင်းအချက်အလက်များ တစ်နည်းအားဖြင့် Webforms များကို တောင်းခံတဲ့အခါမှာလည်း အသင့်သတ်မှတ်ထားတဲ့ ပရိုဖိုင်ဒေတာများကို ဘရောက်စာကအလိုအလျောက်ဖြည့်ပေးနိုင်ပါတယ်။




## VC Browser

စမတ်ဖုန်းများကနေ ဝက်ဆိုက်များကို ကြည့်ရှုလာနိုင်ပြီဖြစ်တဲ့အတွက် ဘရောက်စာများရဲ့ အခန်းကဏ္ဍကလည်းအရေးပါလာပါတယ်။ Android စမတ်ဖုန်းများအတွက် ဘရောက်စာများစွာရွေးချယ်နိုင်ပါတယ်။ အဲဒီအထဲကတစ်ခုက VC Mobile Inc က ဖန်တီးတဲ့ VC Browser ဖြစ်ပါတယ်။ မိုဘိုင်းဖုန်းများကနေ အင်တာနက်အသုံးပြုသူများလိုအပ်တဲ့ စွမ်းဆောင်ချက်များကို ထည့်သွင်းပေးထားပါတယ်။ VC Browser ဟာပေါ့ပါးလျင်မြန်ပါတယ်။ အရွယ်အစားဖြင့် 2.6MB သာရှိပါတယ်။ အဲဒီအတွက် Internal Memory နည်းပါးတဲ့ ဖုန်းများ၊ စွမ်းဆောင်ရည်နိမ့်ဖုန်းများနဲ့ ဖုန်းအဟောင်းများမှာတောင် အသုံးပြုနိုင်ပါတယ်။ အရွယ်အစားသေးငယ်တဲ့အတွက် လျင်မြန်စွာဖွင့်လို့ရပါတယ်။ တုံ့နှေးခြင်းများမရှိပါဘူး။ VC Browser ရဲ့ လျင်မြန်မှုဟာ အသိအမှတ်ပြုသင့်တဲ့ စွမ်းဆောင်ချက်ကောင်းတစ်ခုဖြစ်ပါတယ်။ ဘရောက်စာရဲ့ ဒေါင်းလုပ် အမြန်နှုန်းကလည်း အလွန်လျင်မြန်တာကိုတွေ့ရပါတယ်။ စွမ်းရည်မြင့်မားတဲ့ Download Manager ပါရှိပြီး ဒေါင်းလုပ်လုပ်ထားတဲ့ ဖိုင်များကို ထိရောက်စွာစီမံခန့်ခွဲနိုင်ပါတယ်။ လုံခြုံရေးစွမ်းဆောင်ချက်များ၊ Ad Blocker များပါရှိပါတယ်။

# MG FEATURE
## APPLE WATCH 2




### အောင်မြင်မှုများ
သင့်ရဲ့ရည်မှန်းချက်ပန်းတိုင် ရောက်ရှိတဲ့အခါ သင်စံချိန်သစ်တင်နိုင်တဲ့အခါမှာ စမတ်နာရီကသင်အောင်ပွဲခံဖို့ ကူညီပေးမှာပါ။ အောင်မြင်မှုတိုင်းအတွက် ဆုတံဆိပ်ပေးအပ်မှာဖြစ်ပြီးသူငယ်ချင်းများကိုကြွားနိုင်မှာပါ။

### နှလုံးခုန်နှုန်းတိုင်းတာခြင်း
စမတ်နာရီရဲ့ အနောက်ဘက်မှာ နှလုံးခုန်နှုန်းတိုင်းတာတဲ့ Sensor ပါပြီးတစ်နေ့တာလုံးတိုင်းတာပေးပါတယ်။ ဒေတာများကို iPhone ထံပေးပို့ပေးမှာဖြစ်ပြီး Health App ကနေ ကြည့်နိုင်ပါတယ်။



### တစ်နေ့လုံးပံ့ပိုးပေးမယ့် လက်ထောက်
Message နဲ့ Phone Call တစ်ခုဝင်လာတဲ့အခါမှာ ညင်သာစွာနှိပ်ရုံဖြင့် အလုပ်ဖြစ်ပါပြီ။ သင်နှစ်သက်တဲ့ Apps များကိုလျင်မြန်စွာသုံးနိုင်ပါတယ်။ ပါးစပ်ကပြောလိုက်တာနဲ့ Siri ကိုအလုပ်များခိုင်းနိုင်ပါတယ်။ စမတ်နာရီကသင့်ရဲ့ အရေးကြီးသတင်းအချက်အလက်များကို ရယူပေးပြီး အလုပ်များ လျင်မြန်စွာလုပ်ပေးမှာပါ။

### iPhone မှ Health App
သင့်ရဲ့ နှလုံးခုန်နှုန်းအပြင် Health App ဟာသင့်ရဲ့ အခြား Health Apps များမှ ကောက်ယူထားတဲ့ဒေတာများကို သိမ်းပေးထားပါတယ်။ အဲဒီအတွက် တစ်နေ့ရာတည်းကနေဒေတာအားလုံးကို ကြည့်နိုင်ပါတယ်။ Dashboard Overview ကိုသင်နှစ်သက်သလိုပြောင်းနိုင်ပါတယ်။ အချိန်နဲ့အမျှ သီးခြားတိုင်းတာမှုဒေတာများကို အသေးစိတ်လေ့လာနိုင်ပါတယ်။

### Apps and Notifications
စမတ်နာရီကတစ်နေ့တာလုံးသင့်ကိုအသိပေးနိုင်ပါတယ်။ ဆက်သွယ်မှုကိုအချိန်ပြည့် ဖန်တီးပေးပါတယ်။ Dual-Core Processor အသစ်နဲ့ပိုမိုစွမ်းရည်ပြည့်တဲ့ GPU က App များရဲ့ စွမ်းရည်ကိုပိုမို လျင်မြန်စေပြီးချောမွတ်တဲ့ Animations များကိုဖန်တီးပေးပါတယ်။ watchOS 3 ကြောင့် သင်နှစ်သက်တဲ့ Apps များကနောက်ဆုံးရသတင်းအချက်အလက်များကိုပြသပေးပါတယ်။ ၂ ဆပိုမိုတောက်ပတဲ့ မျက်နှာပြင်ကနေရောင်အောက်မှာတောင် ကြည့်ရတာအဆင်ပြေပါတယ်။

### အခြား Health Apps များ
သင် အကျွမ်းတဝင်ရှိတဲ့ Health Apps များကသင့်ရဲ့ ကျန်းမာရေး ကိုပိုမိုစောင့်ရှောက်ပေးမှာပါ။ စမတ်နာရီမှာသင်နှစ်သက်တဲ့ Health Apps များကိုထည့်နိုင်ပါတယ်။



### စွမ်းရည်မြင့် ကျန်းမာရေးအထောက်အကူပြု ကိရိယာများ
စမတ်နာရီဟာသင်နဲ့ အချိန်ပြည့်ရှိနေတဲ့အတွက် သင့်ရဲ့ကျန်းမာရေး ကိုစဉ်ဆက်မပြတ်စောင့်ရှောက်ပေးမှာပါ။ နှလုံးခုန်နှုန်းကိုအချိန်ပြည့် တိုင်းတာပေးပါတယ်။ စိတ်ဖိစီးမှုများလျော့အောင် ကူညီပေးပါတယ်။ သင့်တော်တဲ့ Apps များကိုအကြံပြုပေးနိုင်ပါတယ်။



### အသက်ရှူလေ့ကျင့်ပေးတဲ့ App
အသက်ရှူလေ့ကျင့်ခန်းကိုခလုတ်အနည်းငယ်နှိပ်ရုံဖြင့် လုပတဲ့ Animation များဖြင့်သင်ကြားပေးပါတယ်။ Time to Breathe Reminders က နေ့တိုင်းစိတ်ဖိစီးမှုများလျော့ကျအောင် လေ့ကျင့်ခန်းလုပ်ဖို့ သင့်ကို သတိပေးမှာပါ။

### Messages
တစ်ချက်နှိပ်ရုံဖြင့် နာရီကနေစာများဖတ်နိုင်ပါတယ်။ ဆန်းသစ်တဲ့နည်းလမ်းများဖြင့် စာပြန်နိုင်ပါတယ်။

### Phone
ဖုန်းခေါ်တဲ့လူကိုသိနိုင်ပြီးနာရီကနေ ပြန်ပြောနိုင်ပါတယ်။ နာရီကိုလက်နဲ့ကာလိုက်တာနဲ့ဖုန်းချပေးမှာပါ။ ဖုန်းပြန်ခေါ်ဖို့ Siri ကိုခိုင်းနိုင်ပါတယ်။

### Calendar
ဖိတ်ကြားမှုများကို ကြည့်နိုင်ပါတယ်။ ပွဲတက်ဖို့အတွက် သင့်ကို သတိပေးနိုင်ပါတယ်။

### Apple Pay
နာရီဘေးဘက်မှ ခလုတ်ကိုနှစ်ချက်နှိပ်ရုံဖြင့် အရောင်းဆိုင်များမှာ လုံခြုံစွာငွေပေးနိုင်ပါတယ်။ ဒါ့မှမဟုတ် နာရီမှ App ကိုလည်းသုံးနိုင်ပါတယ်။

### Reminders
သင့်လုပ်စရာရှိတဲ့ အလုပ်များလုပ်ဖို့ Siri ကိုသတိပေးခိုင်းပါ။ အလုပ်လုပ်ပြီးရင် Completed ကို နှိပ်လိုက်ရုံပါပဲ။ နောက်မှလုပ်မယ်ဆိုရင် Snooze ကို နှိပ်ပါ။

### The Washington Post
နောက်ဆုံးရသတင်းများ၊ အရေးပေါ် သတင်းများ၊ အထူးသတင်းများကို Apple Watch အတွက် နေ့စဉ်သီးသန့်တင်ဆက်ပေးတဲ့ The Washington Post ပါပါတယ်။

### Mail
အီးမေးဝင်လာရင် ပေးပို့သူနဲ့ အကြောင်းအရာကိုနာရီကနေ လျင်မြန်စွာကြည့်နိုင်ပါတယ်။ တစ်ချက်နှိပ်လိုက်တာနဲ့ အပြည့်အစုံဖတ်နိုင်ပါတယ်။

### NBA
NBA ဘတ်စကတ်ဘောပြိုင်ပွဲများစတဲ့အချိန်နဲ့ ရလဒ်များကိုသင့်အားပြောပြပေးမှာပါ။

### Maps
ဘယ်ဘက်သွားရမလား၊ ညာဘက်သွားရမလားဆိုတာကိုတစ်ချက်နှိပ်ရုံဖြင့် Maps က ပြသပေးမှာပါ။



### Watch Faces
Watch Face မှာသင်နှစ်သက်တဲ့ Apps များမှ သတင်းအချက်အလက်များကို မြင်ရမှာပါ။ သင်လိုအပ်တဲ့ အရာကိုတစ်ချက်ကြည့်ရုံနဲ့သိနိုင်ပါတယ်။ တစ်ချက်နှိပ်ရင် App ကိုဖွင့်နိုင်ပါတယ်။ မျက်နှာပြင်ထောင့်စွန်းကနေပွတ်ဆွဲခြင်းဖြင့် Watch Faces များကိုပြောင်းနိုင်ပါတယ်။

### Siri
Messages နဲ့ Email များ ကြည့်ဖို့၊ သီချင်းနားထောင်ဖို့အတွက် Siri ကိုပါးစပ်နဲ့ ခိုင်းလိုက်ရုံပါပဲ။ Siri က သင့်အလုပ်များကို လျင်မြန်စွာလုပ်ပေးနိုင်ပါတယ်။ နာရီကို သင့်ပါးစပ်နားကပ်ပြီး Hey Siri လို့ ပြောလိုက်တာနဲ့ သူ့ကိုခိုင်းနိုင်ပါပြီ။



### Dock
နာရီဘေးဘက်ခလုတ်ကိုနှိပ်ရင် Dock ကိုသုံးနိုင်မှာပါ။ အသုံးအများဆုံး App များကို လျင်မြန်စွာရှာဖွေနိုင်ပါတယ်။ သတင်း၊ ရာသီဥတု၊ စတော့ဈေးကွက်စတဲ့ နောက်ဆုံးရသတင်းအချက်အလက်များကို သိနိုင်ပါတယ်။

### Wheelchair သုံးသူများအတွက်
စမတ်နာရီက Wheelchair သုံးသူများအတွက် ကိုယ်လက်လှုပ်ရှားမှုများကို တိုင်းတာပေးနိုင်ပါတယ်။ Wheelchair သုံးသူများအတွက် လေ့ကျင့်ခန်း ၂ မျိုးကိုပံ့ပိုးပေးထားပါတယ်။

iOS TWEAKS

Htet Wai (iKBMM)

# How to hide/ unhide purchased app from iTunes , App Store & iBooks

iOS Users တွေသိထားသင့်မယ်ထင်လို့ဒါလေးရှာပြီးဖော်ပြပေးလိုက်ပါရစေ။ မေးတဲ့သူတွေကလည်း မေးထားကြတော့ မသိသေးသူများ အဓိကဖော်ပြပေးလိုက်ပါရစေ။ iTunes or App Store ကနေ Download app တွေကို Delete လို့ရလားမေးကြပါတယ်။ Delete လို့မရပါဘူး။ ဒါပေမယ့် Hide ထားလို့ရပါတယ်။ မိမိလိုတဲ့အချိန်မှာ Unhide ပြန်လုပ်ပေးနိုင်ပါတယ်။ တကယ်တော့ Unhide လုပ်ထားတာ App တစ်ခုလုံးကိုပါ မိမိအသုံးလိုလို့ပြန်ဒေါင်းချင်ရင် ပြန်ပြီး unhide ပြန်လုပ်ပေးရမှာမို့ အလုပ်ရှုပ်မယ်လို့ထင်မိပါတယ်။ ဒါပေမယ့် သိထားသင့်တယ်ထင်လို့ မျှဝေပေးလိုက်ပါရစေခင်ဗျာ။

ပထမဆုံးမိမိ iTunes မှာ Menu Bar ရှာမတွေ့ပါက အောက်ပါအချက်အတိုင်းလုပ်ဆောင်ပါ။ itunes ရဲ့ ဘယ်ဘက်အပေါ်ထောင့်မှာရှိတဲ့ Menu ကိုနှိပ်ပြီးပေါ်လာတဲ့ Box မှာ Show Menu Bar ဆိုတာ ရွေးပေးလိုက်ပါ။



ဒုတိယကတော့ purchased app တွေကို Hide ပါမယ်။

**In iTunes**

(၁) iTunes သို့ဝင်ပါ။

(၂) ဝင်ပြီးမိမိအကောင့်မရှိသေးရင် မိမိ Apple ID ထည့်ပေးလိုက်ပါ။

(၃) iTunes Menu Bar မှ Account ထဲသို့ဝင်ပြီး Purchased ကိုရွေးပါ။ သင်က Family Sharing သုံးထားရင် Family purchases သို့ဝင်ပါ။



(၄) Purchased ကိုဝင်ပြီးပါက မိမိအရင်က ဒေါင်းထားတဲ့ Music, App, TV shows, AudioBooks လိုရာကိုနှိပ်ပါက မိမိဒေါင်းယူပြီးထားတဲ့ Apps တွေပေါ်လာပါလိမ့်မယ်။



(၅) မိမိ hide လိုသော App ကိုတွေ့ပါက Pointer ဖြင့် icon ဘယ် ဘက်အပေါ်ထောင့်ကိုရွှေ့လျှားပြီး ရွှေ့ပါက 'x' လေးကိုတွေ့ပါမယ်။ တစ်ခါတလေမတွေ့တတ်ပါဘူး ဒါပေမယ့် အဲနေရာရောက်ရင် Pointer arrow လေးပြောင်းနေတာ သတိထားကြည့်ပါ။

(၆) 'x' ကိုနှိပ်ပါက Box တစ်ခုပေါ်လာပါမယ်။ Hide ဆိုတာ နှိပ်ပြီး hide နိုင်ပါတယ်။




**In iBooks**

(၁) iBook ကိုနှိပ်ပြီး iBooks Store သို့ဝင်ပါ

(၂) iBooks store ထဲရောက်ပါက ညာဘက်မှာရှိတဲ့ Quick Links အောက်မှာရှိတဲ့ purchased ကိုနှိပ်ပါ



(၃) နှိပ်ပြီးနောက် မိမိ Apple ID နဲ့ဝင်ပါ။

(၄) မိမိ hide လိုသော Book ကို pointer ဖြင့် icon ဘယ်ဘက်အပေါ်ထောင့်ကိုရွှေ့ လျှားပြီးရွှေ့ပါက 'x' လေးကိုတွေ့ပါမယ်။ တစ်ခါတလေ မတွေ့တတ်ပါဘူး။ ဒါပေမယ့် အဲနေရာရောက်ရင် Pointer arrow လေးပြောင်းနေတာ သတိထားကြည့်ပါ။



(၅) 'x' ကိုနှိပ်ပါ box တစ်ခုပေါ်လာပါမယ်။ App ကိုနိုင်ပါတယ်။ အသိပေးတာပါ။ hide ဆိုတာ နှိပ်ပြီး hide နိုင်ပါတယ်။




iDevice ထဲက App Store က App တွေကတော့ Family sharing လုပ်ထားရင် App Store ထဲက Update>purchased သို့ဝင်ပြီး မိမိ hide လိုသော app ကို ဘယ်ဘက်ဆွဲပြီး hide လုပ်နိုင်တယ်။ purchased ထဲမှာ All နဲ့ on this phone ဆိုတာတွေ့ပါမယ်။ တစ်ဖက်က hide ရင် တစ်ဖက်မှာ unhide ဖြစ်နေမှာပါ။

**Unhide**

Unhide ကတော့ hide တုန်းကသွားတဲ့နေရာ iTunes>menu bar>account> view my account နှိပ်ပြီး မိမိ ID ထည့်ပြီးဝင်ပါ။ View account လုပ်ပြီး iTunes in the cloud Section ကိုသွားပြီး hidden purchased သို့ မိမိ unhide လိုသော Music, app, iBook သို့ဝင်ပြီး app unhide ပြုလုပ်ပေးနိုင်ပါတယ်။





# Meizu MX6 (M685H)

Meizu မှ အသစ်ထပ်မံထွက်ရှိလာသည့် Meizu MX6 ဖြစ်ပါတယ်။ ကိုယ်ထည်တစ်ခုလုံးကို အရည်အသွေးကောင်းမွန်တဲ့ သတ္တုဖြင့် အကွေးပုံစံဒီဇိုင်းဖြင့် လှပသေသပ်စွာပုံဖော်ပေးထားပါတယ်။ ထူးခြားမှုများမှာတော့ CPU ပိုင်းတွင် Core 10 လုံးကို ပေါင်းစပ်ဖွဲ့စည်းထားသော 2.3GHz Deca Core ကို အသုံးပြုပေးထားသဖြင့် လုပ်ဆောင်ချက်ပိုင်းတွင် ပိုမိုမြန်ဆန်စေနိုင်ခြင်း၊ အချက်အလက်များ လျှင်မြန်စွာကူးပြောင်းရန် RAM 4GB ကို အသုံးပြုပေးထားခြင်း၊ ကင်မရာပိုင်းမှာတွင် အရည်အသွေးကောင်းမွန်တဲ့ပုံရိပ်တွေကို ရိုက်ကူးနိုင်ဖို့အတွက် Sony ရဲ့ နည်းပညာဖြစ်သည့် IMX386 CMOS ကို အသုံးပြုပေးထားတဲ့အတွက် ကင်မရာပိုင်းပိုမိုကောင်းမွန်လာခြင်း တို့ဖြစ်ပါတယ်။ Screen Size 5.5" နှင့် Resolution (1920x 1080) IPS Capacitive Touch Screen ကို အသုံးပြုပေးထားပါတယ်။ Processor ပိုင်းတွင် Core 10 လုံးကို ပေါင်းစပ်ဖန်တီးထားသော 2.3GHz Deca-core (2x2.3GHz Cortex-A72, 4x1.9 GHz Cortex-A53, 4x1.4GHz Cortex-A53) ကို သုံးပေးထားသဖြင့် လုပ်ဆောင်ချက်ပိုင်းတွင်မြန်ဆန်စေမှာပါ။ အချက်အလက်များ လျှင်မြန်စွာကူးပြောင်းနိုင်ရန် RAM 4GB ကို အသုံးပြုပေးထားပါတယ်။ သိုလှောင်သိမ်းဆည်းမှုပမာဏ 32GB ကို အသုံးပြုပေးထားသဖြင့် Data များစွာကိုသိမ်းဆည်းထားနိုင်မှာဖြစ်ပါတယ်။ ကင်မရာပိုင်းတွင် Sony ရဲ့ နည်းပညာဖြစ်တဲ့ IMX386 CMOS ကို အသုံးပြုပေးထားတဲ့အတွက် 0.2 second အတွင်းအကောင်းဆုံးပုံရိပ်တွေကို ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ အနောက်ကင်မရာ 12MP ကို အသုံးပြုပေးထားပြီး 10 LED (dual tone) Flash ကို အသုံးပြုပေးထားတဲ့အတွက် ပုံရိပ်ဖမ်းယူမှုကိုအကောင်းဆုံးစွမ်းဆောင်ပေးနိုင်မှာဖြစ်သည့်အပြင် ပုံထွက်အရည်အသွေးမှာလည်း သဘာဝအတိုင်းနီးပါး ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ အရှေ့ကင်မရာ 5MP ကို အသုံးပြုပေးထားသည့်အပြင် F/2.0 ကို ထပ်မံအသုံးပြုပေးထားသဖြင့် မည်သည့်အလင်းရောင်အခြေအနေမျိုးတွင်မဆို လှပသောအကောင်းဆုံး Selfie ပုံများကို ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ လုံခြုံရေးစနစ်အနေဖြင့် Finger Print Sensor ကို ထည့်သွင်းပေးထားပါတယ်။ Android OS အနေဖြင့် နောက်ဆုံးထွက် 6.0 (Marshmallow) ကို အသုံးပြုပေးထားပါတယ်။ ဘက်ထရီမှာ Non-Removable 3060mAh Li-Ion ကို အသုံးပြုပေးထားပါတယ်။



## Specification

========

- 5.5" IPS Capacitive Touch Screen (1920x1080)
- Processor 2.3GHz Deca-Core
- RAM 4GB
- Storage 32GB
- Android 6.0 OS (Marshmallow)
- Rear Camera 12MP & 5MP front Camera
- Li-ion 3060 mAh Battery





# Xiaomi Redmi Note 3 Pro

ဈေးနှုန်းချိုသာပြီး Screen Size 5.5 လက်မနှင့် Resolution (1920x 1080) ကို သုံးပေးထားတဲ့အတွက် ဂရပ်ဖစ်မြင့်မားသော ဂိမ်းတွေ၊ ဗီဒီယိုတွေကို ရုပ်ထွက်ကောင်းကောင်းနဲ့ကြည့်ရှုခံစားနိုင်မှာဖြစ်ပါတယ်။ CPU ပိုင်းမှာလည်း 1.8GHz Hexa Core ကို အသုံးပြုပေးထားတဲ့အတွက် လုပ်ဆောင်ချက်ပိုင်းမှာ ပုံမှန်ထက် ပိုမိုမြန်ဆန်စေမှာဖြစ်ပါတယ်။ RAM 3GB ဖြစ်သောကြောင့် အချိန်တိုတွင်း အချက်အလက်များကို ကူးပြောင်းနိုင်မှာဖြစ်ပါတယ်။ 4000mAh ရှိသော Li-ion ဘက်ထရီကို တပ်ဆင်အသုံးပြုပေးထားတဲ့အတွက် ဂိမ်းကစားခြင်း၊ သီချင်းနားထောင်ခြင်း၊ အင်တာနက်အသုံးပြုခြင်းများကို အချိန်ကြာကြာအသုံးပြုနိုင်မှာဖြစ်ပါတယ်။ လုံခြုံရေးစနစ်အနေဖြင့် 0.3 second အတွင်း လျှင်မြန်စွာဖွင့်နိုင်သော Finger Print Scanner ထည့်သွင်းပေးထားပါတယ်။ ထို့ပြင် လုံခြုံရေးဆိုင်ရာ အချက်အလက်တွေ၊ Application တွေ၊ စီမံခန့်ခွဲမှုတွေမှာ သွက်သွက်လက်လက်နှင့် အသုံးပြုရမြန်ဆန်ပြီး ဘက်ထရီချွေတာမှုကို အပြည့်အဝ ထောက်ပံ့ပေးနိုင်သည့် Xiaomi ရဲ့ ကိုယ်ပိုင်နည်းပညာဖြစ်သော MIUI 7 ကိုလည်း အသုံးပြုပေးထားပါတယ်။



Screen Size 5.5" နှင့် Resolution (1920x1080) IPS Screen ကို အသုံးပြုပေးထားသဖြင့် ဂရပ်ဖစ်မြင့်မားသော ဂိမ်းတွေ၊ ဗီဒီယိုတွေကို ရုပ်ထွက်ကောင်းကောင်းနဲ့ ကြည့်ရှုခံစားနိုင်မှာဖြစ်ပါတယ်။ CPU ပိုင်းမှာလည်း 1.8GHz Hexa Core ကို အသုံးပြုပေးထားတဲ့အတွက် လုပ်ဆောင်ချက်ပိုင်းတွင်လည်း ပိုမိုမြန်ဆန်စေနိုင်မှာဖြစ်ပါတယ်။ အချက်အလက်များလျှင်မြန်စွာ ကူးပြောင်းနိုင်ရန် RAM 3GB ကို အသုံးပြုပေးထားပြီး သိုလှောင်သိမ်းဆည်းနိုင်မှုပမာဏမှာတော့ 32GB အထိ ထည့်သွင်းပေးထားပါတယ်။ အနောက်ကင်မရာ 16MP နှင့် Phase detection autofocus, LED Flash ကိုပါ အသုံးပြုပေးထားသဖြင့် ပုံရိပ်ဖမ်းယူမှုကိုအကောင်းဆုံးစွမ်းဆောင်ပေးနိုင်ပြီး ကြည်လင်ပြတ်သားသော ပုံထွက်အရည်အသွေးကို ရရှိနိုင်မှာဖြစ်ပါတယ်။ ထို့ပြင် face detection, panorama, HDR စနစ်ပါ ထည့်ပေးထားတဲ့အတွက် အလျင်စလိုမြန်မြန်ရိုက်ယူလိုက်သည့်အခါများတွင် လက်တုန်၍ ပုံဝေဝါးသွားခြင်း၊ မှုန်ဝါးသွားခြင်းမရှိဘဲ ရုပ်ထွက်ကောင်းမွန်သည့်ပုံများကို ရရှိစေမှာဖြစ်ပါတယ်။ အရှေ့ကင်မရာအနေဖြင့်လည်း 5MP ကို ထည့်သွင်းအသုံးပြုပေးထားပါတယ်။ Android OS အနေဖြင့် 5.1.1 (Lollipop) ကို အသုံးပြုပေးထားပါတယ်။ Dual Sim ဖုန်းအမျိုးအစားဖြစ်ပြီး အရောင်အနေဖြင့် Gold Colour အရောင်တစ်မျိုးတည်းသာ ရရှိနိုင်မှာဖြစ်ပါတယ်။



## Specification

========

- 5.5" IPS Capacitive Touch Screen (1920x1080)
- Processor 1.8 GHz Hexa Core
- RAM 3GB
- Storage 32GB included
- Android 5.1.1 OS (Lollipop)
- Rear Camera 16MP & 5MP front Camera
- Li-ion 4000 mAh Battery



# TECH NEWS Update

## အရှေ့တောင်အာရှဈေးကွက်တွင် ဒုတိယနေရာသို့ OPPO တက်လှမ်းရောက်ရှိလာခဲ့



ကမ္ဘာ့စမတ်ဖုန်းအမှတ်တံဆိပ် OPPO ကုမ္ပဏီမှာအမေရိကန် အခြေစိုက် ထိပ်တန်းသုတေသန ကုမ္ပဏီ IDC (International Data Corporation) အဖွဲ့အစည်းက ထုတ်ပြန်သည့် နောက်ဆုံးသတင်း အချက်အလက်များအရ အရှေ့တောင်အာရှဈေးကွက်တွင် နံပါတ်-၂ နေရာသို့ တက်လှမ်းရောက်ရှိလာခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။ IDC ၏ ထုတ်ပြန်ချက်အရအဆိုပါ အရှေ့တောင်အာရှဒေသတွင် ၂၀၁၆ ဒုတိယ ၃လပတ်အတွင်း စုစုပေါင်းစမတ်ဖုန်း တင်ပို့မှုမှာ ၂၈သန်းနီးပါးအထိရှိခဲ့ပြီး OPPO အနေဖြင့် ၎င်းတို့၏ F1 Series ထုတ်ကုန်စမတ်ဖုန်းများအတွက် တောင့်တင်းခိုင်မာသည့် brand အမှတ်တံဆိပ်တန်ဖိုးတည်ဆောက်နိုင်စေရန် စဉ်ဆက်မပြတ်ဈေးကွက်မြှင့်တင်မှုဆိုင်ရာ ရင်းနှီးမှုများပြုလုပ်ခြင်းကြောင့် တင်ပို့ရောင်းချသည့် ထုတ်ကုန်အရေအတွက်ကို တိုးမြှင့်အောင် လုပ်ဆောင်ပေးနိုင်ခဲ့သည်။

ဈေးကွက်ဝေစုရယူထားနိုင်မှုအပိုင်းကိုကြည့်မည်ဆိုလျှင် အလုံးစုံစမတ်ဖုန်းဈေးကွက်ကို Samsung က အဓိကကြီးစိုးထားပြီး OPPO က ဒုတိယနေရာတွင်ရပ်တည်လျက်ရှိသည်။ ယခုဈေးကွက်မှ စမတ်ဖုန်းအလုံးရေ ၂၈ သန်း တင်ပို့နိုင်ခြင်းမှာ ၃လပတ်အလိုက်တိုးတက်မှုနှုန်းတွင် ၁၈. ၁ ရာခိုင်နှုန်းတိုးတက်လာခြင်းဖြစ်ပြီး နှစ်အလိုက်တိုးတက်မှုနှုန်းတွင် ၆. ၅ ရာခိုင်နှုန်းအထိ မြင့်တက်သွားစေခဲ့သည်။

OPPO အနေဖြင့် ယခုကဲ့သို့ တိုးတက်အောင်မြင်လာခဲ့ခြင်းမှာ ပိုမိုကျယ်ပြန့်ထိရောက်မှုရှိသည့် offline ရောင်းချမှုလမ်းကြောင်းများနှင့် ၎င်းတို့၏ထုတ်ကုန်ပိုင်းဆိုင်ရာ ကွဲပြားခြားနားမှုရှိစေမှုအပေါ်အလေးအာရုံစိုက်ခြင်းနှင့်အတူ ဝန်ဆောင်မှုစင်တာများ ပိုမိုတိုးချဲ့ဖွင့်လှစ်ခြင်းဗျူဟာများကြောင့် အဓိကဖြစ်ကြောင်း သတင်းတွင်ဖော်ပြထားသည်။ အိန္ဒိယဈေးကွက်တွင် OPPO အနေဖြင့် တိုက်ရိုက်ဝယ်ယူနိုင်မည့် Point of Sales နေရာပေါင်း ၃၅,၀၀၀ နှင့် သုံးစွဲသူ customer များကို ပိုကောင်းသည့်အတွေ့အကြုံများ ပေးစွမ်းနိုင်စေရန် ဝန်ဆောင်မှုစင်တာပေါင်း ၁၈၀ ကိုပစ်မှတ်ထားဖွင့်လှစ်ပေးခြင်းဖြင့် ၎င်းတို့၏ တိုက်ရိုက်ရောင်းချမှု offline စနစ်ပိုမိုကျယ်ပြန့်စေရန်လုပ်ဆောင်ပေးလျက်ရှိသည်။ ဗျူဟာကျသည့်လှုပ်ရှားရပ်တည်မှုနှင့် Selfie ပိုင်းဆိုင်ရာကိုအထူးအလေးပေးထားသည့် ဓာတ်ပုံဆိုင်ရာနည်းပညာများနှင့် ပတ်သက်သော သတင်းပေးမှုများက ပြိုင်ဆိုင်မှုပြင်းထန်သော ဈေးကွက်များတွင် OPPO အမှတ်တံဆိပ်ကို သုံးစွဲသူများလက်ခံလာစေရန် များစွာထောက်ကူပေးနိုင်ခဲ့သည်။

တစ်ကမ္ဘာလုံးဆိုင်ရာ OPPO ကုမ္ပဏီ၏ ဒု-ဥက္ကဋ္ဌ၊ နိုင်ငံတကာ မိုဘိုင်းစီးပွားရေးလုပ်ငန်း၏ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် OPPO အိန္ဒိယ၏ ဥက္ကဋ္ဌရာထူးများကို ထမ်းဆောင်လျက်ရှိသော Mr. Sky Li က အရှေ့တောင်အာရှဒေသဟာ ကျွန်တော်တို့အတွက် အထူးဦးစားပေးဈေးကွက်တစ်ခုပါ။ တခြားသောဈေးကွက်တွေမှာ ကျွန်တော်တို့ရရှိထားတဲ့ အောင်မြင်မှုတွေနဲ့ အလားတူလက်ခံယုံကြည်မှုတွေကိုထိတွေ့ရရှိစေဖို့ ရည်ရွယ်ထားတာဖြစ်ပါတယ်။ ထိပ်တန်းအရည်အသွေးရှိထုတ်ကုန်များနဲ့ သုံးစွဲသူတွေကိုတောက်ပုံပေးနိုင်စေဖို့ဆိုတဲ့ အဓိကအာရုံစိုက်မှုနဲ့အတူ OPPO အနေနဲ့ ဓာတ်ပုံဆိုင်ရာနည်းပညာရပ်၊ ဒီဇိုင်းပိုင်းဆိုင်ရာ၊ သုံးစွဲသူအခြေပြုတဲ့ ပြန်လည်တုံ့ပြန် ဖြေကြားမှုတွေ ပေးအပ်မှုအပိုင်းတွေမှာ ရင်းနှီးမြှုပ်နှံထားတာဖြစ်ပါတယ်။ အဲဒီအချက်က ကျွန်တော်တို့ကို ဒီအတိုင်းအတာခရီးအကွာအဝေးထိ ရောက်ရှိလာစေခဲ့တာဖြစ်သလို ကျွန်တော်တို့ရှေ့ဆက်ချီတက်သွားနိုင်စေရေးကိုပါ ဆက်လက် တွန်းအားပေးမောင်းနှင်နေဦးမှာဖြစ်ပါတယ်''ဟု ထုတ်ဖော်ပြောဆိုသွားခဲ့သည်။

## Apple က ကြိုးမဲ့နားကြပ် AirPods ကို မိတ်ဆက်

Apple က iPhone 7 နဲ့ iPhone 7 Plus မှာ 3.5mm Audio Jack ကို ဖယ်ရှားလိုက်ပါတယ်။ Headphone များဟာ iPhone အသစ်များကို Lightning Cable သို့မဟုတ် Bluetooth ကနေ ဆက်သွယ်ရမှာပါ။ Apple ဟာ ယခင်ထုတ် iPhone များမှာ ကြိုးပါတဲ့ EarPods များကို ထည့်ပေးခဲ့ပါတယ်။ ဒါပေမယ့် အဲဒီ Earphone များဟာ Jack Plug မပါတဲ့ iPhone အသစ်များနဲ့ အလုပ်မလုပ်တော့ပါဘူး။ အဲဒီပြဿနာကိုဖြေရှင်းဖို့ Apple က Earphones အသစ် ၂ ခုကို မိတ်ဆက်လိုက်ပါတယ်။ Lightning EarPods နဲ့ Wireless AirPods တို့ဖြစ်ပါတယ်။ Lightning EarPods ဟာ iPhone အသစ်များကို Lightning Cable ကနေချိတ်ဆက်မှာဖြစ်ပြီး Wireless AirPods ကတော့ Bluetooth ကနေချိတ်ဆက်မှာပါ။ AirPods ဟာဒီဇိုင်းမလှပေမယ့် စွမ်းရည်မြင့်ပါတယ်။ ၅ နာရီကြာဘက်ထရီအသုံးခံပြီး မိုက်ကရိုဖုန်းလည်းပါပါတယ်။ သွားလေရာအားသွင်းဖို့လည်း အဆင်ပြေပါတယ်။ EarPods ကိုတော့ iPhone အသစ်များမှာအခမဲ့ ထည့်ပေးမှာဖြစ်ပါတယ်။ AirPods ကိုတော့ သီးခြား ဝယ်ယူရမှာဖြစ်ပြီး ဈေးနှုန်းကြီးမြင့်နိုင်ပါတယ်။



## Sony က PlayStation 4 Pro နဲ့ ပါးလွှာတဲ့ PS4 အသစ်နှစ်လုံးကို မိတ်ဆက်



Sony က PlayStation 4 အသစ် ၂ လုံးကိုမိတ်ဆက်လိုက်ပါတယ်။ 4K ထောက်ပံ့တဲ့ PlayStation 4 Pro နဲ့ လက်ရှိ PS4 ထက် ပါးလွှာတဲ့ PS4 တို့ဖြစ်ပါတယ်။ PS4 အသစ်ကတော့ 4K ကိုမထောက်ပံ့ပါဘူး။ PS4 Pro ဟာ 4K သာမက HDR ကိုပါ ထောက်ပံ့ပါတယ်။ Pro Version မှာပိုမိုစွမ်းရည်ပြည့်ဝတဲ့ CPU နဲ့ GPU ထည့်ပေးထားပြီး 1TB Hard Drive ပါပါတယ်။ Pro မှာ လက်ရှိ PS4 Games များကိုကစားနိုင်ပေမယ့် အချို့ဂိမ်းများကသာ 4K နဲ့ HDR ကိုထောက်ပံ့ပါတယ်။ PS4 Pro ကို နိုဝင်ဘာလ ၁၀ ရက်နေ့မှာဒေါ်လာ ၃၉၉ ဖြင့် ရောင်းချမှာပါ။ ပါးလွှာတဲ့ PS4 အသစ်ဟာလက်ရှိ PS4 နဲ့ ဆင်တူပေမယ့် ပိုမိုပါးလွှာလာပါတယ်။ ဒေါ်လာ ၂၉၉ ဖြင့် စက်တင်ဘာလ ၁၅ ရက်နေ့မှာရောင်းချပေးမှာဖြစ်ပါတယ်။ Sony က ယခင်နှစ်များအတွင်းသူ့ ဂိမ်းစက်များရဲ့ ပါးလွှာတဲ့ မော်ဒယ်များကိုထုတ်လုပ်လေ့ရှိတဲ့အတွက် PS4 အသစ်ဟာ မထူးဆန်းပေမယ့် PS4 Pro ကတော့ ထူးခြားပါတယ်။

## News Headline ...

### Pokemon Go ကို Apple Watch မှာ ကစားနိုင်မည်

Apple iPhone 7 Event မှာ Niantic CEO John Hanke က Pokemon Go ကို Apple Watch ကနေကစားနိုင်မယ်လို့ ကြေညာပါတယ်။ Pokemon, Gyms နဲ့ အခြားတည်နေရာများကိုသိဖို့အတွက် ဖုန်းကိုထုတ်စရာမလိုဘဲ စမတ်နာရီကနေအသိပေးမှာဖြစ်ပါတယ်။ ပိုကီမွန်အကောင်နားနီးလာတာနဲ့ စမတ်နာရီကအချက်ပြမှာဖြစ်ပါတယ်။ ပြေးခြင်း၊ လမ်းလျှောက်ခြင်းများအတွက် အကွာအဝေး၊ ကယ်လိုရီလောင်ကျွမ်းမှုများလို သတင်းအချက်အလက်များကိုလည်း ပြသပေးနိုင်ပါတယ်။ ဒါပေမယ့် ပိုကီမွန်ဖမ်းဖို့အတွက်တော့ ဖုန်းကနေလုပ်ဆောင်ရမှာဖြစ်ပါတယ်။ Niantic က ဂိမ်းကစားသူများဟာ ၄. ၆ ဘီလီယံကီလိုမီတာလမ်းလျှောက်ပြီးပြီလို့ ပြောပါတယ်။ Apple စမတ်နာရီမှာ ပိုကီမွန်ဂိမ်းကို ယခုနှစ်မကုန်မီကစားနိုင်မှာပါ။

### Android Pay ကို Mobile Web ကနေ အသုံးပြုနိုင်မည်

Android Pay ကိုမကြာမီ Mobile Web Browser များကနေသုံးနိုင်တော့မယ်လို့ Google က ပြောပါတယ်။ Credit Cards များဖြင့် အွန်လိုင်းမှာ ဈေးဝယ်ယူမှုများကို မိုဘိုင်းဘရောက်စာများကနေ ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ Google ရဲ့ Android အဖွဲ့က Users များဟာ Groupon.com, 1-800-Flowers.com နဲ့ အခြားဝက်ဆိုက်များမှာ Chrome ကနေ Android Pay ဖြင့် လွယ်ကူလျင်မြန်စွာ ငွေပေးချေနိုင်တော့မှာဖြစ်တယ်''လို့ ပြောပါတယ်။ ဒီ့အပြင် အမေရိကန်ရှိ Chase Bank အသုံးပြုသူများ၊ ဗြိတိန်ရှိ Santander နဲ့ TSB အသုံးပြုသူများကလည်း Android Pay ကိုလာမယ့် ရက်သတ္တပတ်အတွင်းအသုံးပြုနိုင်တော့မှာဖြစ်ပါတယ်။ အမေရိကန်မှာစက်တင်ဘာလ ၇ ရက်ကနေအောက်တိုဘာလ ၁၅ ရက်အတွင်း Android Pay ဖြင့် Uber အငှားယာဉ် ငွေပေးချေမှု ၁၀ ခါပြုလုပ်ရင် ၅၀ ရာခိုင်နှုန်းလျှော့ဈေးရမှာဖြစ်ပါတယ်။

### Facebook က စွမ်းဆောင်ချက်အသစ်တစ်ခုကို စမ်းသပ်နေ

Facebook က Twitter နဲ့ ဆင်တူတဲ့ စွမ်းဆောင်ချက် အသစ်တစ်ခုကို စမ်းသပ်နေပါတယ်။ What friends are talking about စွမ်းဆောင်ချက်ဖြစ်ပြီးသူငယ်ချင်းများနဲ့ ပိုမိုစကားဖောင်ဖွဲ့နိုင်မှာပါ။ အဲဒီစွမ်းဆောင်ချက်ကသင့်သူငယ်ချင်းများမကြာမီကတင်ထားတဲ့ ပို့စ်အချို့ကို သင့် Newsfeed ရဲ့ ထိပ်မှ ကဏ္ဍတစ်ခုမှာ ပြသထားပါတယ်။ သင်ကပို့စ်များနဲ့ ကွန်းမန့်များကိုလွယ်ကူစွာ မြင်တွေ့နိုင်ပြီးကွန်းမန့်များဖြင့် စကားဖောင်ဖွဲ့နိုင်မှာပါ။ လက်ရှိမှာတော့ အဲဒီစွမ်းဆောင်ချက်ကို လူအနည်းငယ်ကသာအသုံးပြုနိုင်ပါသေးတယ်။ Mashable က အဲဒီစွမ်းဆောင်ချက်ကို Android App မှာ စတင်တွေ့ရှိခဲ့တာဖြစ်ပါတယ်။ အခြားပလက်ဖောင်းမှ လူများလည်းနောက်ပိုင်းမှာအသုံးပြုနိုင်မယ်လို့ ထင်ရပါတယ်။ Twitter ကလည်းအရင်းနှီးဆုံးသူငယ်ချင်းများရဲ့ Tweets များကိုဦးစားပေးပြသတဲ့ စွမ်းဆောင်ချက်ကိုထည့်သွင်းပေးထားပြီးသားဖြစ်ပါတယ်။

### Pokemon Go Plus ကို လာမည့်အပတ်မှာရောင်းမည်

Pokemon Go တီထွင်သူ Niantic က စက်တင်ဘာလ ၁၆ ရက်နေ့ မှာ Pokemon Go Plus ကိုရောင်းချမယ်လို့ ကြေညာပါတယ်။ Pokemon Go Plus ဟာ လက်ကောက်ဝတ်မှာ ပတ်ရတဲ့ Bluetooth Sensor ဖြစ်ပြီး Pokemon နဲ့ Pokestops အနားရောက်ရင် တုန်ခါအသိပေးမှာဖြစ်ပါတယ်။ ဒေါ်လာ ၃၅ တန်ကြေးရှိပြီး မူလက ဇူလိုင်လကုန်မှာရောင်းချဖို့ စီစဉ်ထားခဲ့တာဖြစ်ပါတယ်။ Nintendo က Pokemon Go Plus ကို ကြိုတင်မှာယူထားသူများအား တောင်းပန်ခဲ့ရပြီး ရောင်းချမယ့် အချိန်မှာဈေးလျှော့ပေးမယ်လို့ ကတိပေးခဲ့ရပါတယ်။ Pokemon Go ဟာ တစ်ဟုန်ထိုးနာမည်ကျော်ကြားလာနေတဲ့ ဂိမ်းဖြစ်ပါတယ်။ ဇူလိုင်လမှာ ဂိမ်းကစားသူ ၄၅ သန်းရှိရာကနေ ဩဂုတ်လလယ်မှာ သန်း ၃၀ ဖြစ်လာပါတယ်။



# WATCH
## SERIES 2



Apple Watch Series 2 မှာ GPS ပါလာပါတယ်။ ရေအနက်မီတာ ၅၀ အထိ ဝတ်ဆင်အသုံးပြုနိုင်ပါတယ်။
အလွန်လျင်မြန်တဲ့ Dual-Core Processor မောင်းနှင်မှာဖြစ်ပါတယ်။ ယခင်မျိုးဆက်များထက် မျက်နှာပြင်က ၂ ဆ ပိုမိုတောက်ပလာပါတယ်။
လူများနဲ့ပိုမိုဆက်သွယ်လာနိုင်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုများကို တိကျစွာတိုင်းတာပေးခြင်းစတဲ့ စွမ်းဆောင်ချက်များစွာပါလာပါတယ်။
Apple Watch Series 2 ဟာ သင့်ရဲ့နေ့စဉ်လူနေမှုဘဝကို အဖက်ဖက်က ကူညီပေးဖို့ ဒီဇိုင်းထုတ်ထားပါတယ် . . .





### ကိုယ်လက်လှုပ်ရှားမှုများကိုတိုင်းတာပေးခြင်း

Apple Watch Series 2 မှာ GPS ပါလာတဲ့အတွက် သင့် iPhone ရဲ့ အကူအညီမလိုတော့ပါဘူး။ ကားမောင်းခြင်း၊ ပြေးခြင်းများပြုလုပ်ရင် ဖုန်းကိုအိမ်မှာထားခဲ့နိုင်ပါပြီ။ ကိုယ်လက်လှုပ်ရှားမှုများကို တိကျစွာတိုင်းတာပေးနိုင်ပါတယ်။ ရေကူးတဲ့အခါမှာ ဝတ်ဆင်ထားနိုင်ပြီး အပတ်ရေကို နာရီကတိုင်းတာပေးနိုင်ပါတယ်။ Apple ထုတ်လုပ်ဖူးသမျှစမတ် နာရီထဲမှာ မျက်နှာပြင်အရောင်အတောက် ပဆုံးဖြစ်တဲ့အတွက် ဘယ်လိုတောက်ပတဲ့ နေရောင်အောက်မှာပဲဖြစ်ဖြစ် သင့်ရဲ့ကိုယ်လက်လှုပ်ရှားမှုဒေတာများကိုကြည်လင်စွာမြင်ရမှာပါ။



### ရေစိုခံနိုင်ခြင်း

စမတ်နာရီကိုရေအနက် မီတာ ၅၀အထိဝတ်ဆင်နိုင်ပါတယ်။ ရေကူးကန်သာမကပင်လယ်ထဲမှာတောင် ဝတ်ဆင်နိုင်ပါတယ်။ စပီကာဟာ အသံထုတ်လွှင့်ဖို့ အသေပိတ်လို့မရတဲ့အတွက် ရေဝင်ခံနိုင်တဲ့ဒီဇိုင်းကိုဖန်တီးထားပါတယ်။ အဲဒီနောက်မှာ အသံတုန်ခါမှုကနေရေတွေကို အပြင်ပြန်ထုတ်ပေးမှာပါ။

### Workout App

အခန်းတွင်း၊ အခန်းပြင် ကိုယ်လက်လှုပ်ရှားမှု ၁၂ မျိုးကို စမတ်နာရီက တိုင်းတာပေးပါတယ်။ အဲဒီအထဲမှာရေကူးခြင်း၊ စက်ဘီးစီးခြင်း၊ ပြေးခြင်းတို့ပါဝင်ပါတယ်။ လေ့ကျင့်ခန်း ရည်မှန်းချက်များကို သတ်မှတ်နိုင်ပါတယ်။ လှုပ်ရှားမှုများကိုနာရီက တိကျစွာတိုင်းတာပေးပါတယ်။ တစ်ပြိုင်နက်တည်း လှုပ်ရှားမှု ၅မျိုးကို ကြည့်နိုင်ပါတယ်။



### Activity App

iPhone မှ Activity App ကနေ တစ်နေ့တာသင့်ရဲ့ လှုပ်ရှားမှုများဖြစ်တဲ့မတ်တပ်ရပ်ခြင်း၊ လှုပ်ရှားခြင်း၊ လေ့ကျင့်ခန်းလုပ်ခြင်းများကိုကြည့်နိုင်ပါတယ်။ နေ့စဉ် ကိုယ်လက်လှုပ်ရှားမှုကိုလေ့လာနိုင်ပြီး ပိုမိုပြုလုပ်ဖို့ တွန်းအားပေးနိုင်ပါတယ်။



### Built-In GPS

GPS ပါတဲ့အတွက် စမတ်နာရီကလမ်းလျှောက်ခြင်း၊ ပြေးခြင်း၊ စက်ဘီးစီးခြင်းများ ပြုလုပ်တဲ့အခါမှာ အကွာအဝေး၊ အမြန်နှုန်းနဲ့ ခြေလှမ်းများကို တိကျစွာတိုင်းတာပေးနိုင်ပါတယ်။ ကိုယ်လက်လှုပ်ရှားမှုပြီးရင် iPhone ကနေ သင်သွားခဲ့တဲ့လမ်းကြောင်းများ၊ အမြန်ဆုံးပြေးခဲ့တဲ့နေရာများကို မြေပုံမှာပြသပေးမှာပါ။



### အခြား Workout Apps များ

သင်အသုံးပြုနေကျ Workout Apps များကိုသုံးပြီး စက်ဘီးစီးခြင်း၊ တောင်တက်ခြင်း၊ ယောဂလေ့ကျင့်ခြင်းများကိုပြုလုပ်မယ်ဆိုရင်လည်း စမတ်နာရီကအဲဒီဒေတာများကိုကောက်ယူနိုင်ပါတယ်။

### နည်းပညာမြင့်ကိုယ်လက်လှုပ်ရှားမှု တိုင်းတာခြင်း

Apple Watch Series 2 က တစ်နေ့တာလုံးသင့်ရဲ့ ကိုယ်လက်လှုပ်ရှားမှု နည်းလမ်းအားလုံးကိုတိုင်းတာပေးပါတယ်၊ အစည်းအဝေးခန်း၊ ဈေးဝယ်စင်တာ၊ Gym များမှာ သင်လမ်းလျှောက်တဲ့ဒေတာများကို ကောက်ယူပေးနိုင်ပါတယ်။





### Heart Rate Sensor

Workout App ကိုသုံးတဲ့အခါမှာ နှလုံးခုန်နှုန်းကိုတိုင်းတာတဲ့ Sensor က အချိန်ပြည့် တိုင်းတာပေးမှာပါ။ အခြား ကိုယ်လက်လှုပ်ရှားမှုဒေတာများကိုလည်းမြင်နိုင်ပါတယ်။ အချိန်မရရင် Highlight ကြည့်နိုင်ပါတယ်။



### Activity Rings

Stand , Move နဲ့ Exercise Rings က နေ့တိုင်းသင့်ရဲ့ လှုပ်ရှားမှုကို ပြသပါတယ်။ အဝိုင်းများနေရင် လှုပ်ရှားဖို့ သင့်ကိုတွန်းအားပေးပါတယ်။ ကယ်လိုရီလောင်ကျွမ်းမှုများ၊ ခြေလှမ်းများကိုတိုင်းတာပေးပါတယ်။



### တိုးတက်စေခြင်း

Smart Notifications ကနေ့တိုင်း Stand, Move, Exercise Rings များကိုအသိပေးမှာပါ။ စမတ်နာရီကသင့်ရဲ့ တိုးတက်မှုများကိုနေ့စဉ်ပြောပြမှာပါ။ ရည်မှန်းချက်အသစ်များကိုပြုလုပ်ဖို့ သင့်ကိုလှုံ့ဆော်ပေးမှာပါ။



### ကိုယ်လက်လှုပ်ရှားမှု ဒေတာများမျှဝေခြင်း

သင့်ရဲ့ ကိုယ်လက်လှုပ်ရှားမှုဒေတာများကိုသူငယ်ချင်းများ၊ မိသားစုဝင်များနဲ့ မျှဝေနိုင်ပါတယ်။ သူငယ်ချင်းများနဲ့ယှဉ်ပြိုင်နိုင်ပါတယ်။ သင့်သူငယ်ချင်းရဲ့ ကိုယ်လက်လှုပ်ရှားမှုတိုးတက်တိုင်း သင်က Notification ရနိုင်ပါတယ်။ Notification ကနေပဲ စာများပြန်လည်ပေးပို့နိုင်ပါတယ်။



# EPI မိုဘိုင်းပြုပြင်ရေးသင်တန်းကျောင်းမှ သင်တန်းကြိုတင်အပ်နှံသူများကို 10 % Discount ပေးသွားမည်



မိုဘိုင်းဖုန်းပြုပြင်နည်း သင်တန်းကျောင်းတစ်ခုဖြစ်သော EPI မှသင်တန်းကြိုတင်အပ်နှံသူများကို 10 % Discount ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါသင်တန်းတွင်လက်တွေ့ လုပ်ငန်းခွင်မှ ကျွမ်းကျင် ဆရာများမှ ဖုန်းအားလုံးနီးပါးကို ပြုပြင်နိုင်ရန်နှင့် လုပ်ငန်းခွင်ဝင်လျှင် အဆင်သင့်ဖြစ်သည့်အထိ သင်ကြားပေးသွားမည်ဖြစ်သည်။

သင်တန်းပြီးသွားသည့် အခါ ထပ်မံတက်ရောက်လိုပါက တန်းခွဲသစ်တွင် အခမဲ့ပြန်လည် တက်ရောက်ခွင့်ရရှိမည်ဖြစ်ပြီး အနီးဆုံးတန်းခွဲသစ်ကို ၁၉. ၉. ၂၀၁၆ ရက်နေ့တွင်ဖွင့်လှစ်မည်ဖြစ်သည်။ ၄. ၁၀. ၂၀၁၆ ရက်နေ့တွင် နောက်ထပ် တန်းခွဲအသစ်ထပ်မံဖွင့်လှစ်မည်ဖြစ်ကာ အဆိုပါသင်တန်းတွင် Software Course နှင့် Hardware Course ဟူ၍ တက်ရောက်ရမည်ဖြစ်သည်။ Software Course ပိုင်းတွင် (၁) ဖုန်းပြုပြင်သူတစ်ယောက် စစ်ဆေးပြုပြင်ရမည့် လုပ်ငန်းစဉ် အဆင့်ဆင့်ကို နားလည်စေခြင်း (၂) ဖုန်းအမျိုးမျိုး၏စနစ်အမျိုးမျိုးကို နားလည်စေခြင်း။ (၃) ဝင်ရောက်ပြင်ဆင်ခြင်း (၄) Android OS သုံး Device များ အတွက် အဓိကကျသော Partition /File System /Block ပိုင်းများကို အခြေခံမှ စပြီးသင်ကြားပေးခြင်း (၅) adb & fastboot command များကိုအသုံးပြုတတ်အောင် သင်ကြားပေးခြင်း (၆) Android ဖုန်းများကို Firmware တင်ခြင်းနှင့် Downgrade/Upgrade ပြုလုပ်ခြင်း (၇) Firmware တင်သည့်အခါတွင် ဖြစ်ပေါ်လာနိုင်သော error များကို ဖြေရှင်းနည်း (၈) Root လုပ်နည်းများနှင့် မြန်မာ စာ ထည့်သွင်းနည်းများကို သင်ကြားပေးခြင်း (၉) One Click tool များဖြင့် root မဖောက်နိုင်သော ဖုန်းများကို Manual နည်းဖြင့် root ဖောက်နည်းများ (၁၀) Root ဖောက်နိုင်သော Insecure boot ပြုလုပ်နည်းနှင့် Superboot ပြုလုပ်နည်း (၁၁) IMEI ပျောက်ခြင်းနှင့် Network lock ကျသော ဖုန်းများကို ပြုပြင်နည်း (၁၂) FRP Lock ဖြုတ်ခြင်း(၁၃) Computer ပြုပြင်ထိန်းသိမ်းနည်း။ (၁၄) Software Box အသုံးပြုနည်းများ (၁၅) iOS Firmware Upgrade ပြုလုပ်နည်း (၁၆) Jailbreak ပြုလုပ်နည်း (၁၇) Free Apple ID account ပြုလုပ်နည်း အစရှိသည်တို့ကို သင်ကြားရမည် ဖြစ်သည်။

Hardware course ပိုင်းတွင် Touch ,LCD,Speaker လဲတတ်ရုံသာမကဘဲ Power IC မှ CPU IC အထိစနစ်တကျ အောင်အောင်မြင်မြင်အစားထိုး လဲလှယ်တတ်နိုင်ရန် သင်ကြားရမည်ဖြစ်သည်။

(၁) ဖုန်းတစ်လုံးမှာပါသည့် အစိတ်အပိုင်းများ၏ အလုပ်လုပ်ပုံကိုနားလည်ခြင်း။ ကောင်း၊ မကောင်း (Analog Meter နှင့် Digital Meter နှစ်မျိုးစလုံးဖြင့်) စနစ်တကျ စစ်ဆေးတိုင်းတာခြင်း (၂) Section (အပိုင်း) များခွဲခြားခြင်းဖြင့် ပြုပြင်ရမည့်အပိုင်းကို တိုက်ရိုက်သိရှိအောင်သင်ကြားပေးခြင်း (၃) Shock ကျနေသော ဖုန်းများကို မိနစ်ပိုင်းအတွင်းရအောင်ပြုပြင်နည်း (၄) Circuit Board ပြားပေါ်တွင်ရှိသော Component မျိုးစုံကို ဖြုတ်နည်း။ တပ်နည်း (၅) Section (အပိုင်း) များ အလုပ်လုပ်ပုံကို နားလည်သိရှိပြီး Input and Output လမ်းကြောင်းများအား နားလည်ခြင်း (၆) Power IC, eMMC, CPU အစရှိသော IC များကို စနစ်တကျ ဖြုတ်၊ တပ်၊ လဲလှယ်ခြင်း (၇) LCD, Touch လဲခြင်း ၊ Mic,USB ခေါင်းလဲခြင်း (၈) လိုင်းမမိခြင်း ၊ အသံမကြားရခြင်းစသော ပြစ်ချက်များကိုရှင်းလင်းခြင်း (၉) Heat Flow Unit များအားနားလည်ခြင်း။ voltage များအားတိုင်းတာခြင်း။ Jumper ကျော်ခြင်း (၁၀) Phone Company တွေက Services Engineer များအတွက် ထုတ်ပေးထားသည့်ပုံများ (Diagram များကို) ဖတ်ပြီးပြုပြင်နိုင်ရန်နှင့် Block diagram တွေဆွဲတတ်အောင် သင်ကြားပေးခြင်း စသဖြင့် သင်တန်းသားများသည် ဖုန်းပြုပြင်ရာတွင် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို မိမိဘာသာ တွေးခေါ်နိုင်စွမ်းရှိသွားမည်ဖြစ်သည်။

သင်တန်းကြေးအနေဖြင့် Software Course ပိုင်းကို ၁ သိန်း၊ Hardware Course ပိုင်းကို ၁ သိန်းပေးသွင်းရမည်ဖြစ်သည်။ ဖုန်းပြုပြင်ရာတွင် အသုံးဝင်သည့် Data 2,000 GB ကိုလည်း ပေးသွားမည်ဖြစ်ကာ နယ်မှသင်တန်းသားများအတွက်လည်း တည်းခိုရန် စီစဉ်ပေးမည်ဟုဆိုသည်။ အသေးစိတ်သိရှိလိုပါက အမှတ် (၁၃၂) ဒုတိယထပ်ဘယ်ဘက်ခြမ်း ၊ အောင်ပြည့်ဖြိုးချစ်တီး ထမင်းဆိုင်နှင့် နမ့်ခမ်းရှမ်းစားသောက်ဆိုင်ကြား ၃၇ လမ်းအလယ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ဖုန်း : 09 25 4040 200 , 09 300 47 422 သို့ဆက်သွယ်စုံ စမ်းမေးမြန်းနိုင်ပါသည်။

**ကောင်းမြတ်ရာ**

# ရေဘေးသင့်ပြည်သူများအတွက် "We Love BeeTalk" အဖွဲ့မှ လှူဒါန်း

Bee Talk Application အသုံးပြုသူများဖြင့် ဖွဲ့စည်းထားသော "We Love BeeTalk" အဖွဲ့မှ ရေဝတီတိုင်းဒေသကြီးရှိ ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေ ကျပ်သိန်း ၂၀ ကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။ "We Love BeeTalk" အဖွဲ့သားများမှ ဩဂုတ်လ ၂၇ ရက်နေ့ မဟာဗန္ဓုလပန်းခြံတွင် အလှူကောက်ခံပေးခဲ့ကြပြီး BeeTalk မှလည်း လှူဒါန်းသူများအတွက် အမှတ်တရ လက်ဆောင်လေးများ ပြန်လည်ပေးအပ်ပေးခဲ့ပါသည်။ အောက်တိုဘာလ ၄ ရက်နေ့တွင် အဆိုပါ ကောက်ခံရရှိငွေများနှင့် BeeTalk မှ ဝန်ထမ်းများ၏ အလှူငွေများ အားလုံးစုစုပေါင်း ၂၀၅၈၀၀၀ ကျပ်တိတိကို အောက်အင်းကျေးရွာရှိ အိမ်ခြေ ၁၆၀ နှင့် မွေ့ရာရုံအတွက် ငွေသားအလှူငွေများ ပေးအပ်ခဲ့ခြင်းဖြစ်သည်။

BeeTalk အသုံးပြုသူများအတွက် Fan အဖွဲ့တစ်ခုကို ၂၀၁၆ ခုနှစ် မေလတွင် စတင်ဖွဲ့စည်းခဲ့ပြီး BeeTalk Fan အချင်းချင်း ပျော်ရွှင်ရင်းနှီးစွာ တွေ့ဆုံရန်၊ BeeTalk နှင့်ပတ်သက်သည့် သတင်းအချက်အလက်အမှန်များ ဖြန့်ဝေရန်၊ BeeTalk Application အကြောင်း သိရှိစေရန်ရည်ရွယ်ခဲ့ကြပါသည်။ ယခုပြုလုပ်ခဲ့သော ပရဟိတအလှူပွဲသည် BeeTalk မှ Fan များနှင့်အတူ ပြုလုပ်သော စေတနာ့အကြိမ်မြောက် လှုပ်ရှားမှုတစ်ခုလည်း ဖြစ်ပါသည်။

**ရဲလင်းလင်းသန်း**

# KENBO Hero 2 စမတ်ဖုန်းအား ပြည်တွင်းတွင် ဝယ်ယူနိုင်တော့မည်



KENBO မှ ယင်းတို့၏ မိုဘိုင်းထုတ်ကုန်သစ်ဖြစ်သော KENBO Hero 2 စမတ်ဖုန်းကို ပြည်တွင်းဈေးကွက်ထဲတွင် ဝယ်ယူနိုင်တော့မည်ဖြစ်ကြောင်းသိရသည်။ Hero 2 ဖုန်း၏ မျက်နှာပြင်အကျယ်အဝန်းမှာ ၅ လက်မအရွယ်အစားဖြစ်ပြီး ဖုန်း၏ နောက်ကျောဘက်တွင် Fingerprint sensor ကိုတပ်ဆင်ပေးထားသည်။ Fingerprint စနစ်ကို ယခင်ဖုန်းများထက်အဆင့်မြှင့်တင်ပေးထားပြီး ဖုန်း Screen ကို Lock ဖွင့်နိုင်ရုံသာမက ဖုန်းအတွင်းရှိ Application များကိုပါ လက်ဗွေစနစ်ဖြင့် အမှတ်အသား ပြုလုပ်နိုင်မည်ဖြစ်သည်။ ကင်မရာအားဖြင့် အဓိကကင်မရာကို 5 MP တပ်ဆင်ထားပြီး အရှေ့ကင်မရာကို 2 MP တပ်ဆင်ထားသည်။ ဘက်ထရီကို Li-Po 4000 mAh တပ်ဆင်ပေးထားသည်။ Hero 2 တွင် အခြားဖုန်းတစ်လုံးကို ဘက်ထရီအားဝေမျှအသုံးပြုနိုင်သည့်စနစ်ကို ထည့်သွင်းပေးထားသောကြောင့် မိမိသူငယ်ချင်း ဖုန်းအားကုန်သွားသည့်အခါ မိမိဖုန်းကနေ OTG Cable နဲ့အခြားဖုန်းကို Data Cable သုံးပြီး ချိတ်ဆက်အားသွင်းပေးနိုင်မည် ဖြစ်သည်။ 2G/3G/4G LTE မိုဘိုင်းကွန်ရက်များဖြင့် အသုံးပြုနိုင်မည်ဖြစ်ကာ စွမ်းဆောင်ရည်မြင့်မားသည့် Quad Core 1.3GHz Processor တပ်ဆင်ပေးထားသည်။ RAM ကို 2GB ထည့်သွင်းပေးထားပြီး ၊ ROM 16GB ထည့်သွင်းပေးထားသောကြောင့် ဖုန်းမှတ်ဉာဏ်ပမာဏကို လုံလောက်စွာ အသုံးပြုနိုင်မည်ဖြစ်သည်။ စက်လည်ပတ်မှုစနစ်ကို Android 5.1 (Lollipop) ထည့်သွင်းပေးထားပါသည်။ Hero 2 ကို ရွှေရောင်နှင့်ငွေရောင်ဟူ၍ နှစ်မျိုးထုတ်လုပ်သောကြောင့် မိမိကြိုက် နှစ်သက်ရာ အရောင်ကို ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်သည်။ ဈေးနှုန်းအားဖြင့် ၁၃၉၈၀၀ ကျပ်ဖြင့် စက်တင်ဘာလ ၁၅ ရက်နေ့မှစ၍ မြန်မာတစ်နိုင်ငံလုံးရှိ Kenbo Smartphone အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။

**ကောင်းမြတ်ရာ**

# Samsung Myanmar မှ မိုဘိုင်း ထုတ်ကုန်သစ်ဖြစ်သော Note 7 error များနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲပြုလုပ်

Samsung Myanmar မှ ယင်းတို့၏ စမတ်ဖုန်းထုတ်ကုန်သစ်ဖြစ်သော Note 7 ၏ error များနှင့်ပတ်သက်၍ **၂၀၁၆ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့တွင်** MICT Park ရှိ Samsung ရုံးခန်းတွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်ဟုသိရသည်။

Note 7 ၏အဓိက error မှာ ဘက်ထရီကြောင့်ဖြစ်ပြီး ကမ္ဘာတစ်ဝန်းတွင် Note 7 ပေါက်ကွဲမှုမှာ ၃၅ ခုအထိရှိလာပြီဟုလည်းသိရသည်။ ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့်နေရာများမှာ ယူအက်တွင် ၁၇ လုံး၊ ကိုရီးယားတွင် ၁၇ လုံး ၊ ထိုင်ဝမ်တွင် ၁ လုံးဖြစ်သည်ဟု Samsung Myanmar မှတာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။ အဆိုပါ Note 7 ပေါက်ကွဲမှုပမာဏမှာ Note 7 ထုတ်ကုန်၏ 1% ပင်မရှိဟုလည်းဆိုသည်။ ယင်းဖြစ်ရပ်ကြောင့် ပြည်တွင်းတွင် Note 7 ရောင်းချမည့်နေ့အားပြောင်းရွှေ့လိုက်ပြီ ဟုသိရသည်။ "Samsung အနေနဲ့ အရည်အသွေး အကောင်းမွန်ဆုံး ထုတ်ကုန်တွေကို ဖန်တီးထုတ်လုပ်ဖို့ ဆုံးဖြတ်ချက်ချထားပါတယ်။ သုံးစွဲသူတွေပေးပို့လာတဲ့ အဖြစ်အပျက်အကြောင်းအရာ မှတ်ချက်တွေအားလုံးကို အထူးအလေးအနက်ထားပြီးဂရုစိုက်ဆောင်ရွက်ပေးနေပါတယ်။ စက်တင်ဘာ ၁ ရက်နေ့က နေ ယခုအချိန်ထိ ကမ္ဘာတစ်ဝန်းက သုံးစွဲသူတွေပေးပို့လာတဲ့ အကြောင်းအရာစုစုပေါင်း ၃၅ ခုကိုသိရှိ လက်ခံရရှိခဲ့တဲ့အတွက် ကျွန်တော်တို့အနေနဲ့ ဈေးကွက်ထဲမှာလက်ရှိ ပြဿနာရှိနိုင်တဲ့ ဘက်ထရီတွေကို စစ်ဆေးဖို့အတွက် သက်ဆိုင်ရာတာဝန်ရှိသူ ကုန်ပစ္စည်းတင်သွင်းသူနဲ့အတူတကွ စုံစမ်းမှုတွေ ပြုလုပ်နေပါတယ်။ Samsung အနေနဲ့ သုံးစွဲသူတွေရဲ့ လုံခြုံရေးဟာ အဓိက ဦးစားပေးဖြစ်တာကြောင့် လက်ရှိတွင် Note 7 ရောင်းချမှုကို ရပ်တန့်လိုက်ပါပြီ" ဟု Samsung Myanmar တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရသိရသည်။

Samsung ၏ Note 7 ဝယ်ယူပြီးသူသုံးစွဲသူများကိုလည်း အောက်တိုဘာလဆန်းပိုင်းတွင် အသစ်တစ်လုံး လဲလှယ်ပေးသွားမည်ဟုသိရသည်၊ အစားထိုးလဲလှယ်ပေးမည့် အစီအစဉ်အသေးစိတ်အား မြန်မာနိုင်ငံသို့ Note 7 ဖုန်းအသစ်များ ရောက်ရှိသည်နှင့် တစ်ပြိုင်နက် ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်သည်။ Samsung အနေဖြင့် အောက်တိုဘာလအထိ မစောင့်ဆိုင်းနိုင်ဘဲ ငွေပြန်ထုတ်လိုသည့် Custome များအတွက် ငွေပြန်အမ်းခြင်း ရယူလိုပါက Note 7 ကို "Pre-order "ထုတ်ယူခဲ့သည့်ဆိုင်သို့ ဖုန်းဘူးအပြည့်အစုံ (လက်ဆောင်အိတ်၊ အားသွင်းကြိုး+ဖုန်းကာဗာ၊ ဖူးနှင့်ဆက်စပ်ပစ္စည်းများ)ကို ဝယ်ယူပေးချေထားသည့်ဘောင်ချာမူရင်းနှင့် ကမ္ဘောဇဘဏ် အကောင့်နံပါတ်တို့အား ယူဆောင်၍ **စက်တင်ဘာ ၇ ရက်နေ့မှ ၁၈ ရက်နေ့ထိ** တရားဝင်ရောင်းချခဲ့သော ဖုန်းဆိုင်များတွင်ထုတ်ယူရမည်ဖြစ်သည်။

**ကောင်းမြတ်ရာ**



"ဘက်ထရီ Heat တက်ပြီးပေါက်ကွဲတယ်ဆိုတာတွေပါပဲ။ လူတော့ထိခိုက်မှုမရှိပါဘူး။ အားလုံးပေါင်းစာရင်းအရ ၃၅ခုဖြစ်တယ်လို့ပြောပါတယ်။ အမေရိကမှာ ၁၇ခု၊ ကိုရီးယားမှာ ၁၇ ခု၊ ထိုင်ဝမ်မှာ ၁ ခုဖြစ်တယ်လို့သိရပါတယ်..."

## Note 7 ပေါက်ကွဲမှုနဲ့ပတ်သက်၍ Samsung Myanmar မှ Head of IM channel

# ကိုဇာနည်ဝင်းထက်နှင့် တွေ့ဆုံခြင်း

ဂျလင်းလင်းသန်း တွေ့ဆုံမေးမြန်းသည်

**မေး** **ဆမ်ဆောင်းရဲ့ Galaxy Note7 ရောင်းချမှုရပ်လိုက်တဲ့ သတင်းနဲ့ပတ်သက်ပြီးပြောပြပေးပါဦး။**

**ဖြေ** လတ်တလောထုတ်ထားတဲ့ Galaxy Note7 မှာ ဘက်ထရီဆဲလ်နဲ့ပတ်သက်ပြီး ပြဿနာရှိနေတာမို့လို့ လာမယ့်စက်တင်ဘာလ ၁ရက်နေ့မှာစပြီး ရောင်းချမယ့်အစီအစဉ်ကို နောက်ဆုတ်လိုက်ပါတယ်။ ဝယ်ယူသုံးစွဲထားပြီးတဲ့သူတွေအတွက်လည်း လက်ရှိဝယ်ယူထားတဲ့ဖုန်းတွေကို အောက်တိုဘာလထဲမှာ ဖုန်းအသစ်တစ်လုံးနဲ့ ပြန်လည် အစားထိုးလဲလှယ်ပေးမှာဖြစ်ပါတယ်။ သုံးစွဲသူတွေအနေနဲ့ ဖုန်းအသစ်ရောက်ပြီး ပြန်လဲပေးတာကို မစောင့်နိုင်ဘူးဆိုရင်တော့ ပရီအော်ဒါအတွက် သွားထုတ်ခဲ့တဲ့ဆိုင်ကို ဖုန်းဘူးအပြည့်အစုံ၊ လက်ဆောင်အိတ်၊ အားသွင်းကြိုး၊ ဖုန်းကာဗာ၊ ဗူးနှင့် ဆက်စပ်ပစ္စည်းများ။ ဝယ်ယူစဉ်က ပေးချေထားတဲ့ ဘောက်ချာမူရင်းနဲ့ ကမ္ဘာ့ဗဟာအကောင့်နံပါတ်တို့ပြပြီး စက်တင်ဘာ ၇ ရက်နေ့ကနေ ၁၈ရက်နေ့အထိ သွားရောက်ထုတ်ဖို့လိုပါတယ်။ အဲဒီနေ့ ထက်ကျော်ရင်တော့ အသစ်လဲလှယ်ပေးတာကိုပဲ လုပ်ဆောင်နိုင်တော့မှာဖြစ်ပါတယ်။ ဒါက ဘဏ်ကနေတစ်ဆင့် ကြိုတင်မှာယူစနစ်နဲ့ ဝယ်ခဲ့တဲ့ သူတွေပဲ အကျုံးဝင်တာပါ။ ပရီအော်ဒါကတော့ အလုံး ၁၀၀ကျော်ရောင်းချပေးထားပါတယ်။

**မေး** **ဒီပြဿနာအတွက် ငွေကြေးပိုင်းဆိုင်ရာ ဆုံးရှုံးမှုရောဖြစ်ပါသလားရှင့်။**

**ဖြေ** ဟုတ်ကဲ့ ငွေရေးကြေးရေးပိုင်းအရဆိုရင်တော့ ကျွန်တော်တို့ ဆုံးရှုံးပါတယ်။ ဒါပေမယ့် ငွေရေးကြေးရေးပိုင်းထက် သုံးစွဲသူတွေရဲ့ အဆင်ပြေမှုကို ပိုလိုလားပါတယ်။ ဆမ်ဆောင်းအနေနဲ့ သုံးစွဲသူ လက်ထဲကို အကောင်းဆုံး ဆိုတဲ့ဟာတွေပဲ ပေးမယ်လို့ သံန္နိဋ္ဌာန်ချထားတဲ့အတွက် ဒီလိုမျိုးပြန် ဖြည့်ဆည်းပေးတာပါ။ ငွေရေးကြေးရေးဆိုတာထက် သုံးနေကျ customer ကိုပဲ အကောင်းဆုံးပြန်လုပ်ပေးတဲ့ သဘောပါ။

**မေး** **ဒါကိုဘယ်တုန်းကစရောင်းလဲဆိုတာနဲ့ လက်ရှိတရားဝင်ရောင်းနေတဲ့ဆိုင်တွေရှိရင် ပြောပြပေးပါဦး။**

**ဖြေ** ကျွန်တော်တို့ Note 7 ကိုပြည်တွင်းမှာ စပြီးရောင်းချပေးတာကတော့ ကမ္ဘာ့ဗဟာနဲ့ပူးပေါင်းပြီးတော့ပါ၊ ကမ္ဘာ့ဗဟာနဲ့ ပေါင်းပြီးလုပ်တဲ့ ပရီအော်ဒါလက်ခံတာကိုတော့ ဩဂုတ်လ ၅ရက်နေ့ကနေ ဩဂုတ် ၁၈ရက်အထိလက်ခံကာ ပစ္စည်းတွေစပြီး ထုတ်ပေးခဲ့တာကတော့ ဩဂုတ် ၂၁ရက်နေ့မှာစထုတ်ပေးခဲ့ပါတယ်။ ဆမ်ဆောင်း brandshop ကတော့ ၇၀ကျော်ရှိပါတယ်။ ဒါပေမယ့် ဆမ်ဆောင်းပစ္စည်းတွေကို ရောင်းပေးတာကတော့ ဆိုင်အများကြီးပါ။

**မေး** **ဒီပြဿနာစပြီး ဖြစ်ခဲ့တဲ့အကြောင်းလေး တစ်ချက်လောက် ပြောပြပေးပါဦး။**

**ဖြေ** ကျွန်တော်တို့ ဩဂုတ်လ ၂၃ရက်နေ့က ကိုရီးယားက ဆိုရှယ်မီဒီယာတစ်ခုမှာ တက်လာပါတယ်။ Note 7 ဖုန်းအားသွင်းထားရင်း ဖုန်းပေါက်ကွဲတယ်ဆိုပြီး တွေ့ရပါတယ်။ သူဖြစ်တာက ၂၂ ရက်နေ့လို့ပြောပါတယ်။ မကြာခင်မှာပဲ နောက်ထပ်ဒီလိုမျိုးအလားတူ Case တွေထပ်တွေ့တဲ့အတွက် ကျွန်တော်တို့ ဆမ်ဆောင်းရုံးချုပ်ဘက်ကနေ ဘာဖြစ်တာလဲဆိုတာကို သေချာစုံစမ်းတဲ့အခါမှာဘက်ထရီ Error လို့ တွေ့ပါတယ်။ ဘက်ထရီ Error ဆိုတာကလည်း ထည့်သွင်းထားတဲ့ ဘက်ထရီကို manufacturing လုပ်တုန်းက ဖြစ်တဲ့ Error ပါ။ တခြားဟာတွေနဲ့တော့ မပတ်သက်ပါဘူး။ ဒါပေမယ့် ဒီ Note 7 က ဘက်ထရီအသေဖုန်းဆိုတော့ ဘက်ထရီကြီးပဲ လဲပေးလိုက်လို့မရဘူး။ တခြားဖုန်းတွေသာဆိုရင် ဘက်ထရီအသစ်တစ်လုံးထပ်ပေးပြီး လဲသုံးခိုင်းလိုက်ရင် ရသေးတယ်။ အခုကျတော့ ဘက်ထရီကအသေမို့လို့ ဘက်ထရီကို အသစ်လဲပေးဖို့ဈေးကွက်ထဲက လတ်တလောရောင်းထားတဲ့ ဖုန်းတွေကို ပါပြန်သိမ်းပြီး အသစ်တစ်လုံး လဲလှယ်ပေးတာပါ။

**မေး** **ပြည်တွင်းမှာရော ဘယ်လိုပုံစံဖြေရှင်းပေးမှာပါလဲ။ ပရီအော်ဒါတွေကရော ဘယ်လောက်ထိ ရောင်းထားပါလဲရှင့်။**

**ဖြေ** ပရီအော်ဒါအတွက် ပြည်တွင်းမှာလည်း ဩဂုတ်လ ၅ရက်နေ့ကနေ ဩဂုတ်လ ၁၈ ရက်နေ့အထိ ကောက်ယူပြီး ဩဂုတ်လ ၂၁ ရက်နေ့မှာပဲ နိုင်ငံတကာနဲ့ တစ်ပြေးညီ Note7 ဖုန်းတွေ ထုတ်ပေးခဲ့ပါတယ်။ ကျွန်တော်တို့ဘက်ကနေ အဲဒီဝယ်ယူပြီးသူတွေကို တစ်ယောက်ချင်းဖုန်းဆက်ပြီး အနီးစပ်ဆုံးထုတ်ယူခဲ့တဲ့ဆိုင်တွေမှာပဲလာပြီး အပ်နှံပေးဖို့ အကြောင်းကြားပေးမှာပါ။ ပြန်လဲလှယ်မယ့်သူတွေကိုလည်း အောက်တိုဘာလဆန်းမှာ သူတို့လက်ထဲကို အသစ်တစ်လုံး ပြန်ပြီးပေးသွားဖို့ရှိပါတယ်။ အဲလိုလုပ်ပေးတယ်ဆိုတာက လက်ရှိမှာပစ္စည်းရမယ့်ရက် အတိအကျမသိသေးလို့ပါ။ ရက်အတိအကျသိရင်ထပ်ပြီး အကြောင်းကြားပေးဦးမှာပါ။ ဘယ်သူမှတော့ ကြုံချင်တာမဟုတ်ပေမယ့် ဝယ်ထားတဲ့သူတွေ အဆင်ပြေပြီး အလွယ်ကူဆုံးအမြန်ဆုံးနဲ့ အဆင်ပြေပြီ၊ ကောင်းမွန်ပြီ၊ စိတ်ချရပြီဆိုတဲ့ Note7 ကိုရရှိအောင် ပြန်ဖြည့်ဆည်းပေးသွားမှာပါ။

**မေး** **ဝယ်ထားတဲ့သူတွေဘက်က ကွန်ပလိန်းပြန်လာတာက အချက် ၃၀ နီးပါးလို့ပြောထားတော့ ဘယ်လိုအချက်တွေပါလဲ။**

**ဖြေ** အဲဒါက ခုနပြောတဲ့ ဘက်ထရီ Heat တက်ပြီးပေါက်ကွဲတယ်ဆိုတာတွေပါပဲ။ လူတော့ထိခိုက်မှုမရှိပါဘူး။ အားလုံးပေါင်းစာရင်းအရ ၃၅ခုဖြစ်တယ်လို့ပြောပါတယ်။ အမေရိကမှာ ၁၇ခု၊ ကိုရီးယားမှာ ၁၇ ခု၊ ထိုင်ဝမ်မှာ ၁ ခုဖြစ်တယ်လို့သိရပါတယ်။ တခြားနိုင်ငံတွေမှာကတော့ ဒီလိုမျိုး Case တွေမရှိပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ဘက်က ကြိုပြီး ကာကွယ်ပေးထားတဲ့သဘောနဲ့ အကုန်လုံးကိုပြန်လဲပေးတာပါ။

**မေး** **ပြည်တွင်းမှာရော Note 7 နဲ့ပတ်သက်ပြီး ဘယ်လို Error တွေ ပြန်လာပါသလဲ။**

**ဖြေ** ဒီတိုင်းဖြစ်လေ့ဖြစ်ထရှိတာတွေလည်း လာတယ်၊ ဖုန်းရဲ့ LCD မှာ အစက်ဖြစ်တာမျိုးတို့ ဘာတို့ပါ။ ဘက်ထရီနဲ့ပတ်သက်တာတော့ ပြည်တွင်းမှာမဖြစ်ပါဘူး။ တခြားပုံမှန်ဖြစ်တတ်တဲ့ဟာမျိုးပဲ ဖြစ်တာတွေ့ရပါတယ်။

**မေး** **အဲဒီလူတွေကိုကြတော့ ဖုန်းအသစ်မရခင်မှာ ဘယ်ဖုန်းနဲ့လဲ ပေးတာပါလဲရှင့်။**

**ဖြေ** လက်ရှိကျွန်တော်တို့ Case မပေါ်လာခင်မှာတည်းက ဝယ်ယူပြီး တစ်ပတ်အတွင်းဖြစ်တဲ့ဟာဆိုရင် ကျွန်တော်တို့ ဆားဗစ်စင်တာကို အကြောင်းကြားပြီး အသစ်တစ်လုံးပြန်လဲပေးတာမျိုး လုပ်ပေးပါတယ်၊ အခုက ဘယ်လိုဖြစ်လဲဆိုတော့ တော်တော်များများ Case တွေက ဖေ့ဘုတ်မှာတွေ့လို့ ကျွန်တော်တို့ကဆက်သွယ်ပြီး လိုက်လဲပေးတာမျိုး ဖြစ်နေပါတယ်။ တချို့တွေကလည်း ဖေ့ဘုတ်မှာတင်ရင် လဲပေးတယ်ဆိုပြီး ထင်နေပါတယ်။ အဲဒါမှားယွင်းနေတာပါ။ ဖေ့ဘုတ်မှာတင်ရင် လုပ်ပေးတယ်ဆိုတာက ကျွန်တော်တို့ဘက်ကလည်း ဖြစ်တဲ့ပြဿနာကို သေချာမသိရင် လဲပေးလို့မရဘူး။ တချို့ကြတော့ ဘူးဖွင့်လို့ Error တက်တဲ့ဟာကို ဆားဗစ်စင်တာကိုပြန်မသွားဘဲ Facebook မှာတင်တယ်။ တင်တော့ကျွန်တော်တို့ဘက်က ဒါက စက်ရဲ့ Error ဆိုတာတွေ့တော့ စစ်ဆေးပြီး အသစ်တစ်လုံးလဲပေးလိုက်တယ်။ လဲပေးလိုက်ပြီး သိပ်မကြာဘူး။ နောက်ထပ်လူတွေ ထပ်ရောက်လာပြီး အင်တာနက်မှာတွေ့လိုက်လို့တဲ့သူတို့ဖုန်းကိုလဲ အသစ်လဲပေးပါပေါ့။ ဆမ်ဆောင်းက အသစ်လဲပေးနေတယ်ကြားလို့ဆိုပြီ လာကြတာရှိတယ်။ ဒါပေမယ့် တကယ်တမ်းကတော့ သူတို့ဖြစ်တာက user fault သူတို့ဖိမိလို့ မှန်ကွဲသွားတာမျိုးတွေကို လဲပေးဖို့လာပြောတာ။ ဒါကြောင့် ကျွန်တော်ပြောချင်တာက တစ်ခုခုဖြစ်တယ်ဆိုရင် ဆမ်ဆောင်းရဲ့ warranty ရှိနေပါတယ်။ ဒါကြောင့် အနီးစပ်ဆုံး ဆားဗစ်ကိုသွားပါ။ နီးစပ်ရာ ဆားဗစ်စင်တာမသိရင်လည်း ကျွန်တော်တို့ call center တွေကိုလည်း ဖုန်းခေါ်ပြီး မေးလို့ရပါတယ်။

**မေး** **အခုလက်ရှိ ဆိုရှယ်မီဒီယာတွေမှာဖြစ်တဲ့ပြဿနာက Note7 နဲ့တခြား Samsung ထုတ်ကုန်တွေကိုထိခိုက်နိုင်တာမျိုးရှိလား။**

**ဖြေ** ဆိုရှယ်မီဒီယာ Effect ဆိုတာကလည်း အခုလိုဖြစ်လာတာနဲ့ တစ်ပြိုင်နက် ကျွန်တော်တို့ဘက်က ချက်ချင်း ပြန်ပြီးလဲပေးတယ်၊ ဒါကိုလည်း ကမ္ဘာတစ်ဝန်းက ကြိုဆိုကြပါတယ်။ ဒါက ကုန်ကျစရိတ်ရှိမယ်မှန်းသိရက်နဲ့ကို ကျွန်တော်တို့ ပြန်လုပ်ပေးတာပါ။ ဒီလိုလုပ်ပေးတာကိုလည်း အကုန်လုံးက welcome လုပ်တော့ ဆိုရှယ်မီဒီယာရဲ့ သက်ရောက်မှုဆိုတာမှာ ကျွန်တော်တို့ဘက်က အကောင်းဆုံးလုပ်ပေးမယ်ဆိုတဲ့ စိတ်ကိုထားပါတယ်။ ဆိုရှယ်မီဒီယာ Effect ဆိုတာကတော့ အရမ်းကြီးပါတယ်။ ကျွန်တော်တို့လည်း သိပါတယ်။ တချို့ကိစ္စတွေကို ကျွန်တော်တို့ဘက်က ရိုးသားစွာနဲ့ ဖြေရှင်းပေးလို့ရသလို၊ တချို့ကိစ္စတွေကိုတော့ ကျွန်တော်တို့ဘက်က ဖြေရှင်းပေးလို့အဆင်မပြေအောင် မရိုးသားတာတွေလည်း တွေ့ရပါတယ်။ သတင်းတင်ထားတဲ့သူကို ကျွန်တော်တို့ဘက်က ဆက်သွယ်လို့မရဘူး။ Facebook chat box ကနေပြောတယ်။ ပြန်မပြောဘူး။ ဒီဟာကို တမင်တင်တာတွေလည်း ရှိပါတယ်။ တချို့ကိစ္စတွေက ဖြေရှင်းရခက်တာလည်းရှိတယ်။

**မေး** **အခုဖြစ်တယ်ဆိုတာက ဘယ်နှစ်ရာခိုင်နှုန်းလောက်ရှိလဲ။**

**ဖြေ** အခုဖြစ်တာက ၁% တောင်မရှိပါဘူး။ ဘာလို့လဲဆိုရင် ရုံးချုပ်က ထုတ်တဲ့စာရင်းအရ လက်ရှိအချိန်ထိ ရောင်းခဲ့ပြီးတာက အလုံးရေတစ်သန်းကျော်ရှိတယ်၊ ထုတ်လုပ်ပြီးတင်ပို့ဖြစ်တာက နှစ်သန်းကျော်ရှိတယ်။ အဲဒီထဲမှာမှ ၃၅လုံးပဲဖြစ်တာမို့လို့ ရာခိုင်နှုန်းနဲ့ယှဉ်ရင် ၁% တောင်မရှိဘူးလို့ပြောလို့ရပါတယ်။

**မေး** **အဲဒါဆိုရင် အခုနောက်ပိုင်း Note7 နဲ့ပတ်သက်ပြီး အစ်ကိုတို့ဘက်က ဘယ်လိုဝန်ဆောင်မှုတွေ ဖြည့်ဆည်းပေးသွားဖို့ ရှိလဲ။ ဆမ်ဆောင်းကုမ္ပဏီရဲ့ပစ္စည်းတွေကိုထုတ်တာက စက်ရုံတွေမတူကြဘူးနော်။ အခုက ဘယ်စက်ရုံကမဆို ထုတ်တဲ့ပစ္စည်းတိုင်း ဖြစ်တာလား။ ဘယ်စက်ရုံကဖြစ်တာဆိုပြီး ကွဲပြားသေးလား။**

**ဖြေ** ကျွန်တော်တို့အနေနဲ့ ဘက်ထရီ Issue ဖြစ်တာ ဘယ်စက်ရုံက ဆိုတာသိပါတယ်။ အဲဒီအတွက် စက်ရုံတွေအားလုံးနဲ့ ညှိနှိုင်းပြီး နောက်ဒီလိုမျိုးမဖြစ်အောင် ဘယ်လို Error ဖြစ်ခဲ့တယ်။

စာမျက်နှာ ၂၉ သို့

# Myjobs.com.mm မှ အလုပ်အကိုင်ပြပွဲနှင့် HR ကွန်ဖရင့် ပြုလုပ်မည်




ပြည်တွင်းရှိ အလုပ်အကိုင်ရှာဖွေနိုင်သည့် Website တစ်ခုဖြစ်သော Myjobs.com.mm မှ ဦးစီးပြီး အလုပ်အကိုင်ပြပွဲများနှင့် HR Conferences တို့အား ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၆ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလများအတွင်း ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများတွင် အလုပ်အကိုင် ခေါ်ယူပွဲကြီး (၂) ပွဲနှင့် HR Conferences (၂) ပွဲ စုစုပေါင်း ၄ ပွဲအား MyJobs.com.mm မှ ဦးစီးကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။

ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်မည့် အလုပ်အကိုင်ခေါ်ယူပွဲကြီးကို လာမည့် အောက်တိုဘာလ (၁၅) ရက်နေ့နှင့် (၁၆) ရက်နေ့များတွင် မင်းဓမ္မလမ်းပေါ်ရှိ MCC (Myanmar Convention Center) ၌ ပြုလုပ်သွားမည်ဖြစ်ပြီး HR Conference 2016 ကို အောက်တိုဘာလ (၂၀) ရက်နေ့ UMFCCI (ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း) တွင် ပြုလုပ်သွားမည်ဖြစ်ပါသည်။ မန္တလေးမြို့တွင် ပြုလုပ်မည့် HR Conference ကို နိုဝင်ဘာလ (၁၈) ရက်နေ့ (Hotel Hazel တွင် ပြုလုပ်သွားမည်ဖြစ်ပြီး အလုပ်အကိုင်ခေါ်ယူပွဲကြီးကို နိုဝင်ဘာလ (၂၀) ရက်နေ့တွင် Triumph Hotel ၌ ကျင်းပမည်ဟု သိရပါသည်။

MyJobs.com.mm မှ CEO Hans van Beek က "ပြီးခဲ့တဲ့ ဖွန်လတုန်းက MyJobs.com.mm အနေနဲ့ ရန်ကုန်မြို့မှာ အလုပ်အကိုင် ခေါ်ယူပွဲပြုလုပ်ခဲ့ရာမှာ အလုပ်ရှာဖွေသူပေါင်း ၂၀,၀၀၀ ဝန်းကျင်လာရောက်ခဲ့ကြပါတယ်။ မေလမှာတုန်းက မန္တလေးမှာ ပြုလုပ်ခဲ့တဲ့ပွဲမှာလည်း အလုပ်ရှာဖွေသူ ၃၀၀၀ ကျော် လာရောက်ခဲ့တာတွေ့ရပါတယ်။ အခုလာမယ့် နှစ်ကုန်ပိုင်းအတွင်းမှာ ပြုလုပ်မယ့် အလုပ်အကိုင် ခေါ်ယူပွဲကြီးမှာလည်း အလုပ်အကိုင်သစ်တွေ ခေါ်ယူနေတဲ့ ကုမ္ပဏီအဖွဲ့အစည်းတွေ NGOs တွေနဲ့ အလုပ်ရှာဖွေသူတွေကို ချိတ်ဆက်ပေးနိုင်ဖို့ မျှော်လင့်ထားပတယ်" ဟု ပြောသည်။

ရန်ကုန်မြို့တွင် ပြုလုပ်မည့် အလုပ်အကိုင်ခေါ်ယူပွဲကြီးတွင် ထိပ်တန်းကုမ္ပဏီပေါင်း ၅၀ ခန့်မှ ပါဝင်ပြသသွားမည်ဖြစ်ပြီး HR Conferences တွင်မူ မြန်မာနိုင်ငံရှိ ကျွမ်းကျင် HR Speakers များမှ ၎င်းတို့၏ အတွေ့အကြုံဗဟုသုတ၊ မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသည့် HR လုပ်ငန်းနယ်ပယ်အတွင်း တွေ့ကြုံနေရသော စိန်ခေါ်မှုများ၊ အခွင့်အလမ်းများ စသည့်အကြောင်းအရာများကို ဟောပြောဆွေးနွေးပေးသွားမည်ဖြစ်ပါသည်။

လက်ရှိအချိန်တွင် MyJob.com.mm ၏ ဖေ့ဘုတ်အား like လုပ်ထားသူ ၁.၃ သန်းရှိနေပြီဖြစ်ပြီး Website သို့ ဖုန်းမှတစ်ဆင့် ဝင်ရောက်မှု လွယ်ကူစေရန်လည်း ပြုလုပ်ပေးထားပါသည်။ လက်ရှိအချိန်တွင် Website သို့ တနလ်ာ၊ အဂါနေ့များတွင် ဝင်ရောက်ကြည့်ရှုသူအများဆုံး ဖြစ်နေပြီး နိုင်ငံပေါင်း ၁၃၈ နိုင်ငံတွင် ကိုယ်စားလှယ်ထားရှိ လုပ်ကိုင်နေသော "The Network" မှ MyJobs.com.mm အား မြန်မာနိုင်ငံကိုယ်စားပြု online job portal အဖြစ် ၂၀၁၆ ခုနှစ် ၄ လပိုင်းတွင် လက်ခံခဲ့ကြောင်း သိရသည်။

MyJobs.com.mm မှ CEO Hans van Beek ကပဲ "၂၀၁၅ လောက်ကနေစပြီး အွန်လိုင်းကနေ အလုပ်ရှာတဲ့သူဦးရေက အများကြီးတိုးလာတယ်။ အရင်က ရန်ကုန်ကနေ လျှောက်တာပိုများပေမယ့် အခုကတော့ မန္တလေးက လျှောက်တဲ့သူတွေလည်း များလာတာတွေ့ရတယ်။ ရန်ကုန်ပွဲမှာ ကုမ္ပဏီ ၅၀ လောက်နဲ့ မန္တလေးပွဲမှာ ကုမ္ပဏီ ၂၀ လောက်က အလုပ်အကိုင် နေရာခေါ်ဖို့ရှိတယ်။ Website မှာ လာတင်တဲ့ ကုမ္ပဏီတွေအတွက် အခမဲ့လည်းရှိသလို၊ အခပေးလည်းရှိတယ်။ အခပေးအတွက်က ကုမ္ပဏီအသေးဆိုရင် ဈေးတစ်မျိုး၊ ကုမ္ပဏီကြီးဆိုရင် ဈေးတစ်မျိုး ယူပါတယ်။ NGO တွေအတွက်လည်း ဈေးသီးသန့်သတ်မှတ်ထားပါတယ်။ တကယ်တမ်းက ကုမ္ပဏီတွေကိုလည်း အခမဲ့နေရာမှာ CV အရေအတွက် ကန့်သတ်တာမျိုး၊ အချိန်ကန့်သတ်တာမျိုး မရှိလို့ ကိုယ်တိုင်ပဲ အခမဲ့မှာတင်ရင် ပိုပြီးအဆင်ပြေစေပါတယ်" ဟုပြောသည်။

လက်ရှိ myjobs Website တွင် CV တင်ထားသူပေါင်း သိန်းဂဏန်းနီးပါးရှိနေပြီဖြစ်ကြောင်း သိရသည်။

**ရဲလင်းလင်းသန်း**

# Today's Mobile မှ တန်းခွဲသစ်များ ဖွင့်လှစ်သွားမည်

မိုဘိုင်းဖုန်းပြုပြင်နည်းသင်တန်းတစ်ခုဖြစ်သော Today's Mobile သင်တန်းကျောင်းမှ တန်းခွဲအသစ်များ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါတန်းခွဲသစ်ကို ၁၅ ရက် စက်တင်ဘာလတွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။

Today's Mobile သည် လက်တွေ့လုပ်ငန်းခွင်သုံး မိုဘိုင်းဖုန်းပြုပြင်နည်း သင်တန်းကျောင်းဖြစ်သည်။ အဆိုပါ သင်တန်းတွင် သင်ကြားပေးမည့်ဘာသာရပ်များမှာ - မိုဘိုင်းဖုန်း Software ပြုပြင်နည်းဘာသာရပ်နှင့် Hardware ပြုပြင်နည်းဘာသာရပ်တို့ဖြစ်သည်။ Software ပြုပြင်နည်းဘာသာရပ်တွင် ကွန်ပျူတာအခြေခံမှစပြီး Apple Devices, Android Devices များ၏ မည်သည့်ပြဿနာများမဆို ဖြေရှင်းနိုင်သည်အထိ သင်ကြားပေးမည်ဖြစ်ကာ အခြားသင်တန်းများတွင် သင်ကြားပေးခြင်းမရှိသည့် Software Tool Box ဖြင့် Error များဖြေရှင်းရေးသားနည်းကိုပါ သင်ကြားပေးနေသည် ဟုသိရသည်။ Hardware ပြုပြင်နည်းဘာသာရပ်တွင် Electronic အခြေခံမှစပြီး Power IC, CPU, EMMC တို့ကို ကိုယ်တိုင်လဲလှယ်ဖြုတ်တပ်နိုင်သည်အထိ သင်ကြားပေးသွားမည်ဖြစ်သည်။ သင်တန်းကာလ ၂ လ ခန့်တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းတက်ရောက်လိုပါက အခြေခံပညာ အလယ်တန်းအဆင့် ရှိရန်သာလိုအပ်မည်ဖြစ်သည်။သင်တန်းကာလအတွင်း အမြင့်ဆုံး Level ထိ မတတ်မြောက်ပါက သင်တန်းကြေး၏(၂)ဆ ပြန်အမ်းပေးမည်ဟုလည်း သိရသည်။

Today Mobile မှ သင်တန်းသား/သူများ ဖွင့်လှစ်သည့် မိုဘိုင်းဖုန်းဆိုင်များတွင် မိုဘိုင်းဖုန်း အမျိုးမျိုးနှင့် စက်ပြုပြင်ရေးအပိုပစ္စည်း အမျိုးမျိုးတို့ကို ကြွေးပေးစနစ်ဖြင့် ရောင်းချပေး သွားမည်ဖြစ်သည်။ ဝန်ဆောင်မှုများအနေဖြင့် (၁) နေစရာအဆောင် (အခမဲ့) စီစဉ်ပေးခြင်း (၂) လူတစ်ဦးလျှင် Laptop တစ်လုံးစီ၊ စက်ပြင်ပစ္စည်းတစ်စုံစီဖြင့် သင်ကြားပေးခြင်း။ (၃) သင်တန်းကြေးကို (၂) ရစ်ခွဲပြီးပေးသွင်းနိုင်ခြင်း (၄) Air-corn, Internet line များပါဝင်သော အဆင့်မီ သင်တန်းခန်းမတွင် သင်ကြားပေးခြင်း။ (၅) နည်းပညာသစ်များကို life-time ပံ့ပိုးမှုရှိခြင်း (၆) သင်တန်းပြီးဆုံးပြီးနောက် စက်ပြုပြင်ရေး သုံးပစ္စည်းများကိုလည်း Services Center တွင် အခမဲ့လာရောက်သုံးစွဲနိုင်ခြင်း။ (၇)သင်တန်း ပြီးဆုံးပြီးနောက် လစာကောင်းဖြင့် အလုပ်ရရှိစေရန် စီစဉ်ပေးခြင်း ၊ လုပ်ငန်းခွင်ဝင်နိုင်ရန် စီစဉ်ပေးခြင်း စသည်တို့ကို ဝန်ဆောင်မှုပေးသွားမည် ဖြစ်သည်။

အဆိုပါ သင်တန်းတက်ရောက်ခြင်းဖြင့် (၁) လက်တွေ့လုပ်ငန်းခွင်သုံးမိုဘိုင်းဖုန်းပြုပြင်နည်း သင်တန်းဖြစ်သောကြောင့် တကယ့်လုပ်ငန်းခွင် အခက်ခဲများကိုဖြေရှင်းနိုင်ပြီး နည်းပညာသာမက စီးပွားရေးပညာရပ်များကိုပါ တတ်မြောက်စေမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက Today's Mobile (သမိုင်းစင်တာ) အမှတ်(၂၅၄)၊ မြေညီထပ်၊ အင်းစိန်လမ်းမ၊ (ဘုရားလမ်းမှတ်တိုင်-သမိုင်းလမ်းဆုံအနီး)၊လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၉၃၂၂၂၆၉၉၉, ၀၉-၅၉၇၅ ၅၅၉၉၉၊ Today's Mobile (လှည်းတန်းစင်တာ) အမှတ်(၁၅၁၃)၊ MoonBakery အပေါ်ထပ်၊ ၂ လွှာ(A)၊ အင်းစိန်လမ်းမ၊ လှည်းတန်းကားမှတ်တိုင်ရှေ့၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ဖုန်း ၀၉-၃၂၂၂ ၇၀၀၀ , ၀၉-၉၇၄၃၇၃၀၀၀သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ကောင်းမြတ်ရာ**

# မြေငလျင်ကြောင့် ပြိုပျက်ခဲ့သည့် ယဉ်ကျေးမှုအမွေအနှစ်များ ပြန်လည်ပြုပြင်ရန် MPT မှတစ်ဆင့် လှူဒါန်းနိုင်

မကြာသေးမီရက်ပိုင်းအတွင်း ငလျင်ဒဏ်ကြောင့် ပြိုပျက်ခဲ့သည့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များနှင့် စေတီပုထိုးများ ပြန်လည်မွမ်းမံမှုအတွက် လိုအပ်သည့်အလှူငွေများအား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှတစ်ဆင့် လှူဒါန်းနိုင်ကြောင်း သိရသည်။

မြေငလျင်သင့် ဒေသများတွင် လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပြုလုပ်နိုင်ရန် MPT သည် ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၉ ရက် သောကြာနေ့မှစတင်ကာ SMS မှတစ်ဆင့် သုံးစွဲသူ မိတ်ပြည်သူများထံမှ ထည့်ဝင်လိုသည့် လှူဒါန်းငွေများကို လက်ခံသွားမည်ဖြစ်ပါသည်။ ပြန်လည်ပြုပြင်မွမ်းမံရေး လုပ်ငန်းစဉ်များတွင် ပါဝင်လှူဒါန်းလိုပါက MPT သို့ စာတို (SMS) ပေးပို့ကာ ထည့်ဝင်လှူဒါန်းနိုင်မည်ဖြစ်သည်။ ပေးပို့သည့်အခါ GSM/WCDMA အသုံးပြုသူများသည် 2001 သို့ 500 ဟုလည်းကောင်း၊ CDMA အသုံးပြုသူများမှာ မှ 3001 သို့ 500 ဟုလည်းကောင်း၊ SMS အခမဲ့ပေးပို့ရုံဖြင့် မိမိဖုန်းဘေလ်ထဲမှ ၅၀၀ ကျပ်ကို အလိုအလျောက် ကောက်ခံသွားမည်ဖြစ်သည်။ မိမိဆင်းကတ်ထဲတွင် ဖုန်းဘေလက်ကျန်ငွေ လုံလောက်သရွေ့ လှူဒါန်းငွေများကို စိတ်ကြိုက်ထည့်ဝင်နိုင်၊ လှူဒါန်းနိုင်ကြောင်း သိရသည်။ SMS မှတစ်ဆင့် လှူဒါန်းခြင်းကာလကို အောက်တိုဘာလ ၃၁ ရက်နေ့ ည ၁၂ နာရီတိတိ အချိန်အထိ လက်ခံသွားရန် စီစဉ်ထားပါသည်။

SMS မှတစ်ဆင့် လက်ခံရရှိသော သုံးစွဲသူမိတ်ပြည်သူများ၏ လှူဒါန်းငွေအားလုံးကို ပွင့်လင်းမြင်သာစွာဖြင့် ပေးအပ်လှူဒါန်းသွားမည်ဖြစ်ပါသည်။ MPT အနေဖြင့် အဆိုပါ အလှူငွေများကို သက်ဆိုင်ရာ အစိုးရဌာနများနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ (NGO's) များသို့ လွှဲပြောင်းလှူဒါန်းခြင်းနှင့် ပတ်သက်သည့် အချက်အလက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်သည်။ MPT အနေဖြင့် အဆိုပါမြေငလျင်ဘေးသင့်ခဲ့သည့် အဓိကနေရာများတွင် ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ အထောက်အကူဖြစ်စေရန် ပုဂံရှိ ရှေးဟောင်းသုတေသနဌာန နှင့် အမျိုးသားပြတိုက်သို့ မြန်မာကျပ်ငွေ သိန်း ၁၀၀ ကို စက်တင်ဘာလ ၁ ရက်နေ့က ပေးအပ်လှူဒါန်းခဲ့ပြီးဖြစ်သည်။

**ရဲလင်းလင်းသန်း**

# အွန်လိုင်းဟိုတယ်အခန်းငှား ဝန်ဆောင်မှုပေးနေသည့် Jovago မှ မြန်မာနိုင်ငံအလယ်ပိုင်းရှိ ဟိုတယ်များနှင့် ထပ်မံချိတ်ဆက်

အွန်လိုင်းဟိုတယ်အခန်းငှား ဝန်ဆောင်မှုပေးနေသည့် Jovago မှ အညာဒေသဘုရားဖူး ပိုမိုရရှိစေရေးအတွက် မြန်မာနိုင်ငံအလယ်ပိုင်းရှိ ဟိုတယ်များနှင့် ထပ်မံချိတ်ဆက်လိုက်ပြီဖြစ်ကြောင်း သိရသည်။

Jovago အနေဖြင့် ပြီးခဲ့သည့်လအတွင်းက မြန်မာနိုင်ငံအလယ်ပိုင်းရှိ ဟိုတယ်ပေါင်း ၃၀ ကျော်နှင့် ထပ်မံချိတ်ဆက်ခဲ့ပြီး အဆိုပါ ဟိုတယ် ၃၀ ခန့်တွင် အခန်းခအနည်းဆုံး သုံးထောင်ကျပ်မှ အမြင့်ဆုံး ငါးသိန်းကျော်ထိရှိသည့် နှုန်းထားများ ပါဝင်ပါသည်။

"မကွေးဟာ မြန်မာနိုင်ငံရဲ့ အလယ်ပိုင်းဒေသတစ်ခုဖြစ်သလို ဗုဒ္ဓဘာသာထွန်းကားတဲ့ ဒေသဖြစ်တဲ့အတွက် မြန်မာနိုင်ငံသား အများစုအနေနဲ့ ဘုရားဖူးခရီးတွေ သွားလေ့ရှိတဲ့ ဒေသတစ်ခုဖြစ်ပါတယ်။ အဲဒီဒေသတွေမှာဆိုရင် မြန်မာ့ရိုးရာယဉ်ကျေးမှုတွေ၊ ချစ်စရာကောင်းတဲ့ ဓလေ့တွေကိုလည်း တွေ့နိုင်ပါတယ်။ ဒါ့အပြင် မကွေးကနေ ပခုက္ကူ၊ ပုဂံ၊ ပုပ္ပါးတွေဘက်ကို သွားမယ်ဆိုရင်လည်း နာရီပိုင်းအတွင်းမှာသာ ရောက်နိုင်တဲ့အတွက် ခရီးသွားတွေ သဘောကျတဲ့ ဒေသတွေဖြစ်ပါတယ်။ Jovago အနေနဲ့ ဒီဒေသတွေမှာရှိတဲ့ ဟိုတယ်တွေနဲ့ ချိတ်ဆက်လိုက်တာဟာ ခရီးသွားတွေအတွက် အဆင်ပြေချောမွေ့တဲ့ ခရီးစဉ်တွေစီစဉ်ရာမှာ အထောက်အပံ့ဖြစ်စေမယ်လို့ မျှော်လင့်ပါတယ်" ဟု Jovago မှ Business Development Manager ဖြစ်သူ Mr. Matthieu Bauduin ကဆိုပါသည်။ Jovago အနေဖြင့် လက်ရှိတွင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများဖြစ်သည့် မကွေးနှင့် မန္တလေးတိုင်းဒေသတို့တွင် ဟိုတယ်ပေါင်း ၂၀၀ ကျော်နှင့် ချိတ်ဆက်ထားပြီးဖြစ်ကြောင်း သိရသည်။

**ရဲလင်းလင်းသန်း**



> “ဖေ့ဘုတ်မှာကောင်းကျိုးက မီဒီယာတစ်ခုလိုပဲ အသုံးပြုရတာတွင်ကျယ်တယ်။ ဆိုးကျိုးက ကိုယ့် information အမှန်ပေးရင်အရမ်း အန္တရာယ်ကြီးတယ်။ မြန်မာပြည်မှာတော့မပြောတတ်ဘူး ...”

## တစ်ခေတ်တစ်ခါက နာမည်ကြီးအဆိုတော်

# မအေးချမ်းမေနှင့် တွေ့ဆုံခြင်း

**မေး** **ပြည်တွင်းကိုပြန်လာပြီး ဂီတပွဲလေးလုပ်မယ့် အစီအစဉ်နဲ့ ပွဲလုပ်ဖြစ်တဲ့အကြောင်းလေးကို တစ်ချက်လောက် ပြောပြပေးပါဦး။**

**ဖြေ** လာမယ့် ၂၀၁၆ နိုဝင်ဘာ ၁၉ ရက်နေ့ပြည်သူ့ရင်ပြင်မှာ ညနေ ၇ နာရီကစပြီးကျင်းပမှာဖြစ်ပါတယ်။ အခုလောလောဆယ်တော့ လက်မှတ်ကို ကြိုတင်လက်မှတ်အနေနဲ့ပဲ လက်ခံထားသေးပါတယ်၊ လက်မှတ်မှာလို့ရတဲ့နေရာကတော့ MMTix ကနေပါ၊ လက်မှတ်တန်ဖိုးက ကျပ် ၈သောင်း၊ ၅သောင်း၊ ၃သောင်း၊ ၂သောင်း၊ ၁ သောင်းစသဖြင့် သတ်မှတ်ထားပါတယ်၊ အကုန်လုံးကို ခုံနဲ့ပဲသတ်မှတ်ထားတာပါ။ သူတို့ ဖုန်းနံပါတ်ဖြစ်တဲ့ ၀၉၄၅၁၁၁၀၇၈၉၊ ၀၉၉၆၅၁၁၀၇၈၉ နဲ့ ၀၉၇၈၂၀၉၇၄၃၆ တို့ကိုဆက်သွယ်ပြီးမှာယူနိုင်ပါတယ်။ အသေးစိတ်အစီအစဉ်ကိုတော့ အနားနီးလာရင် သေချာထပ်ပြီးကြေညာပေးသွားဖို့ရှိပါတယ်။

**မေး** **ဒီတစ်ကိုယ်တော်ပွဲနေ့မှာ ကိုစည်သူလွင်အပြင် တစ်ခြားအဆိုတော်တွေရော ပါဖို့ရှိပါသေးလား။**

**ဖြေ** ရှိပါတယ်။ သေချာတော့ ကွန်ဖန်းမဖြစ်သေးလို့ မပြောသေးတာပါ။ လက်ရှိတော့ ကိုစည်သူလွင်အပြင် တခြားအဆိုတော်သုံးယောက်လို့ အကြမ်းဖျင်း သတ်မှတ်ထားပါတယ်။

**မေး** **အခုခေတ်လို ဆိုရှယ်မီဒီယာ အသုံးပြုမှုတိုးတက်လာတဲ့အချိန်မှာ အနုပညာနဲ့ ဆိုရှယ်မီဒီယာချိတ်ဆက်မှုက ဘယ်အတိုင်းအတာလောက်ထိ အရေးပါတယ်လို့ မြင်မိပါသလဲရှင့်။**

**ဖြေ** ဖေ့ဘုတ်ကိုသုံးရင် ကိုယ့်ကိုနှစ်သက်တဲ့ Fan တွေနဲ့ ချိတ်ဆက်လို့ အဆင်ပြေတယ်လေ။ ဖေ့ဘုတ်မှာ ပရိတ်သတ်ကိုအချိန်ပေးတာ ကိုယ်လည်းပျော်တယ်သူတို့ ကွန်မန့်တွေဖတ်ပီးကြည်နူးတယ်။ Fan တွေရဲ့အားပေးမှုကလည်း အားတက်စေတဲ့အချက်ပါပဲ။

**မေး** **Facebook ရဲ့အကျိုးသက်ရောက်မှုက ကောင်းကျိုးနဲ့ဆိုးကျိုး ဘယ်ဟာပိုများပါသလဲ။**

**ဖြေ** ဖေ့ဘုတ်မှာကောင်းကျိုးက မီဒီယာတစ်ခုလိုပဲအသုံးပြုရတာ တွင်ကျယ်တယ်။ ဆိုးကျိုးကကိုယ့် information အမှန်ပေးရင်အရမ်း အန္တရာယ်ကြီးတယ်။ မြန်မာပြည်မှာတော့မပြောတတ်ဘူး။ နိုင်ငံခြားမှာဆိုရင်တော့ ကလေးသူခိုးစတဲ့ဒုစရိုက်အမျိုးစုံက Facebook ကနေအခြေခံတာတွေရှိနေတယ်။ လက်ရှိပြည်တွင်းမှာ ကြည့်ရသလောက်ကလည်း Facebook ကို အရှက်ခွဲဖို့သုံးတာမျိုးလေးတွေတွေ့နေရတယ်။ Facebook ကနေလုပ်လိုက်တာတစ်ခုက ပိုပြီးပျံ့နှံ့လွယ်သလိုလည်း ဖြစ်နေတယ်လေ။ ဆိုရှယ်မီဒီယာမှာလည်း အဆိုးနဲ့အကောင်းကခွန်တွဲနေတာဆိုတော့ ကိုယ်ကဉာဏ်နဲ့ယှဉ်ပြီး အသုံးပြုတာအကောင်းဆုံးပေါ့။ ဖြစ်နိုင်ရင်တော့ Facebook မှာ ကိုယ်နဲ့ပတ်သက်တဲ့အကြောင်း အပြည့်အစုံပေးတာမျိုး ရှောင်သင့်တယ်လို့ ထင်ပါတယ်။

**မေး** **Facebook က Fan တွေအပေါ်ရော ဘယ်လိုမြင်မိပါသလဲ။ သူတို့ရဲ့အားပေးမှုကိုရော ဘယ်လောက်အထိ မျှော်လင့်ထားလဲရှင့်။**

**ဖြေ** အမှန်တိုင်းပြောရရင်ကျွန်မသိပါတယ်။ Facebook Fan တွေတိုင်းကပွဲလာကြည့်ဖို့မသေချာပါဘူးလေ။ သူတို့တွေက နိုင်ငံအသီးသီးမှာ ရောက်နေကြတာလည်းပါတယ်။ Fan တွေကို ဘယ်လိုပဲဖြစ်ဖြစ် အေးချမ်းမေရဲ့ပရိတ်သတ်ဆိုတာနဲ့တင်ပဲ သူတို့ကိုဦးစားပေးပါတယ်။ ကိုယ့်မေတ္တာစေတနာအကျိုးကို ဘုရားကတန်ပြန်ပေးလာမယ်လို့ ထင်ပါတယ်။ တစ်ခါတလေ ကိုယ်လုပ်မယ့်အကြောင်းအရာတွေမှာ သူတို့ရဲ့အားပေးစကားက အားတက်သွားတာတော့အမှန်ပါပဲ။

**မေး** **ကိုယ့်ကို မနှစ်သက်တဲ့ပုံစံမျိုး ရေးလာပြောလာတဲ့သူကို ဘယ်လိုတုံ့ပြန်လေ့ရှိပါသလဲ။**

**ဖြေ** ကိုယ့်ကိုမနှစ်သက်တဲ့အရေးအသားကတော့ရှိမှာပဲလေ။ ဒါပေမယ့် အရမ်းရိုင်းလာရင်တော့ ဘလော့လုပ်လိုက်တာမျိုး ရှိပါတယ်။

**မေး** **ပရဟိတတွေဘာတွေ လုပ်ဖူးတာမျိုး ရှိပါသလား။**

**ဖြေ** ပရဟိတကိုတော့ တကူးတကလုပ်ခဲ့တာမျိုးမရှိခဲ့ပါဘူး။ ဒါပေမယ့် နိုဝင်ဘာမှာတော့ မွေးနေ့အမှတ်တရအလှူပွဲတစ်ခုတော့ပရိသတ်နဲ့အတူ လုပ်သွားဖို့စိတ်ကူးထားပါတယ်။

**မေး** **အစ်မရဲ့ Life style နဲ့အချစ်ရေးပိုင်းဆိုင်ရာကိုရော ခံယူထားတဲ့ အချက်လေးပြောပြပါဦး။**

**ဖြေ** အစ်မက အချစ်ဆိုတာထက် သစ္စာကိုပိုတန်ဖိုးထားပါတယ်၊ နိုင်ငံခြားသားကိုယူမိတော့ သူ့ဓလေ့စရိုက်ကို သည်းခံရတာရှိသလို ကိုယ်ကလိုက်ပြီး လိုက်လျောညီထွေဖြစ်အောင် ကော်ပီလုပ်ရတာလည်းရှိတယ်။ အိမ်ထောင်တစ်ခုက ပြုတာလွယ်သလို ပြိုပျက်ဖို့လည်း အရမ်းလွယ်ပါတယ်။ ဒီအိမ်ထောင်တစ်ခုကို တည်မြဲအောင်လုပ်ဖို့ကသာ ခဲယဉ်းတာပါ။ ဒါကြောင့်မို့ အိမ်ထောင်တစ်ခုရယ်လို့ တည်ထောင်မိပြီးနောက်မှာ အတတ်နိုင်ဆုံးအိမ်ထောင်ပြိုပျက်သူ မဖြစ်အောင်၊ အိမ်ထောင်တည်မြဲအောင်အမြဲကိုယ့်ကိုယ်ကိုယ်ဆုံးမပါတယ်။

**မေး** **လက်ရှိ မအေးချမ်းမေရဲ့မိသားစုကိုလည်း မိတ်ဆက်ပေးပါဦး။**

**ဖြေ** လက်ရှိမှာခင်ပွန်းသည်နဲ့သမီးရှိပါတယ်၊ ဘ၀တစ်ခုကို အပူကင်းစွာဖြတ်သန်းနေတယ်လို့လည်း ပြောလို့ရပါတယ်။ လူဆိုရင်တော့ အကုန်လုံးပြည့်စုံတယ်လို့တော့ ပြောလို့မရပေမယ့် အတတ်နိုင်ဆုံး မိခင်ကောင်း၊ ဇနီးကောင်းဖြစ်အောင်နေထိုင်နေပါတယ်။

**မေး** **အစ်မနိုင်ငံခြားမှာ ရှိနေတုန်းကားအက်စီးဒင့်ဖြစ်လို့ ဆုံးသွားပြီဆိုတဲ့သတင်း ပြည်တွင်းမီဒီယာတချို့မှာ ပါလာသလို၊ ပြည်ပ Website တချို့မှာလည်း ပုံတွေဘာတွေ တက်လာသေးတော့ အဲဒီအကြောင်းနဲ့ပတ်သက်ပြီးတော့ ရှင်းပြပေးပါဦး။**

**ဖြေ** အဲဒီတုန်းက ဟုတ်တယ်။ ကားအက်ဆီးဒင့်က အမေရိကားမှာ ဖြစ်တယ်လို့ပြောကြတယ်။ တကယ်တမ်းကျွန်မတောင်မသိပါဘူး။ အဆိုတော် လေးလေးဝါးက ငိုပြီးဖုံးဆက်ပြောပြမှသိရတာ။ ဘာလို့အဲဒီသတင်းထွင်လဲဆိုတာအခုထိမသိရဘူး။ ဟာသလို့ပဲခံယူလိုက်တယ်။ အဲဒီသတင်းမှာတုန်းက ယောက်ျားက မသေမချင်းကားနဲ့ တိုက်သတ်

ဂုလင်းလင်းသန်း တွေ့ဆုံမေးမြန်းသည်

တယ်ဆိုလားပဲ။ အေးချမ်းမေသေချာတယ်တဲ့ဆိုပြီး သတင်းထွက်တယ်။ ရင်ခွဲရုံမှာတွေ့သူက မှဲ့ကိုမြင်လို့ သေချာသွားတာဆိုပဲ။ အခု အဲဒီမှဲ့က ကြီးလာတာ ဆရာဝန်က ကင်ဆာဖြစ်တတ်တယ်ဆိုလို့ ခွဲပြီးဖျက်လိုက်ပြီ။

**မေး** **ဖေ့ဘုတ်အသုံးပြုတာနဲ့ပတ်သက်ပြီး security ပိုင်းတွေဘာတွေ လေ့လာတာမျိုး ရှိပါသေးလား။**

**ဖြေ** ဖေ့ဘုတ်နဲ့ပတ်သက်ပြီး ရိုးရိုးလေးပဲသုံးတယ်။ ကာကွယ်မှုတွေတော့မလုပ်ထားဘူး။ တစ်ခုပဲ privacy ကိုတော့အလေးထားသုံးတယ်။ ကျွန်မကကိုယ်ကသာဆန္ဒရှိရင်ကိုယ့်အကြောင်း ဘယ်သူမှမမေးလဲ ပြောချင်ပြောလိုက်ပေမယ့် မဖြေချင်ရင် ဘယ်လိုမေးမေး မဖြေဘူး။ အရူးတစ်မျိုးဆိုပါတော့ကွယ်။ ဒါပေမယ့် တခြားသူရဲ့ privacy ကိုတော့ တန်ဖိုးထားပေးပါတယ်။

**မေး** **မအေးချမ်းမေရဲ့ဖေ့ဘုတ်ကို လူပိုသိလာစေတာက ဘယ်အချက်တွေပါလဲ။**

**ဖြေ** ဖေ့ဘုတ်မှာက တစ်ကိုယ်တော်ဖျော်ဖြေပွဲလုပ်မယ်ဆိုတာကနေ လူပိုသိလာတယ် ထင်တာပါပဲ။ အသေချာတော့ သတိမထားမိလိုက်ပါဘူး။

**မေး** **ဖေ့ဘုတ်အသုံးပြုရတဲ့အပေါ် ဘယ်လိုယူဆမိတယ်၊ ဘယ်လိုဟာက အနှောင့်အယှက်ဖြစ်စေတယ်ဆိုတာကိုလည်း ပြောပြပေးပါဦး။**

**ဖြေ** နောက်ဆုံးအနေနဲ့ပြောရရင် ဖေ့ဘုတ်ဆိုတဲ့ ဆိုရှယ်မီဒီယာအကျိုးဆက်က ကိုယ်ဘယ်လိုသုံးလဲဆိုတာနဲ့ပဲ ဆိုင်မယ်ထင်ပါတယ်။ တချို့က အရှက်ခွဲဖို့ခံစားချက်ရင်ဖွင့်ရာနေရာလို သုံးနေတာတွေလည်း တွေ့တယ် ကျွန်မကတော့ ပရိတ်သတ်တွေကို အကျိုးရှိစေမယ့် စကားပွဲတွက် အသိပေးကြေညာတာမျိုး၊ သီချင်း၊ ကဗျာတင်ပေးတာမျိုးလောက်ပဲ လုပ်ဖြစ်တယ်။ တချို့အတွေးအခေါ်ယူဆချက်လေးတွေက ပရိတ်သတ်ဆီက ပြန်သင်ယူရတာတွေလည်း ရှိတယ်ရှင့်။ ကျွန်မအတွက် ဖေ့ဘုတ်က ပရိတ်သတ်နဲ့ရင်းနှီးမှုပိုဖြစ်စေလို့ အသုံးပြုရတာကို နှစ်သက်ပါတယ်။ ဆိုးကျိုးကတော့ ရိုင်းတဲ့သူတွေရဲ့ကွန်မန့်လေးတွေက စိတ်ညစ်စေတာမို့ ဘလော့မိတာလောက်ပါပဲ။

**မေး** **တခြားဖြည့်စွက်ပြောချင်တာရှိရင် ပြောပေးပါဦး။**

**ဖြေ** ညီမလေးတို့ဂျာနယ်လည်း ဒီထက်ပိုပြီးအစစအရာရာအောင်မြင်ပါစေ၊ လူသားတိုင်းကို အကျိုးပြုစေတဲ့ဂျာနယ်တစ်ခုဖြစ်ပါစေလို့ ဆန္ဒပြုရင်း ... အားလုံးရဲ့အေးချမ်းမေပါ လို့ပြောချင်ပါတယ်။

**အခုလိုဖြေကြားပေးတာကျေးဇူးတင်ပါတယ်။**

# Mobile Guide

Vol 3. Issue 70
14 September 2016

Information Technology & Lifestyle Journal






Hero 2 4G

ဖုန်းအားခံချက် 9 Plus

သာမန်အသုံးပြုလျှင် ၂ ရက်

ဘက်ထရီ 4000 mAh
လက်ဗွေစနစ်
သတ္တုကိုယ်ထည်






www. kenbomobile. com

www.facebook.com/kenbosmartphone.myanmar

After-Sale Service Hotline: 09963536555 09963502666


KENBO
SMARTPHONE
Hero 2 4G
ဖုန်းအားခံချက် 9 Plus
သာမန်အသုံးပြုလျှင် ၂ ရက်
Polymer နည်းပညာကိုအသုံးပြုပေးထားပြီး 4000mAh အထိဖုန်းအားသိုလှောင်နိုင်စွမ်းရှိခြင်းကြောင့် သာမန်အသုံးပြုလျှင် အားမသွင်းဘဲ ၂ ရက်အထိအသုံးပြုနိုင်
KENBO
Pokémon MASTERS ARENA
Quad Core 1.3GHz CPU/ RAM 2GB + ROM 16GB တို့ကိုလိုက်လျောညီထွေစွာ ပေါင်းစပ်ဖန်တီးပေးထားသည့် အတွက် ဖုန်း၏ Performance ကိုပိုမိုကောင်းမွန်စေပြီး ဖုန်းအသုံးပြုတဲ့အခါ သွက်လက်မြန်ဆန်သော ထိတွေ့မှုများကိုခံစားရရှိစေနိုင်။
4000mAh
၂ရက်ဖုန်းအားခံ
Fingerprint နည်းပညာကိုအသုံးပြုပေးထားပြီး ဖုန်း Screen နှင့် Application များကို လက်ဗွေစနစ်ဖြင့် Lockချသိမ်းဆည်းထားနိုင်သောကြောင့် Password (or) Pattern lock များထက်ပိုမိုလုံခြုံစိတ်ချမှုရှိ။
KENBO ON WECHAT
www. kenbomobile. com
www.facebook.com/kenbosmartphone.myanmar
After-Sale Service Hotline: 09963536555 09963502666


KENBO
SMARTPHONE
4000mAh
၂ရက်ဖုန်းအားခံ
Hero 2
4G
ဖုန်းအားခံချက် 9 Plus
သာမန်အသုံးပြုလျှင် ၂ ရက်
4000mAh
လက်ဗွေစနစ်
သတ္တုကိုယ်ထည်
www. kenbomobile. com
www.facebook.com/kenbosmartphone.myanmar
After-Sale Service Hotline: 09963536555 09963502666
KENBO ON WECHAT